

# လောကငြိမ်းချမ်းရေး နှင့် လောကုတ္တရာငြိမ်းချမ်းရေး

ဦးအောင်ခင်(ဓမ္မာစရိယ)



ဦးအောင်ခင်(ဓမ္မာစရိယ)

မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)

# လောကငြိမ်းချမ်းရေး
# နှင့်
# လောကုတ္တရာငြိမ်းချမ်းရေး

ဦးအောင်ခင်(ဓမ္မာစရိယ)
မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်<br>(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ) |
| မျက်နှာဖုံးဒီဇိုင်း | - | ဝေးကူး |
| ကွန်ပျူတာစာစီ | - | အယ်လုံး ကွန်ပျူတာ |
| ထုတ်ဝေသူ | - | ဦးမြင့်ကြိုင်<br>ရွှေယောမြေစာပေ (၀၁၆၃၉) |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - | ဦးအောင်မြတ်ကျော်<br>Apex ပုံနှိပ်တိုက်၊<br>၂၇၁၊ လမ်း ၄၀၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | - | နောင်အင်းလေး စာပေ<br>ဖုန်း- ၀၉ ၂၅၀၁၅၁၄၆၇ |
| အုပ်ရေ | - | ၆၀၀ |
| တန်ဖိုး | - | ဓမ္မဒါန |

ဦးအောင်ခင် - မဟာစရိယ

လောကငြိမ်းချမ်းရေးနှင့် လောကုတ္တရာငြိမ်းချမ်းရေး/

ဦးအောင်ခင် - မဟာစရိယ

- ရန်ကုန်၊ ရွှေယောမြေစာစဉ်၊ ပထမအကြိမ်၊ ၂၀၁၈။

၁၅၅ စာ၊ ၂၁ × ၁၃.၅ စင်တီ။

(၁) လောကငြိမ်းချမ်းရေးနှင့် လောကုတ္တရာငြိမ်းချမ်းရေး

# လောကငြိမ်းချမ်းရေး
# နှင့်
# လောကုတ္တရာငြိမ်းချမ်းရေး

တိုင်းပြည်ငြိမ်းချမ်းမှ တရားအားထုတ်နိုင်မည်။

- ♦ အိုမင်းသောအခါ
- ♦ အနာရောဂါဖိစီးလာသောအခါ
- ♦ တောပုန်းများပြတ်ပြ ထကြွသောင်းကျန်းသောအခါ
- ♦ အစာရေစာ ငတ်မွတ်ခေါင်းပါးသောအခါ
- ♦ သံဃာသင်းကွဲသောအခါ

အံ့ ပဥ္စက

မငြိမ်းချမ်းလျှင် တရားအားမထုတ်နိုင်တော့။

ဦးအောင်ခင်(မဟာစရိယ)
မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)

၁၃၇၈-ခု၊ တပို့တွဲလ။ ၂၀၁၇ ခု၊ ဖေဖော်ဝါရီလ။

ဘုရားရှင် ကရုဏာရှေ့ထားလျက် ဟောကြားတော်မူသော ပိဋကတ်သုံးပုံ ပါဠိတော်ဓမ္မတို့မှာ-

အရဟတ္တေနဒေသနာယ ကူဋံ ဂဏှိ။

ဟူသော ဓမ္မပဒ အဋ္ဌကထာ မိန့်ဆိုချက်အညီ

ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿန၊ အနုပါဒိသေသနိဗ္ဗာန်မျက်မှောက် ပြုရေးကိုသာ ရည်ရွယ်ချက်ထားရင်းရှိသည်ကား မှန်၏။

ပိဋကတ်တော်မြန်မာပြန်

## နိဒါန်း

လယ်တီဦးနန္ဒိယ ၏ ဝိပဿနာဒီပနီ - ၁၁၉

## ဝိပဿနာကို အချိန်မရွေးအားထုတ်နိုင်ခြင်း

ထိုစကားသည် မှန်၏။ ဝိပဿနာတရားကို အားထုတ်ရသော အမှုသည် ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့နှင့် ပင်ပန်းကြီးစွာ အားထုတ်ရသော အမှုအမျိုးမျိုး မဟုတ်၊ ကိုယ့်သန္တာန် သူတစ်ပါးသန္တာန်၌ ဖြစ်ပျက်၍နေသော နာမ် ရုပ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာကို ထင်မြင်အောင်ရှုကြည့်ရသော ဉာဏ်၊ ဝီရိယတို့ အလုပ်ဖြစ်ပေသတည်း။ ထို့ကြောင့် သွားရင်း၊ လာရင်း၊ စားရင်း၊ သောက်ရင်းနှင့်ပင် ဖြစ်နိုင်လေ၏။

အမှုသွားကို နားမလည်ခဲ့လျှင် ဝိပဿနာအားထုတ်သော အမှုကို ငါတို့နှင့် မထိုက်တန်၊ အကြီးအကျယ် အခမ်းအနားကြီးဟု မှတ်ထင်၍ နေတတ်သည်။

# မာတိကာ


၁။ ဇမ္ဗူဒိပ်ကျွန်းကြီးနှင့် လောကသုံးပါးအကြောင်း ၈

၂။ ဇမ္ဗူဒိပ်ကျွန်းကြီးနှင့် ခေတ်ပြိုင် ၂ ခေတ် ၃၀

၃။ စာသင်ပဇာကျင့်ထုံးခေါ်
ဆယ်စောင်တွဲကျမ်း၏ ဂုဏ်ကျေးဇူး ၅၆

၄။ မရဏာနုဿတိရှုဆင်ခြင်ပွားများခြင်း ၆၈

၅။ ဗလဝါမုခ ဝဲဩဃကြီး ၇၆

၆။ သံသရာရဲ့ထွက်ပေါက် နိဗ္ဗာန်သို့ ၇၉

၇။ ထွက်သက်ဝင်သက် အကျင့်မှန်ဝိပဿနာ ၁၀၀

၈။ ဒါနပြုမှု ပရဟိတ ၁၁၀

၉။ ဝိပဿနာကထာ ၁၁၉

၁၀။ ဩကာသရှင်းတမ်းနှင့် ဂုဏ်တော်ကမ္မဋ္ဌာန်း ၁၃၀

၁၁။ မဇ္ဈိမပဋိပဒါသပါဠိတော်- သန္တကသုတ်အကျဉ်း ၁၄၂

၁၂။ ပိဋကတ် ၃ ပုံ၊ နိကာယ် ၅ ရပ် ဆရာဘုရားအဖြစ်မှတ်ယူရန် ၁၅၂

၁၃။ တရားမှတ်စုပဒေသာ ၁၅၅

၁၄။ ပန်ကြားလွှာ ၁၅၇

# မြတ်စွာဘုရား၏
# ငြိမ်းအေးချမ်းသာ ဥဒါန်းကျူးရင့်မြွက်ကြားပုံ

မာဂဏ္ဍိယ ခပ်သိမ်းကုန်သော ရဟန်းတို့သည်၎င်း၊ ပုထုဇဉ်အများတို့သည်၎င်း၊ အတွင်း အဇ္ဈတ္တသန္တာန်၌ ငြိမ်းအေးသောစိတ်ရှိကုန်သည် ဖြစ်၍-

နေလည်း နေခဲ့ကြကုန်ပြီ၊
နေလည်း နေကြကုန်ဆဲ၊
နေလည်း နေကြကုန်လတ္တံ့ဟု မိန့်တော်မူ၏။

- လာဘ်ဟူသမျှတို့တွင် အနာကင်းခြင်းသည် အသာဆုံးဖြစ်၏။
- ချမ်းသာဟူသမျှတို့တွင် နိဗ္ဗာန်သည် အသာဆုံးဖြစ်၏။
- အမြိုက်နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လမ်းခရီးတို့တွင် အင်္ဂါရှစ်ပါးရှိသော လမ်းခရီးသည် ဘေးကင်း၍ အမြတ်ဆုံး ဖြစ်ပေ၏ ဟု (ကျူးရင့်မြွက်ကြားတော်မူ၏)။

မဇ္ဈိမပဏ္ဏာသ ပါဠိတော် မြန်မာပြန်-၁၈၇
ပရိဗ္ဗာဇကဝဂ်၊ မာဂဏ္ဍိယသုတ်။

## ဗုဒ္ဓံ – ဓမ္မံ – သံဃံ – ပူဇေမိ။

**ဗုဒ္ဓံ-** ◆ ဝီတရာဂ၊ ဝီတဒေါသ၊ ဝီတမောဟ ဖြစ်တော်မူသော မြတ်စွာဘုရားကို၊ **ပူဇေမိ** ပူဇော်ပါ၏။

◆ ဗုဒ္ဓေါ ဗောဓေယျ၊ မုတ္တောမောစေယျ၊ တိဏ္ဏောတာရေယျ ဖြစ်တော်မူသော မြတ်စွာဘုရားကို၊ **ပူဇေမိ-** ပူဇော်ပါ၏။

◆ သင်္ခါရတရားတို့၏ ပျက်ခြင်းသဘောကို သိမြင်ပြီး မမေ့မလျော့သော သတိနှင့် ပြည့်စုံရစ်ကြကုန်လော့ဟု မှာကြားတော်မူခဲ့သော မြတ်စွာဘုရားကို၊ **ပူဇေမိ-** ပူဇော်ပါ၏။

**ဓမ္မံ-** ◆ သံသရာမှ လွတ်မြောက်ဖို့ ကောင်းစွာဟောကြားထားတော်မူသော မဂ္ဂင်ရှစ်ပါး တရားတော်မြတ်ကို၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို၊ **ပူဇေမိ-** ပူဇော်ပါ၏။

**သံဃံ-** ◆ မိမိတို့၏ သန္တာန်၌ ပူပန်ခပ်သိမ်း မငြိမ်းငြိမ်းအောင် တစ်စ တစ်စ ကျင့်သုံးအားထုတ်တော်မူကြကုန်သော သမုတိထေရ်ရှင် သံဃာတော် အပေါင်းကို၊ ပူပန်ခပ်သိမ်း ငြိမ်းအေးတော်မူ ကြကုန်ပြီးသော အရိယာ သံဃာတော်မြတ်အပေါင်းကို၊ **ပူဇေမိ-** ပူဇော်ပါ၏။

**ကန်တော့ရသည့် အကျိုးကား-**

အပါယ်သို့ မကျရောက်တော့ဘဲ သံသရာမှာ ကျင်လည်နေရသမျှ ကာလပတ်လုံး ကလျာဏပုထုဇဉ်ဘဝနှင့် လူ့ပြည်၊ နတ်ပြည် စုံချည် ဆန်ချည် ဖြစ်ခွင့်ရပေ၏။

သမထ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်နေသောကြောင့် အလှူကြီး အတန်းကြီးပေးရသည်ထက် မြတ်သောအကျိုးကို ရရှိပါပေ၏။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အစိုးရသော စကြာမင်းဖြစ်ရသည်ထက် မြတ်သေး၏။

# ဇမ္ဗူဒိပ်ကျွန်းကြီးနှင့် လောကသုံးပါး

ဆောင်းပါးခေါင်းစဉ်အတိုင်း ဇမ္ဗူဒိပ်ကျွန်းကြီးအကြောင်း ရှေးဦးပထမ တင်ပြပြီး ဇမ္ဗူဒိပ်ကျွန်းကြီးနှင့် လောကသုံးပါး မည်သို့မည်ပုံ ပစ္စယသတ္တိဖြင့် ဆက်စပ်အကျိုးပြုနေပုံများကို တင်ပြမှာဖြစ်သည်။

ဇမ္ဗူဒိပ်ကျွန်းကြီးဟူသည် ကျွန်ုပ်တို့နေထိုင်ရာ ဤကမ္ဘာကြီးပင်။ ကမ္ဘာကြီးတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်၊ သမုဒ္ဒရာ၊ ရေ၊ မြေ၊ တော၊ တောင်၊ မြေတွင်း မြေပေါ် သယံဇာတ ကုံလုံကြွယ်ဝလျက်ရှိသည်။ မိုတင်းနေထိုင်ရာ သက်ရှိသတ္တဝါတို့အတွက် အစာ အာဟာရဖြစ်စေသည့် ဆန်စပါး၊ ဂျုံ၊ ပဲ၊ မုယော၊ ပြောင်းစသည့် စားရေရာမျိုးစုံရှိသည်။ ဇမ္ဗူဒိပ်ကျွန်းခေါ် ဤကမ္ဘာမြေပေါ်နေ လူသားများ၏ ကြိုးစားမှုစွမ်းအား၊ တီထွင်မှုဉာဏ်အားတို့ကြောင့် အချိန်တိုအတွင်း ကမ္ဘာ့တစ်နံတစ်လျားလူများ သွားနိုင်ရုံမက နောက်ဆုံးပေါ် ရုပ်ဝတ္ထုပစ္စည်းများပါ ရောက်လာ၊ ရလာနိုင်လျက်ရှိသည်။ သို့ဖြစ်၍ ကမ္ဘာကြီးကို ရွာကြီးတစ်ရွာဟုပင် ခေါ် လာကြသည်။

နေမိယဇာတ်တော်ကြီးတွင် အခြားကျမ်းများအရ ဤကမ္ဘာကြီးကို ဇမ္ဗူဒိပ်ကျွန်းဟု အမည်နာမပညတ်ခေါ် ရခြင်း၏ အကြောင်း ခိုင်လုံစွာရှိသည်။ ကမ္ဘာကြီးတစ်ခု၌ ကမ္ဘာ့ပေါင်းကြီးဆိုပါစို့၊ မီးဟုန်းဟုန်းလောင်သောကြောင့် အလုံးစုံ

ပျက်သုဉ်းပြီးနောက် ကျွန်ုပ်တို့ နေထိုင်ရာ ဤကမ္ဘာသစ်ကြီး မည်သို့ ပေါ်ထွန်းလာပုံကား ဤသို့။

## ကမ္ဘာသစ်ကြီး ဖြစ်ပေါ်လာပုံ [၁]

ကမ္ဘာဟောင်းကြီး မီးလောင်ပျက်စီးပြီးနောက် ရှည်လျားလှစွာသော ကာလကို လွန်ခဲ့သည်။ ထိုနောက် အထက်ပိုင်းမှောင်ရိုပ် မီးကလာပ်တို့က သီတလွန်ကဲသည်။ အောက်ပိုင်းမှောင်ရိုပ်မီးကလာပ်တို့က ဥဏှလွန်ကဲပြီး အထက်သို့တက်၍ သီတလွန်ကဲသောမီးနှင့် အထိတွင် ချွေးပြန်လျက် အရည်ဖြစ်ပြီး ကမ္ဘာပြုမိုးကြီးရွာသည်။

ထိုအခါ အောက်ကို ယူဇနာ (၉၆၀၀၀၀) အထုရှိ လေပြင်ကြီး အထိ၊ အထက်ကိုလည်း ပဌမဈာန် ဗြဟ္မာဘုံ သုံးဘုံအထိ၊ နံဘေး ပတ်ဝန်းကျင်ကိုလည်း စကြဝဠာ ကုဋေတစ်သိန်း နေရာတိုင်တိုင် မီးလောင်ရာဌာန အကုန်လုံး ရေတွေပြည့်လေသည်။

ထိုရေတွေသည် လှိုင်းထရာက အနယ်ကျလာသည်။ ဖြစ်လာသည်။ တဖြည်းဖြည်း ခန်း၍ခန်း၍ လျော့ကျလာသည်။ အလွန်ရှည်လျားသောကာလ ကုန်ခဲ့ရာ ဗြဟ္မာ့ဘုံဗိမာန်တို့ ဘွားကနဲ ဘွားကနဲ ဖြစ်ပေါ်လာကြသည်။

ထိုရေများသည် တဖြည်းဖြည်း ခန်း၍ခန်း၍ လျော့ကျလာရာ တာဝတိံသာ နတ်ဘုံတည်ရာနေရာ၊ မြင်းမိုရ်တည်ရာ တောင်ထိပ်ဖျား အရပ်သို့ရောက်သည့်အခါ ရေများလွန်စွာပြစ်ချွဲကုန်သည်။ ကာလကြာသော် နွံ့ပြစ်ချွဲကြီး နွံ့လွှာခဲကြီးဖြစ်၍သွားသည်။ မြင်းမိုရ်တောင်ထိပ်မြေအရပ်သည် အားလုံးသော မြေအရပ်တို့ မဖြစ်ပေါ်မီ ရှေးဦးပဌမ ပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် ဤမြေ

---

၁။ ကျိုက်ထိုမြို့ ဓေတဝန်တောင်ဆရာတော် အရှင်တိလောက ပဏ္ဍိတဝေဒနီယဒီပနီကျမ်း စာ- ၁၅၄-၁၆၂။

အရပ်သည် တာဝတိံသာ မည်သည်။ စကြဝဠာတံတိုင်းဖြစ်မည့် နေရာ၌ ရေတို့သည်လည်း ဖြစ်ခဲ့ကုန်သည်။ ကြာလျှင် နွံ့လွှာခဲများ ဖြစ်ပြန်သည်။

ထိုနည်းတူ နွံ့တို့ကား ကျန်ရစ်၍ ရေကြည်ရေကျဲတို့သာ ခန်းလျက် လျော့ကျလာသဖြင့် အစဉ်အတိုင်း ရေပြင်ခြားလျက် (၁) ယုဂန္ဓိုရ်တောင်၊ (၂) ဣသိန္ဓိုရ်တောင်၊ (၃) ကရဝိကတောင်၊ (၄) သုဒဿနတောင်၊ (၅) နေမိန္ဓရတောင်၊ (၆) ဝိနတ္တကတောင်၊ (၇) အဿကဏ်တောင်ဟူ၍ တောင်စဉ်ခုနစ်ထပ် နွံ့လွှာနွံ့ခဲတို့သည် ဖြစ်ပေါ်လာကြကုန်သည်။

ထိုမှနောင်တွင် ဟိမဝန္တာတောင် နွံ့ခဲ၊ ဟိမဝန္တာအောက်ငယ်သော တောင်ကြီးတောင်ငယ် နွံ့ခဲ၊ ကျွန်းမြေလွှာနွံ့ခဲတို့သည် အစဉ်လိုက် ဖြစ်ပေါ်လာကြသည်။

ဟိမဝန္တာနွံ့ခဲအတွင်း၌ အိုင်ကြီး ခုနစ်အိုင် ဖြစ်မည့်နေရာများ၊ သမုဒ္ဒရာဖြစ်မည့်နေရာများ၌ ပကတိရေကြည်ရေကျဲအတိုင်းပင်တည်နေလေသည်။

## လေးကျွန်း တစ်မြင်းမိုရ် ဖြစ်ပေါ်လာပုံ

တောင်စဉ် ခုနစ်ထပ်တွင် အဿကဏ်တောင်ကို အပြင်ဘက်က ပတ်လည်ဝိုင်း၍နေသော သမုဒ္ဒရာနှင့် စကြဝဠာခြေရင်းက သမုဒ္ဒရာသည် မြင်းမိုရ်တောင်မှ ထောင့်လေးထောင့်အရပ်တို့၌ အချင်းချင်း တစ်စပ်တည်း တစ်ဆက်တည်းတည်နေကြသည်။ ဤ သမုဒ္ဒရာ နှစ်ခုနှစ်ခုတို့ကြား မြင်းမိုရ်တောင်၏ လေးပါးသော မျက်နှာတိုင်းတို့၌ ကျွန်းငယ် ၅၀၀ စီ အခြံအရံနှင့်တကွ ကျွန်းကြီး လေးကျွန်းတို့ ဖြစ်ပေါ်ကုန်လေသည်။ အရှေ့ကျွန်း၊ အနောက်ကျွန်းတို့ကား ယူဇနာ ၇၀၀၀ စီ ကျယ်ဝန်းသည်။ မြောက်ကျွန်း ယူဇနာ ၈၀၀၀ ကျယ်သည်။ တောင်ကျွန်း ယူဇနာ ၁၀၀၀၀ ကျယ်သည်။

မြင်းမိုရ် နွံ့ခဲ အစရှိသော နွံ့ခဲတို့သည် အပေါ်ယံမှစ၍ အောက်သို့

ထိုးဆင်း၍ ခဲကာ၊ ထူ၍ထူ၍ သွားသောကြောင့် မဟာပထဝီ ကျွန်းမြေပေါ်မှ အောက်သို့ ၆၅၆ ယူဇနာ(တစ်ဂါဝုတ်)လောက် ထု၍ နက်သောအခါ ကျွန်းမြေနှင့် အဿကဏ်တောင်မြေအခြေချင်း ထိစပ်လျက်၊ တစ်ခုတည်း တစ်လုံးတည်းဖြစ်ပြီး အောက်သို့တိုး၍ ခဲလျက်ထူ၍ထူ၍သွားလေသည်။ ထို့ကြောင့် အဿကဏ် တောင်သည် ရေထဲသို့ ၆၅၆ ယူဇနာ (တစ်ဂါဝုတ်) နစ်သည်။ ရေမှအပေါ်သို့လည်း ထိုမျှလောက် တက်သည်။ တောင်၏ အပြင်ဘက် ခြေရင်း၌ရှိသော ပဟိသမုဒ္ဒရာ သည်လည်း ထိုမျှနက်သည်။ ဝိနတကတောင်သည် အဿကဏ်တောင်ထက် ထမ်းပိုးတိုး၍ ရေထဲ နစ်လေသည်။ မြင်းမိုရ်ခြေရင်းက သမုဒ္ဒရာနှင့် မြင်းမိုရ်တောင် အထိ အခြားသော သမုဒ္ဒရာ၊ အခြားသော တောင်စဉ်တို့သည် အစဉ်အတိုင်း ထမ်းပိုးထမ်းပိုး တိုး၍ တိုး၍ နက်ကြကျယ်ကြကုန်သည်။

ဤသို့ သီတာခုနစ်တန်၊ တောင်စဉ်ခုနစ်ထပ်တို့သည်ကား မြင်းမိုရ်တောင် ကို အစပြု၍ အစဉ်အတိုင်း အထပ်ထပ်ဝိုင်းကာ၊ စွပ်၍ စွပ်၍နေသော ရေကွင်း၊ တောင်ကွင်းကြီးတွေ ဖြစ်သည်။ ကျွန်းမြေမှ အောက်သို့ ယူဇနာ ၈၂၀၀၀ နက် သောအခါ ကျွန်းမြေနှင့် စကြဝဠာတံတိုင်း မြေစပ်လျက် တစ်ခုတည်း တစ်လုံး တည်း ဖြစ်သွားသည်။ ထို့ကြောင့် စကြဝဠာတံတိုင်းသည် ရေထဲသို့ ယူဇနာ ၈၂၀၀၀ နစ်သည်။ ရေမှအပေါ်သို့လည်း ထိုမျှလောက်ပင် တက်၏ဟု ဆိုအပ် သည်။

မြင်းမိုရ်၌ ရှိ ခဲ အစရှိသော ဆိုခဲ့ပြီးအားလုံးသော ရွှံ့ခဲတို့သည် ရှေးရှေး ကမ္ဘာ၌ ဖြစ်ကြပုံနှင့် ထပ်တူဖြစ်သည်။ ရွှေဖြစ်တန်သော နေရာ၌ ရွှေ၊ ငွေ၊ ကျောက်၊ သံ၊ သဲ၊ မြေ၊ တော အစရှိသည်ဖြင့် မြင်းမိုရ်တောင် ထိပ်မှ စလျက် အောက်သို့ အစဉ်အတိုင်း ဖြစ်ကြကုန်သည်။

မြင်းမိုရ်တောင်ကြီး၏ အရှေ့ဘက်အခြမ်း၌ ငွေသားအတိ၊ မြောက်ဘက် အခြမ်း၌ ရွှေသားအတိ၊ အနောက်ဘက် အခြမ်း၌ ဖလ်သားအတိ၊ တောင်ဘက် အခြမ်း၌ ပတ္တမြားညိုအတိပြီးသည်။ ဖုန်မှုန့် မြေ၊ ရွှံ့မြေဟူ၍ မရှိ။ ဤလေးပါးသော ကျောက်မြေတို့ဖြင့်သာ ပြီးသည်။ ဤ ရွှေ၊ ငွေ၊ ဖလ်၊ ပတ္တမြားဟူသော လေးပါး

သော ရတနာကျောက်တို့၏ အရောင်တို့သည် မိမိတို့ ရှေးရှုရာအရပ်၌ ရှိသော သမုဒ္ဒရာတို့ကို မိမိတို့နှင့် အဆင်းအရောင်တူစေလျက်၊ စကြာဝဠာတံတိုင်းသို့ ခိုက် အောင်ပြန့်နှံ့ကြကုန်သည်။

ဆီးနှင်းမြူတိမ် ကင်းစင်သောအခါ ကောင်းကင်၌ ညိုညိုမြင်ရသည်ကား ဤပစ္စတ္တမြားညို မြင်းမိုရ်၏ အရောင်ပင်တည်း။ မြူအခိုးတို့နှင့် ရော၍ မြင်လျှင် ဖြူပြာပြာ နေလေသည်။ ယူဇနာ ၈၄၀၀၀ ကျယ်သော မြင်းမိုရ်တောင်ထိပ်အလယ်၌ သိကြားနတ်တို့နေရာ သုဒဿန မည်သော မြို့ကြီးတည်ရှိသည်။ မြင်းမိုရ်တောင် ထိပ် ဤတာဝတိံသာ အရပ်၌ဖြစ်သော နတ်ဘုံကို တာဝတိံသာနတ်ဘုံဟု ခေါ်သည်။

ယုဂန္ဓိုရ်တောင်ထိပ်အရပ်ကို လောကပါလနတ်မင်းကြီး လေးပါးတို့ စိုးမိုး အုပ်ချုပ်ရာဖြစ်၍ စတုမဟာရာဇ်နတ်ဘုံဟု ခေါ်ဆိုသည်။ ယုဂန္ဓိုလ်တောင်ထိပ် နှင့်အမျှ ကောင်းကင်တပြင်လုံး၌ သတ္တဝါ မရှိသော နေ၊ လ နှင့်တကွ ကြယ် ဗိမာန်တွေသည် ဘွားကနဲ ဘွားကနဲ ဖြစ်ပေါ်လာကြသည်။

## ကမ္ဘာပျက်မှ ပျက်မည့်သစ်ပင်ကြီး ၇ ပင်

ကမ္ဘာဦးတွင် သစ်ပင်ကြီး ၇ ပင် ပေါက်လာသည်။

(၁) မြင်းမိုရ်တောင်ထိပ်၌ ရှေးဦးပထမပေါက်လာသော ပင်လယ်ကသစ်ပင် ကြီး။

(၂) မြင်းမိုရ်တောင်ခြေရင်း (ဒုတိယအထစ်ဟူသော အာလိန်) ဂဠုန် ပြည်၌ ပေါက်သော လက်ပံပင်ကြီး။

(၃) အသုရာပြည်၌ပေါက်သော သခွတ်ပင်ကြီး။

(၄) အရှေ့ကျွန်း ဟိမဝန္တာ မြောက်သမုဒ္ဒရာကမ်းထိပ် ကျွန်းဦး၌ ပေါက်သော ကုက္ကိုပင်ကြီး။

(၅) မြောက်ကျွန်း ဟိမဝန္တာမြောက်သမုဒ္ဒရာကမ်းထိပ် ကျွန်းဦး၌ ပေါက်သော ပဒေသာပင်ကြီး။

(၆) အနောက်ကျွန်း ဟိမဝန္တာမြောက်သမုဒ္ဒရာကမ်းထိပ် ကျွန်းဦး၌ ပေါက်သောက် ထိမ်ပင်ကြီး။

(၇) တောင်ကျွန်း ဟိမဝန္တာမြောက်သမုဒ္ဒရာကမ်းထိပ် ကျွန်းဦး၌ ပေါက်သော သပြေပင်ကြီး။

ဤသစ်ပင်ကြီး ၇ ပင်တို့သည် ဝိဝဋ္ဋာဌာယီ အသင်္ချေယျကပ်ပတ်လုံး တည်ကြသည်။ ဤသစ်ပင်ကြီးသည် ၇ ပင်လုံးသည် ပင်မလုံးပတ် အကျယ်အပြန့် အနိမ့်အမြင့် အလုံးစုံတူကြသည်။

## ဇမ္ဗူဒိပ်ပါလက်ျာတောင်ကျွန်း၊ ဩဘာနိမိတ်ထွန်းသည့်ကျွန်း

မြင်းမိုရ်တောင်ကြီး၏ တောင်ဘက်အရပ် ဇမ္ဗူဒိပ်ကျွန်းဦး၌ ပေါက်သော သပြေပင်ကြီးကို အစွဲပြု၍ ဇမ္ဗူဒိပါလက်ျာတောင်ကျွန်း ဩဘာနိမိတ်ထွန်းသည့် ကျွန်းဟု ခေါ်ကြသည်။ ဇမ္ဗူဒိပါလက်ျာတောင်ကျွန်းသည် ဤကမ္ဘာကြီးပင် ဖြစ်သည်။ ကမ္ဘာဦးမှသည် ယနေ့ခေတ်တိုင်အောင် ကောင်းသောနိမိတ် ဩဘာ ယူကြရာတွင် အမွှေးနံ့သာရေများကို ငွေဖလားဖြင့်ထည့်လျက် အောင်သပြေခက် နှင့် ဆွတ်ဖျန်းကာ ကမ္ဗည်းမော်ကွန်းတင်အခမ်းအနားတိုင်းတွင် လုပ်ဆောင်လျက် ရှိကြသည်။

## ဇမ္ဗူဒိပ်ကျွန်းသားတို့ အရည်အချင်း

"ဤကမ္ဘာ ဇမ္ဗူဒိပ်တောင်ကျွန်းသားတွေဟာ ညံ့တဲ့သူတွေ မဟုတ်ပါဘူး။ " ဉာဏ်ရည်ဉာဏ်သွေးထက်မြက်တယ်၊ ရဲရင့်သတ္တိရှိကြတယ်။ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဗြဟ္မစိုရ်တရားလက်ကိုင် ထားကျင့်သုံးလေ့ရှိတယ်။ သတိ

သမ္မာဇှဉ်ဆင်ခြင်ဉာဏ်တွေလည်း ကြီးစွာထားတတ်ကြတယ်ဟု စာပေကျမ်းဂန်များတွင် ဤသို့တွေ့ရသည်။

## လောကသုံးပါး

ခရမ်းမြို့၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် (အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု) ကျေးဇူးတော်ရှင် ဘဒ္ဒန္တသုဒဿန မဟာထေရ်သည် "အရဟံဂုဏဒီပနီ"ကို စီရင်ရေးသားတော်မူခဲ့သည်။

"အရဟံဂုဏဒီပနီ" နှာ-(၁၉)၊ အပိုဒ်-(၅) လောကဝိဒူဂုဏ်တော်အဖွင့်တွင် "သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဟု ဆိုအပ်သော လောကသုံးပါး အလုံးစုံကို အကုန်အစင်သိမြင်တော်မူတတ်သော ထိုမြတ်စွာဘုရား"ဟု ဖွင့်ဆိုပြခဲ့ပါသည်။

"လောက"ဟူသော ဝေါဟာရသည် ပါဠိဘာသာဖြစ်၍ မြန်မာ အဓိပ္ပါယ်အားဖြင့် ပရမ်းပတာ၊ အဆီးအတားမရှိ အရမ်းဖြစ်ပျက်တတ်လျက် ကြာမြင့်စွာ တည်တံ့ခြင်းမရှိသော သဘောတရားမျိုးဟူ၏။

(၁) ဩကာသလောက = သတ္တဝါဟူသမျှတို့ မှီတင်းနေထိုင်ရာ ၃၁ ဌာနသော ဘုံ၊ ရေ၊ မြေ၊ တော၊ တောင်၊ ကောင်းကင်။

(၂) သတ္တလောက = ထို ၃၁ဘုံ၌ လှည့်လည်ဖြစ်ပျက်ကာ ဒွန်တွဲ ရောထွေး လျက်နေကြသော သက်ရှိသတ္တဝါဟူသမျှ။

(၃) သင်္ခါရလောက = ထို ၃၁ ဘုံနှင့်တကွ သက်ရှိသက်မဲ့ အားလုံးသော သတ္တလောက၊ ဩကာသလောက တို့ကိုဖြစ်မူပျက်မူ၊ အို၊ နာ၊ သေမှုစသော အမျိုးမျိုးအဖုံဖုံတို့ဖြင့် စီမံဖန်တီး ပြောင်းလဲပြုပြင်ပေးနေသော သဘောတစ်မျိုး၊ တစ်နည်း လောကီစိတ်၊ စေတသိက်၊ ရုပ်တရားစုများ။ [၁]

---

[၁] နေ့ဝဂ္ဂသံယုတ်။ ပါ။ ၁၁၃။ ဌ။ ၂၉၃

## သတ္တလောက၏ ကျေးဇူးရှင်ဩကာသလောကကြီး

ကောင်းကင်၊ ရာသီဥတုနှင့် ဤကမ္ဘာကြီးသည် ဩကာသ လောကကြီး ဖြစ်သည်။ ထွက်သက်ဝင်သက်လေကို မရှုမရှိုက်ရလျှင် မနေနိုင်သူများမှာ သတ္တလောကသား သတ္တဝါတို့ဖြစ်သည်။ ဩကာသလောက ဟူသော အသက်မဲ့ ရုပ်လောကသည် သတ္တဝါများအသက်ရှင်ဖို့အတွက် ဝါယောလေဓာတ်ကို အမြဲ ထုတ်ပေးလျက်ရှိသည်။ သတ္တဝါများ အသက်ရှင်ရခြင်းသည် သတ္တဝါအစွမ်း (ဝါ) ငါ့အစွမ်း၊ ငါ့သတ္တိ ဘာမျှမရှိ။ ဝါယောဓာတ်ကို ရှူရှိုက်ခြင်းကို ငါဟုယူစွဲ သတ်မှတ်နိုင်ပါမည်လား။ ဓမ္မသဘာဝအတိုင်း ဉာဏ်မျက်စိဖြင့်ကြည့်လျှင် လေဓာတ်ကို ရှူရှိုက်နေခြင်းကိုသာ လူဟု(ဝါ) သတ္တဝါဟု ပညတ်တင်၍ ခေါ်ဝေါ် ကြခြင်းဖြစ်သည်။ လေမရှူရလျှင် လူဟူ၍မရှိ၊ သတ္တဝါဟူ၍မရှိ၊ ဝါယောဓါတ် ထွက်လေဝင်လေကို နုတ်လိုက်လျှင် အသက်ဟူ၍ မရှိ၊ သက်မဲ့ငုတ်ပျောတုံးပမာ ဘဝတစ်ခု ဇာတ်သိမ်းရတော့သည်။

ဩကာသလောက၊ ကမ္ဘာမြေကြီးက သတ္တလောကသားတွေ အသက် ရှင်ရေးအတွက် ဆန်စပါး၊ ဂျုံ၊ မုယော အစရှိသော စားနပ်ရိက္ခာ သီးပင်စားပင် အကုန်ထုတ်ပေးသည်။ သောက်စရာ သုံးစရာ ရေ၊ တော၊ တောင်၊ ရေအောက်၊ မြေအောက်တို့မှ ဓာတ်သတ္တု၊ ရေနံ၊ ဓါတ်ငွေ့၊ ကျောက်မျက်ရတနာ အစုံ ထုတ်ပေးသည်။ သတ္တလောကကြီး တစ်ရပ်လုံးသည် ဩကာသလောကကြီး အမှီရ၍သာ အသက်ရှင် နေထိုင်နိုင်ကြခြင်းဖြစ်သည်။ သို့ဖြစ်၍ သတ္တလောက ကျေးဇူးရှင်ကြီးသည် ဩကာသလောကကြီးဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားသည် ပဋ္ဌာန်းဒေသနာတော်မြတ်တွင် 'ဥပနိဿယပစ္စယော'ဟောကြားခဲ့ခြင်း ဖြစ်သည်။

'ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။
ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။
သေနာသနမ္ပိ ဥပနိဿယ ပစ္စယေနပစ္စယော။

[ငါကောင်းလို့ ငါတော်လို့ အရှင်နေရခြင်းမဟုတ်။ ဥပနိဿယပစ္စည်း အထောက်အပံ့ရနေလို့ အသက်ရှင်နေထိုင်ခွင့်ရတာ ဟု ဆင်ခြင်လျှင် တရားဖြစ်ပါသည်။]

သက်ရှိသတ္တဝါဟူသမျှ အသက်ရှင်ဖို့အတွက် ရာသီဥတု၊ စားစရာ သောက်စရာ အာဟာရ၊ နေထိုင်စရာ နေရာဌာနတို့ ရကြခြင်းသည် ဩကာသလောကကြီးက ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုခြင်းကြောင့် ရကြခြင်းဖြစ်သည်။

သတ္တဝါအချင်းချင်း၊ လူအချင်းချင်း၊ ပုဂ္ဂိုလ်အချင်းချင်း သင့်တင့်မျှတ၊ စည်းလုံးညီညွတ်ရေး ငြိမ်းချမ်းရေးသည် အလွန်အရေးကြီးလှသည်။ ကလျာဏမိတ္တရခြင်းသည် ရာနှုန်းပြည့် အရေးပါသည်။

## သတ္တလောကသား လူများဖြဖြင်ကြစို့

မြတ်စွာဘုရားရှင်က သတ္တလောကကြီးကို

"အန္ဓိဘူတော အယံ လောကော" ဟု ဟောကြားခဲ့သည်။

ထွက်သက်ဝင်သက်ရှိကြသည့် ဤသတ္တလောကကြီးကား အကန်းလောက ကြီး၊ အရူးလောကကြီး၊ မိုက်လုံးကြီးသော လောကကြီးပါလား။ ကုသိုလ်မှန်းလည်းမသိ၊ အကုသိုလ်မှန်းလည်းမသိ၊ ရုပ်မှန်းမသိ၊ နာမ်မှန်းမသိ၊ အကြောင်းမှန်း အကျိုးမှန်းမသိသည့် လူများကို အန္ဓပုထုဇဉ်လူသားဟု ဟောခဲ့ခြင်းဖြစ်သည်။

လယ်တီဆရာတော်ဘုရားကြီးက "အန္ဓိဘူတော အယံ လောကော"ကို ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုဟောကြားခဲ့သည်။

"သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုန်း၊ အပြည့်ဖုံးသည်၊ မိုးလုံးဘိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကားတဆောင် မကမှောင်၏။"

'မဃဒေဝလင်္ကာ'မှာ ဤသို့လာသည်။

* "လူတို့လောဘ ကြီးကာလ၌၊ ဒုဗ္ဘိက္ခဘေး ငတ်မွတ်ရေးကြောင့်၊ ဒိုးဖွေး ပေါင်မျှ ပျက်စီးကြ၏။
* ဒေါသတရား၊ ပွားလတ်သောခါ၊ သတ္ထဝါလွှဲ့ဘုံ၊ ပြောဟုန်အမုက်၊ ချောင်းချောင်းထွက်၍၊ စစ်ပက်ပြိုင်ခင်း၊ လက်နက်ချင်း၍ ချင်းချင်း သတ်ကြ၊ သွေးချောင်းကျ၏။
* မောဟလွှမ်ငြား၊ ဘီလူးစားဘို့၊ ထွေပြားရောဂါ၊ ဝေဒနာဖြင့်၊ များစွာ ကပ်ရောက်၊ သေပျောက်လူရှင်၊ ထုပြောဖွင်၏။"

ပဋ္ဌာန်းကျမ်းလာ 'ဟေတု ပစ္စယော'ဟု ဟေတုပစ္စည်းအမည် ရသော ဟိတ်တရား ၆ ပါး၊ ရေသောက်မြစ် ၆ သွယ်အနက် လောဘ၊ ဒေါသ၊ မောဟ၊ ရေသောက်မြစ်သန်သူများ သတိထားကြဖို့ဖြစ်သည်။

လောဘ၊ ဒေါသ၊ မောဟ လွန်ကဲကျူးလွန် အကုသိုလ်များကြ ရင်ဖြင့် ကပ်ဆိုးကြီး ၃ ပါးဆိုက်ပါတော့မည်။

| | | |
|---|---|---|
| သတ္ထန္တရကပ် | = | ဓါးလှံ၊ လေးမြား၊ လက်နက်ဆန်းတွေနှင့် စစ်ပွဲများကြုံရသည့်ကပ်ဆိုးကြီး။ |
| ရောဂန္တရကပ် | = | အနာရောဂါအမျိုးမျိုးနှင့် ကြုံရသည့် ကပ်ဆိုးကြီး။ |
| ဒုဗ္ဘိက္ခန္တရကပ် | = | ငတ်မွတ်ခေါင်းပါး၊ အစာရေစာပြတ်လပ်ရသည့် ကပ်ဆိုးကြီး။ |

**လူသားအချင်းချင်း စည်းလုံးကြ၊ ညီညွတ်ကြ၊ သင့်မြတ်ကြ၊ ငြိမ်းချမ်းကြပါစို့**

## မြတ်ဗုဒ္ဓအဆုံးအမ

ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော၊
သမဂ္ဂါ သခိလာ ဟောထ၊ ဧတံ ဗုဒ္ဓါနုသာသနံ။

"တစ်ဦးနှင့်တစ်ဦး စကားစစ်ထိုးနေခြင်းကို ဘေးဟုမြင်၍၊ တစ်ဦးနှင့်တစ်ဦး ယုံကြည်စိတ်ချပြီး လက်ဆွဲနှုတ်ဆက်ခြင်းကို ဘေးရန်ကင်း၏ဟု မြင်သည်။ ညီညီညွတ်ညွတ် ပြေပြေပြစ်ပြစ် ဖြစ်ကြကုန်လော။"

## လူသားအားလုံး၏ တူညီသောဆန္ဒ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သားအားလုံး၏ ဆန္ဒသည် ပြည်တွင်းငြိမ်းချမ်းရေးပင်ဖြစ်သည်။ တစ်ကမ္ဘာလုံးရှိ လူသားအားလုံး တူညီသောဆန္ဒသည် ကမ္ဘာ့ငြိမ်းချမ်းရေးဖြစ်သည်။ လူသားအားလုံးသည် ငြိမ်းချမ်းရေး အရသာကို ခံစားပြီး ပျော်ပျော်ရွှင်ရွှင်နေလိုကြသည်။ ကုန်ကျမည့် စစ်စရိတ်တွေကို တိုင်းပြည်အတွက် အကျိုးရှိအောင် အသုံးချခွင့် ရချင်ကြသည်။ စစ်ကြောင့် အသေအပျောက် မရှိစေချင်ကြပါ။ စစ်ပြေးဒုက္ခသည်တွေ ပပျောက်စေချင်ကြပါပြီ။ စစ်စရိတ် ကုန်ကျမှုတွေကို ကျန်းမာရေး၊ ပညာရေး၊ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးတို့အတွက် သုံးချင်ကြပါပြီ။

ဤသို့သာဖြစ်လာလျှင် ပျော်ရွှင်စရာကောင်းသော ကမ္ဘာ့ရွာကြီး တစ်ရွာဟု ပုံဖော်ကာ စိတ်ကူးယဉ်မိသည်။ ငြိမ်းချမ်းရေး၏ အရသာကို တံခါးဖွင့်အိပ်ရသောအဆင့်အထိ စိတ်ကူးယဉ်မိသည်။

တစ်ခါက ကျွန်ုပ် တစ်ခုသောအစိုးရလက်ထက်တွင် တောရွာ တစ်ရွာသို့ ရောက်သွားသည်။ ရပ်ရေးရွာရေးကိစ္စ အေးအေးချမ်းချမ်းရှိကြရဲ့လားဟု စပ်စုမိသည်။ ရပ်ရွာအကြီးအကဲလုပ်သူက "အေးလိုက်တာမှ တံခါးဖွင့်အိပ်၊ ဘာမှ

မဖြစ်ဘူး" တဲ့။ ဒီစကား ကြားခဲ့ရချိန်တွင် "တစ်ကမ္ဘာလုံး ဖြစ်စေချင်လိုက်တာ"ဟု စိတ်ကူးယဉ်မိပါသည်။ ကိုယ်ချင်းစာစိတ်သည် ငြိမ်းချမ်းရေးဖြစ်သည်။

## ဩကာသလောကကြီးနှင့် လူ့အခွင့်အရေး

ဩကာသလောကကြီးမှရသည့် သယံဇာတပစ္စည်းမှန်သမျှကို စားရလည်း အတူတူ၊ မစားရလည်း အတူတူ၊ မိသားစုစိတ်ဓာတ်နှင့် လူသားအချင်းချင်း သင့်သင့်မြတ်မြတ်နေသွားကြလျှင် စစ်တိုက်စရာ မလို၊ ရန်ဖြစ်စရာလည်း မလိုတော့ချေ။

လူ့အခွင့်အရေးဟူသည် လူသားတိုင်း၏ မွေးရာပါ အခွင့်အရေး ဖြစ်သည်။ ငြိမ်းငြိမ်းချမ်းချမ်းဖြင့် အိပ်ကောင်းခြင်းအိပ်ရ၊ စားကောင်းခြင်းစားရ၊ နေထိုင်ကောင်းခြင်းလည်းနေရ၊ ချမ်းချမ်းသာသာ ရပ်တည်ခွင့် ရှိကြသည်။

လူ့သက်တမ်းဟူသည် အတိုဆုံးပါ။ သေလွယ်ပျောက်လွယ် ကာလဖြစ်သည်။ တစ်ခါတစ်ခါ လူပြည်ရောက်လာသည့်အခိုက်မှာ ဩကာသလောကကြီးက ကမ္ဘာမြေကြီးပေါ်တွင် သတ္တလောကသားတိုင်း ပျော်ပျော်ရွှင်ရွှင် နေထိုင်ခွင့်ပေးထားပါသည်။ ဩကာသလောကကြီး စကားပြောတတ်မည်ဆိုပါလျှင်- "ငါကသည်လောက်တောင် အဘက်ဘက်မှ ကူညီစောင့်ရှောက်ပေးနေပါရက်နဲ့ မင်းတို့သတ္တလောကသားတွေဟာ မိသားစုစိတ်ဓာတ်နဲ့ သင့်သင့်မြတ်မြတ် မနေကြဘဲ ရန်ဖြစ်နေကြတယ်၊ အံ့ပါရဲ့" ဟု ပြောလိမ့်မည်။

ဩကာသလောကကြီး၏ စကားကြားပြီး သတ္တလောကသားများ ရှက်တတ်ကြပါစေ။ ဩကာသလောကကြီးကို အားနာစရာ ကောင်းပါသည်။ ဩကာသလောကကြီးက စိုက်ပျိုးပေးသော ပဒေသာပင်ကြီးကို တူးဖြိုဖျက်ဆီးပစ်ဖို့ မသင့်ပါ။

လောဘ၊ ဒေါသ၊ မောဟ မလွန်ကဲသော လူသူတော်ကောင်းများက ဤသို့

အမြင်မှန် ရကြပေမယ့်၊ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲသည့် လူများ ကျတော့ မိမိချမ်းသာရင်ပြီးရော သဘောထားကြသည်။ သစ်တောတွေ ပြုန်းအောင် ခုတ်ရောင်းကြသည်။ သစ်တောပြုန်းသည့် တောင်ကတုံးတွေကြောင့် မိုးခေါင်သည်။ ရွာချသည့်မိုးကျတော့လည်း မထိန်းနိုင်သောကြောင့် ရေကြီးရေလျှံခံရသည်။ မြေအောက်ရှိ ရွှေကိုလည်း စက်ကြီးများနှင့် မရရအောင် တူးယူ၍ မြေအောက်သယံဇာတတွေ ပြုန်းကုန်သည်။ ရွှေတူးရာတွင် သုံးသော ပြဒါးများကို ဧရာဝတီ စသော မြစ်ကြီးများထဲ သွန်ချသောကြောင့် ရေနေသတ္တဝါများ၊ ရှားပါးသော ဧရာဝတီလင်းပိုင်များ မျိုးသုဉ်းကုန်သည်။

ဤသည်တို့မှာ လူယုတ်မာများ၏ ဝိသမလောဘကြောင့် ကျေးဇူးရှင် ဩကာသလောကကြီး ပျက်စီးခြင်းမရှုမလှ ပျက်စီးကုန်သည်။

ဩကာသလောကကြီးက သတ္တလောကအတွက် အမွေပေး သမျှကို လူမိုက်များက ဖြုန်းတီးပစ်ကြသည်။ လူသားအချင်းချင်းလည်း ကိုယ်ချင်းစာစိတ်မထား၊ သဘာဝအတိုင်း ဖူးပွင့်သီးကြသော စိုက်ပျိုးသီးနှံဟူသမျှကို လူတို့အဖို့ အဆိပ်ဖြစ်စေသည့်ဓာတ်ဆေး၊ ဆိုးဆေးများနှင့် စီမံဖော်စပ်ရောင်းကြသည်။ သဘာဝအတိုင်း ရင့်မှည့်ရမည့် အသီးကို အတင်းမှည့်အောင် ဓာတ်ဆေးစိမ်ပြီး ရောင်းကြသည်။ သဘာဝ အတိုင်းမှည့်ပြီး ပုပ်ရမည့် အသီးကို မပုပ်မသိုးအောင် လူသေကောင် မပုပ်အောင်ထည့်သည့် ဆေးထည့်ပြီး ရောင်းကြသည်။ မြန်မာတို့၏ ဘိုးဘေးစဉ်ဆက်က ငါးသလောက်ကို နိုးနိုးပေါင်းစားသော်လည်း ယနေ့ ခေတ်တွင် အရိုးကျေလွယ်သော ဆေးတွေထည့်ပေါင်းကြသည်။ ထို ငါးသလောက်ပေါင်းစားမိသူ၏ အရိုးများ မကြာခင်ကျေမွကျိုးကုန်ကြသည်။ လူမိုက်တို့၏ ရက်စက်ယုတ်မာမှုသည် လူသားအချင်းချင်းကိုလည်း ရောဂါဆိုးအမျိုးမျိုးရစေသည်။ ဩကာသလောကကြီးကိုလည်း ပျက်စီးစေသည်။

သို့ဖြစ်၍ ယခင်ကမ္ဘာဟောင်းကြီးသည်လည်း လူသားတို့၏ လောဘမီး၊ ဒေါသမီး၊ မောဟမီး လွန်သည်ထက် လွန်ကဲလာသော ဆုတ်ကပ်အဆုံးသို့ ရောက်သွားချိန်တွင် တေဇောမီးကြီး ငြိမ်းမရအောင် တောက်လောင်ပြီး ကမ္ဘာဟောင်း

ကြီးပျက်စီးသွားခြင်းဖြစ်သည်။

ယခု ကမ္ဘာသစ်ကြီး၏ လူသားတို့သည် ကမ္ဘာဟောင်းကြီး ဖျက်စီးရပုံကို သင်ခန်းစာယူပြီး လူသားမျိုးနွယ် တိုးတက်ရေး၊ ငြိမ်းချမ်းရေး၊ သြကာသလောက ကြီး သဘာဝအတိုင်း စိုစိုပြေပြေ တည်ရှိရေးတို့အတွက် ဗုဒ္ဓ၏ အဆုံးအမနှင့် အညီ ကျင့်သုံးလုပေသည်။ စဉ်ဆက်မပြတ်ကြိုးစားက ငြိမ်းချမ်းရေး မုချရမည်။

## ကြိုဆိုပါသည် ချစ်ကြည်ရေး

ယခုခေတ် ချစ်ကြည်ရေးဆိုတဲ့ ဝေါဟာရနဲ့ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကတိကဝတ်ပြုကြတာ ကြိုဆိုရမည်ဖြစ်သည်။

တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက တစ်ကမ္ဘာ လုံး 'ချစ်ကြည်ရေး'ကို ပြုလုပ်ပေးနိုင်လျှင် အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ဒါဟာ ထွက်သက်ဝင်သက်ရှိတဲ့ သတ္တဝါတိုင်းအလိုလား ဆုံးတောင့်တချက်တစ်ခုပါပဲ။

'ငြိမ်းချမ်းရေး' မဲပုံးများ ထောင်ပေးလိုက်ရင် တစ်လောကလုံး ရှိတဲ့ သတ္တဝါ တွေ ခြွင်းချက်မရှိ ထောက်ခံမဲပေးကြမည်မှာ မလွဲ။

'ငြိမ်းချမ်းရေး' ဆိုတဲ့ စကားကို ကြားရရုံနှင့်ပင် စိတ်ပျော်ရွှင်မှု ရရှိကြ ပေသည်။ လုပ်ပိုင်ခွင့်ရှိတဲ့ နိုင်ငံ့ခေါင်းဆောင်ကြီးတွေက ကြိုးစားကြမည်ဆိုလျှင် ဖြစ်နိုင်ချေရှိပါသည်။

လူသားတိုင်း ငြိမ်းငြိမ်းချမ်းချမ်း နေချင်ကြသည်။ ငြိမ်းချမ်းရေး မလိုချင် သောလူဟူ၍ မရှိ။ ကလေးလေးတွေကပင် "ဖေဖေ မေမေ တို့ရေ ပြန်လာရင် ငြိမ်းချမ်းရေးမုန့် ဝယ်လာခဲ့နော်" ဟု မှာကြသည်။ ကလေးတွေရဲ့နား ငြိမ်းချမ်းရေး စကား အမြဲကြားနေ၍ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံကြီး ငြိမ်းချမ်းရေးရဖို့ လက်ရှိအစိုးရ တပ်မတော် လက်နက်စွဲကိုင်အဖွဲ့အစည်းအားလုံး ကြိုးပမ်းလျက်ရှိသည်။ ငြိမ်းချမ်းရေးရဖို့ ကြိုးစားရာတွင် မြတ်ဗုဒ္ဓ၏ ကျမ်းမြတ်ဒေသနာ ပဋ္ဌာန်းကျမ်းကြီးမှာ လာသည့်

အတိုင်း- ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိဟူသော အဓိပတိ တရားလေးပါး တပ်၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြလျှင် ငြိမ်းချမ်းရေး မုချ ရမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်သည်။ "အဓိပတိတပ်သောသူအား အဘယ် အလုပ်မျိုးမဆို မပြီးမြောက်သည်ဟူ၍ မရှိ၊ ပြီးမြောက်နိုင်သည်သာတည်း။

မိမိတို့သားသမီးတွေကို 'ငြိမ်းချမ်းရေး'အမွေအနှစ်ကိုပဲ ပေးခဲ့ကြပါဟု တိုက်တွန်းလိုပါသည်။ ကမ္ဘာသူကမ္ဘာသားတွေကလည်း ငြိမ်းချမ်းရေးနိုဘယ်ဆု ပေးကြမည့်အမှန်ဖြစ်ပါသည်။

## ကမ္ဘာဟောင်း - ကမ္ဘာသစ် - ဘဒ္ဒကမ္ဘာ

ကမ္ဘာဟောင်းကြီးပျက်စီး၍၊ ကမ္ဘာသစ်ကြီးတည်ရှိနေပုံကို တင်ပြပြီးပါပြီ။ အဲဒီကမ္ဘာသစ်ကြီးဆိုတာ အခြားမဟုတ်ပါဘူး။ ဘုရားငါးဆူ ပွင့်တဲ့ ယခုဘဒ္ဒကမ္ဘာ ကြီးပင် ဖြစ်ပါသည်။ အလုံးစုံ တွက်သက်ဝင်သက် ရှိကြကုန်သော သတ္တဝါတို့ အကျိုးစီးပွားအလို့ငှာ၊ ဘုရားငါးဆူပွင့်လို့ ကောင်းသောကမ္ဘာ(ကမ္ဘာသစ်)ဟု အလေးအနက် စဉ်းစားသင့်သည်။

ပို၍ပြီးတော့ အလေးအနက်ထားစဉ်းစားဖို့ကောင်းသည်မှာ လေးအသင်္ချေ နှင့် ကမ္ဘာတစ်သိန်းအတွင်း (၁၂)ကမ္ဘာသာ ဘုရားပွင့်သည်။ ကျန်ကမ္ဘာပေါင်း ၉၉၉၈၈ ကမ္ဘာက ဘုရားမပွင့်တဲ့ သုညကမ္ဘာ တွေဖြစ်သည်။

အဲဒီလောက် ခဲခဲယဉ်းယဉ်းကြီး၊ ဤဘဒ္ဒကမ္ဘာ လူ့ပြည်မှာ လူသားတစ် ယောက်ဖြစ်ခွင့်ရလို့ ဘဝတန်ဖိုးကြီးမားတယ်ဆိုတာ အလေးအနက်ထား စဉ်းစား၍ ကြိုးစားသင့်ကြောင်း တွက်ပြပါသည်။

## ခဲယဉ်းကြီး - ၄-ပါး

ကိစ္ဆော မနုဿ ပဋိလာဘော၊ ကိစ္ဆံ မစ္စာန ဇီဝိတံ၊
ကိစ္ဆံ သဒ္ဓမ္မဿဝနံ၊ ကိစ္ဆော ဗုဒ္ဓါန မုပ္ပါဒေါ။ (ဓမ္မပဒ)

၁။ လူ့ဘဝ တစ်ဖန်ပြန်ရဘို့ရန် ခဲယဉ်း၏။

၂။ လူ့ဘဝရပြန်သော်လည်း၊ သက်တမ်းစေ့နေရဖို့ ခဲယဉ်း၏။

၃။ လူ့ဘဝရရှိပြီး သူတော်ကောင်းတရားနာခွင့်ရဖို့ ခဲယဉ်း၏။

၄။ ဘုရားတစ်ဆူ တစ်ဆူပွင့်ဘို့ရန်လည်း ခဲယဉ်းပါ၏။

"ငါးဆူရှင် ပါရမီတော်ရင့်သည့် ပွင့်တော်မူရာ ဘဒ္ဒကြာကမ္ဘာ၊ ဗုဒ္ဓပွါင်း၊ကြိမ်ပွင့်တော် ကျွတ်ခွင့်မပန် လွဲလျက်မှန်စွာ၊ ရှည်လျားတဲ့ သုညကမ္ဘာတွေမှာ-သည့် စာဆိုရှိ၏။

ဒီတခါတော့ မလွဲရလေအောင် အောက်တွင်ဖော်ပြထားသော သင်္ခါရလောကအကြောင်းကိုလေ့လာပါ။ သင်္ခါရလောကဆိုတာ သံသရာ့မီးတောက်မီးလှုံ့ကြီးဟု ဆိုပါသည်။ တခြားကို သွားကြည့်နေစရာမလိုပါ။ မိမိကိုယ်ကိုပဲ ပြန်လက်ညှိုးထိုးကြည့်ပါလေ။ အဲဒီအခါကျတော့မှ ကိုယ့်ကိုယ်ကို မီးဘေးဒုက္ခသည် ဖြစ်နေမှန်း သိပါတော့မည်။

## ဩကာသလောက၊ သတ္တလောက တို့ထက် အဆင့်မြင့်သော သင်္ခါရလောက လေ့လာရေး

သင်္ခါရလောကကို လေ့လာလိုက်လျှင် ဩကာသလောက၊ သတ္တလောကတို့ကိုလည်း လေ့လာပြီးဖြစ်သည်။ ဩကာသလောက၊ သတ္တလောကတို့သည် သင်္ခါရလောကနယ်မှ မလွတ်နိုင်သော တရားများ ဖြစ်ကြပါသည်။

"သင်္ခါရလောက- အနှစ်တစ်ရာနှင့် တစ်ရက်"

ဤစကား ရှင်းပါမည်။ သင်္ခါရလောကကို မသိမမြင်ဘဲ၊ အနှစ်တစ်ရာ အသက်ရှင်နေရခြင်းထက်၊ သင်္ခါရလောကအကြောင်းကို သိမြင်ပြီး၊ တစ်ရက်

အသက်ရှင်နေရခြင်းက မြတ်သေး၏။ ပုဆိုးပီးလောင်၊ ဦးခေါင်းမီးလောင်တာထက် အရေးတကြီးထားပြီး၊ သင်္ခါရလောက သဘောသဘာဝကိုသိအောင် ကြိုးစားဖို့လို သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

"သင်္ခါရ"ဟူသည် ရုပ်နာမ်အကြောင်းအကျိုး သဘောတရား တွေပဲရှိ သည်။ အခြားပုဂ္ဂလ၊ သတ္တ၊ တန်ခိုးရှင်၊ ဖန်ဆင်းရှင် မရှိချေ။

"လောက"ဟူသည် ထိုရုပ်နာမ်အကြောင်းအကျိုးတရားတွေသည် ဖြစ် တိုင်းပျက်နေကြခြင်းဟု ဆိုလိုသည်။

ဤမျှသိသော အဆင့်သည်ပင် အန္ဓပုထုဇဉ်ဘဝမှ လွတ်မြောက်ခွင့် ရပါပြီ။ မရှေးမနှောင်းတပြိုက်နက် ကလျာဏပုထုဇဉ် အဆင့် ရောက်ရှိပါသည်။ နေအရုဏ်တက်လာခြင်းသည် နေထွက်ရန် သေချာ သကဲ့သို့ ဆက်ပြီးကြိုးစားလိုက် လျှင်ဖြင့် စူဠသောတာပန်၊ မဟာသောတာပန်၊ အထက်မဂ်၊ အထက်ဖိုလ် ဆိုက်ပါသည်။

"နိယတ ဂတိကော" မြဲသော သုဂတိဘဝရှိပြီး၊ အပါယ်တံခါး ပိတ်ပါပြီ။ "သမ္ဗောဓိပရာယနော" အထက်မဂ်၊ အထက်ဖိုလ်သို့သာ လားရာရှိတော့သည်။ မြေတပြင်လုံးကို အစိုးရသော ပဒေသရာဇ်၏ စကြာဝဠာမင်းစည်းစိမ်ထက် မြတ်သည်။ နတ်ပြည်ရောက်ရခြင်းထက် မြတ်သည်ဟု ဆိုပါသည်။

လောကသုံးပါးမှ လွတ်မြောက်ပြီး လောကုတ္တရာတရားသို့ ဆိုက်ရောက်ရ ပါတော့မည်။ ထိုပုဂ္ဂိုလ်သည် သမ္ဗောဓိဋ္ဌ ရှေ့သွားရှိသော ဗောဓိပက္ခိယတရား ၃၇ ပါးတို့ ထင်ရှားဖြစ်ပေါ်လာပြီး နိဗ္ဗာန်လမ်းပေါ်သို့ ရောက်ရှိ၍ နေပါပြီ။

## လောကုတ္တရာ၊ လောကသုံးပါးမှ လွတ်မြောက်ခြင်း

မဂ်(လေး)တန်၊ ဖိုလ်(လေး)၊ နိဗ္ဗာန် လောကုတ္တရာတရား (ကိုး)ပါး ဖြစ်ပါသည်။

## အနှစ်တစ်ရာနှင့် တစ်ရက်

အမတမြတ်နိဗ္ဗာန်ကို မသိမမြင်ဘဲ၊ အနှစ်တရာ အသက်ရှင်နေရခြင်းထက် အမတမြတ်နိဗ္ဗာန်ကိုသိမြင်ပြီး တစ်ရက်အသက်ရှင်နေခြင်းက မြတ်သေး၏။ အမတမြတ်နိဗ္ဗာန်ကို သိမြင်လိုလျှင် "သင်္ခါရလောက ရုပ်-နာမ်အကြောင်း၊ အကျိုးတရားတွေကို ဉာဏ်မြင်ထက်ထက် ကျေကျေညက်ညက် အနိစ္စ-ဒုက္ခ-အနတ္တ ဟု ယောင်းယောင်းကျေအောင် ရှုမြင်ပါမှ- အမတမြတ်နိဗ္ဗာန်ကို သိမြင်နိုင်လေသည်။

## အားကိုးရာအစစ်

လောကသုံးပါး လေ့လာစဉ်အခါတုန်းက ဩကာသလောကကြီးသည် ကျွန်းကြီးသဖွယ် မှီခိုအားထားရဖြစ်သကဲ့သို့ ယခု လောကုတ္တရာဘက်ကျတော့ နိဗ္ဗာနမာတ်ကိုပဲ ကျွန်းကြီးသဖွယ် မှီခိုအားထား၍ နေကြရပေသည်။ (အနည သရဏာ) အခြားအားကိုးရာ မရှိကြတော့ပါပေ။

အမတမြတ်နိဗ္ဗာန်သည် ဗုဒ္ဓဘာသာသူတော်စင်တွေအတွက် နောက်ဆုံးပန်းတိုင်ပါပေတည်း။ အားကိုးရာအစစ်ပါပေတည်း။ သို့ဖြစ်သောကြောင့် လယ်တီဆရာတော်ဘုရားကြီးက ဤသို့စပ်ဆိုခဲ့သည်။

"သင်္ခါရမြို့၊ လောကီဘုံ၌၊ ခိုလှုံဝင်စံ၊ ပုထုဇဉ်တို့၊ လောကခံ လွတ်ကြောင်း၊ သမ်းပေါင်းမဂ္ဂင်၊ ရှစ်အင်ခမ္မ၊ အဝဝကို၊ နေ့ညမကွာ၊ ကြိုးစားရာသည်၊ ခေမာ ရောက်မှ အေးမည်တည်း။"

ကျွန်ုပ်တို့ကို ဝိပဿနာမြတ်တရား သွန်သင်ဆုံးမ ပြသပေးခဲ့ သော ပ-သုံးလုံး ဆရာတော် ဘဒ္ဒန္တဇောတိက (သာသနမဇ္ဈိမမ္ဗာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ပ-သုံးလုံး ဝိပဿနာတက္ကသိုလ် )အမိပတိက သင်တန်းသားများအတွက် ဤသို့ရေးသားခဲ့သည်။

"နိဗ္ဗာန်ကိုစိတ်၊ စေတသိက်၊ ရုပ်နဲ့သွားရသည်။"

ခပ်သိမ်းကုန် ရှိတဲ့ တရားက စိတ်-စေတသိက်-ရုပ်- နိဗ္ဗာန်သာ ရှိပါသည်။

**လို့ချင်တာက နိဗ္ဗာန်။**

နိဗ္ဗာန်ကိုလိုချင်လျှင် စိတ်-စေတသိက်-ရုပ်ကို ဝါ-သင်္ခါရ လောကကို ဉာဏ်မြင်ထက်ထက် ကျေကျေညက်ညက် အနိစ္စ-ဒုက္ခ-အနတ္တ ဟု ထောင်းထောင်းကျေအောင် ရှုမြင်ပါမှ နိဗ္ဗာန်ကို ရရှိရောက်ရှိ နိုင်လေသည်။

ဤဆောင်းပါး၏ နိဂုံးပိုင်းအားဖြင့် ကျွန်ုပ်တို့မှတ်သား လိုက်နာ ကျင့်သုံးဖို့ အလွန်ကောင်းသော ဆုံးမစာအချို့ကို လေးထောင့် ဘောင်ခတ်၍ အထူးတင်ပြလိုပါသည်။

## ဘုရားလောင်းသူဇတော်ကောင်းကြီးများ
## ကုသိုလ်ပြုပြီးတဲ့ အခါ
## 'ဆုတောင်းပုံနည်းလမ်းအတိုင်း'

အကျွန်ုပ်တို့ ကျင့်သုံးသော ပြုဟ္မစိုရ်တရား(၄)ပါးတို့၏ ကုသိုလ်ဓာတ် အစွမ်းသတ္တိတို့ကြောင့် အစာအာဟာရလျှင် အကြောင်းရှိကုန်၍ အသက်ရှင်ကြရကုန်သော သတ္တဝါအပေါင်းတို့သည် အလုံးစုံသော အာဟာရအပေါင်းတို့တွင် အကောင်းဆုံးအမွန်မြတ်ဆုံးဖြစ်သော အစာအာဟာရကို လွယ်လွယ်ကူကူ ပြည့်ပြည့်စုံစုံ ရကြပါစေကုန်သတည်း။

(စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေး၊ အရေး(၄)ပါးကို အာရုံထားဆိုလျှင်လည်း ကောင်းပါသည်။)

## စိတ်ထားတတ်ရင် မြတ်တယ်ဆိုတဲ့နည်းလမ်း

မီးဖိုချောင်မှာရှိတဲ့ စားကြွင်းစားကျန်လေးတွေကို သွန်ပစ်တဲ့ အခါ တစီးမြောင်းတွင်ရှိသော သတ္တဝါလေးတွေ အစာအာဟာရဖြင့် မျှတကြပါစေလို့ စိတ်ကြည်စွာ စေတနာနှင့် သဒ္ဓါဝမ်းတွင်း ပေးလှူခြင်းကား ကုသိုလ်ရပါသည်။ စိတ်ထားတတ်လို့ မြတ်ပါသည်။

**လူ့ဘော်ဌာန၊ ဤလောက၌၊ တစ်ယာကွမ်းဆေး၊ ရေအေးတစ်ခွက်၊ ဆီတစ်စက်နှင့်၊ လက်ဖက်တစ်ရိုး၊ ကြံတစ်ချိုးမျှ၊ စိတ်ကြည်စွာ၊ စေတနာနှင့် သဒ္ဓါဝမ်းတွင်း၊ ပေးကမ်းခြင်းကား၊ ရခြင်းထက်သာ၊ ဝမ်းမြောက်ရာ၏။**

(မဃဒေဝ)

## အရှင်အနုရုဒ္ဓါဆရာ တိုက်တွန်းခဏ်း

ဘာဝေတဗ္ဗံ ပနိစ္စေဝံ၊ ဘာဝနာ ဒွယမုတ္တမံ၊
ပဋိပတ္တိရသဿာဒံ၊ ပတ္ထယန္တေန သာသနေ။

ဤသာသနာတော်၌ ရှာန်ချမ်းသာ၊ ဖိုလ်ချမ်းသာ စသည် အပြားရှိသော ပဋိပတ္တိအရသာကို တောင့်တသော အမျိုးကောင်းသားသည် သမထဘာဝနာ ဝိပဿနာဘာဝနာနှစ်ပါးကို အလေးအမြတ်ထား၍ အမြဲမပြတ် ပွားများအားထုတ်ရာ၏။

## အများချမ်းသာရေးဆုတောင်း

လွန်လေပြီးရာ ရှေးအခါ၌ဖြစ်ကြကုန်သော ဘုရားအလောင်း မင်းကောင်းမင်းမြတ်၊ ဓောဓိသတ်မင်းတို့သည် တိုင်းသားပြည်သူ ရှင်လူအများကို ရှင်ငယ်မွေးဖွား မိမိချစ်သည့် သားသမီးပမာ စောင့်ရှောက်ကြကုန်သကဲ့သို့ ထိုနည်း

ပုံယူ အလားတူသာလျှင် တိုင်းပြည်လက်ကိုင် စိုးချုပ်ပိုင်သော နိုင်ငံသေဌ်နှင့်၊ ပြည့်ရှင်မင်းတို့သည် ဤယခုထင်ရှား မိမိတို့၏ တိုင်းသားပြည်သူ ရှင်လူအများ ကိုလည်း ရင်ဝယ်မွေးဖွား၊ မိမိချစ်သည့် သားသမီးများကဲ့သို့ သနားချစ်ခင် ယုယ ကြင်လျက် ကြည်လင်ဝမ်းမြောက် စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။

**စိရံတိဋ္ဌတု သဒ္ဓမ္မော**

(သူတော်ကောင်းခေတ် တရားမြတ် လွှမ်းပတ်ကမ္ဘာတည်စေသော်. . .)

သဗ္ဗေသတ္တာ အဝေရာ ဟောန္တု၊ သုခိတာဟောထ၊ ဒုက္ခာမုစ္စထ။

## မကောင်းသတင်း ကျော်ကြားတဲ့ သခၤါရလောက

တရားနှင့်စစ်လိုက်တော့ ဆိုခဲ့ပြီး သခၤါရလောကအကြောင်းကို ကြည့်လျှင် တစ်ခုမှ ကောင်းကွက်ဆိုတာ ရှာမရ။

* ခန္ဓာ ၅ ပါး၊ လူသတ်သမား ၅ ယောက်ဆိုတာလည်း သခၤါရ လောက ဖြစ်နေတာကို တွေ့ရမည်။
* သံသရာမီးတောက်မီးလျှံကြီးဆိုတာလည်း သခၤါရလောက ဖြစ်နေတာကို တွေ့ရမည်။
* မချစ်မနှစ်သက်သော ခန္ဓာ ၅ ပါးနှင့် ပေါင်းဖော် နေရတယ် ဆိုတာလည်း သခၤါရလောက ဖြစ်နေတာကို တွေ့ရမည်။
* တော ၃ တော၊ တော ၁၁ တော၊ တော ၄၀ ဆိုတာလည်း သခၤါရလောက ဖြစ်နေတာကို တွေ့ရမည်။

ထို့ကြောင့် "သဗ္ဗလောကေ အနဘိရတိ သညာ" လောက သုံးပါးလုံး၌ မမွေ့လျော် မပျော်ပိုက်သော အမှတ်သညာရှိသည်ဖြစ်၍ နေရပါတော့အံ့။ ၉၆-ပါးသော ရောဂါဝေဒနာဆိုတာလည်း သခၤါရလောက ဖြစ်နေတာကိုတွေ့ရမည်။

# သတ္တလောက၏ ကျေးဇူးရှင် ဩကာသလောကကြီး

ဩကာသလောကကြီးက သတ္တလောကသားတို့ အာဟာရအတွက် ကျေးဇူးပြုပုံက-

- စပါးတစ်စေ့စိုက်လျှင် ပင်ပွား ငါးပင် ခြောက်ပင်ရှိ၏။
- တစ်ပင်လျှင် စပါးနှံတစ်ခုမှ အစေ့ ၂၀၀ ခန့် သီးပေးသည်။

  ၅ ပင် × ၂၀၀ = ၁၀၀၀။ အစေ့တစ်ထောင် ထွက်ရှိပြီးကျေးဇူးပြုလို့ သတ္တလောကသား တွေ လုံလုံလောက်လောက် စားကြရသည်။

  ပြောင်းပင် ထိုနည်းလည်းကောင်း။
- ငှက်ပျောပင်တစ်ပင်စိုက်လျှင် ၅ ဖီး၊ တစ်ဖီး ၁၂ လုံး။

  ၅ × ၁၂ = ၆၀ သီးပေးသည်။

  ဆက်ပြီးတော့လည်း ပင်ပွားတွေ ပွားပေးထားခဲ့သေးသည်။
- သရက်စေ့တစ်စေ့ကဖြစ်လာတဲ့ သရက်ပင် အသီးပေါင်း မရေတွက်နိုင်အောင် သီးပေးသည်။ ဒါ တစ်နှစ်မဟုတ်၊ နှစ်စဉ် သီးပေးသည်။

အဲဒါကြောင့် ဩကာသလောက ပဒေသာပင်ကြီး စည်ကားအောင် ငြိမ်းချမ်းစွာ နေကြဖို့ ကောင်းပါသည်။

## ဓမ္မဒိပ်ကျွန်းကြီးနှင့် ခေတ်ပြိုင် ၂ ခေတ်

ကျွန်တော်(စာရေးဆရာ မင်းလူမြတ်ထွေး)သည် ဆရာဦးအောင်ခင်ထံ သွားရောက်တွေ့ဆုံ၍ **"ဓမ္မဒိပ်ကျွန်းကြီးနှင့် ခေတ် ပြိုင် ၂ ခေတ်"**အကြောင်း ဆွေးနွေးမေးမြန်းခဲ့ပါသည်။

ကျွန်တော်သည် ဆရာဦးအောင်ခင်ကို ပ-သုံးလုံးဝိပဿနာ သင်တန်း တက်စဉ်၊ ၁၉၉၄-ခုနှစ်က စ၍ သိကျွမ်း ခင်မင်ခဲ့သည်။ ဆရာ ဦးအောင်ခင်သည် ပ-သုံးလုံး ဝိပဿနာပညာတက္ကသိုလ်၏ ပဓာန နာယကဆရာတော်ကြီးသုံးပါး၏ ဝိပဿနာသင်တန်း သင်ကြားပို့ချခြင်းကို ကျွန်တော့်ထက် နှစ်အတော်စော၍ သင်တန်းတက်ခဲ့သူဖြစ်သည်။ ပ-သုံးလုံး ဝိပဿနာပညာတက္ကသိုလ်၏ ပဓာန နာယကဆရာတော်ကြီး သုံးပါးမှာ- ဦးဇောတိက(မဟာစရိယ)၊ ဦးအဂ္ဂဝံသ (မဟာစရိယ) (B.A)၊ ဦးကုသလ(အကြီးတန်း)တို့ဖြစ်သည်။

တစ်ရက်သင်တန်းချိန်၌ ပဓာန နာယကဆရာတော်တစ်ပါး ဖြစ်သည့် ဦးဇောတိက သင်တန်းပို့ချစဉ် "ဒကာကြီးဦးအောင်ခင် ဒီသင်တန်းတက်တာ ၁၁ နှစ်ရှိပြီ၊ သူ့အကြောင်းလုံးဝမပြောခဲ့ဘူး။ မဟာစရိယ အောင်ခဲ့တာကြာပြီ၊ ကျုပ် နောက်မှသိရတယ်"ဟု ပြောသည်။ ဒါတောင် သူကပြောတာမဟုတ်ဘူး။ အလှူ တစ်ခုမှာ- သူ့ရဲ့ ညီအစ်ကိုတော် ဘုန်းကြီးက ပြောပြလို့သိရတာ၊ ဆွမ်းသင်္ဂါယနာ တစ်ပွဲမှာလည်း သင်္ဂါယနာဝန်ဆောင်အဖြစ် ပါဝင်ခဲ့ရသေးတယ်ဟု ပြောပါသည်။

နောက်ပိုင်းကျတော့ ဆရာဒကာဆက်ဆံရေးမှာလည်း ပိုကောင်းသွားတယ်၊ ဒကာကြီးကို မိလို ဖလိုသဘောထားပါတယ်၊ ပြောစရာရှိရင် ပြောပါဟု သိခဲ့ရပါသည်။

ကျွန်တော်တို့ သင်တန်းသားတွေလည်း ဆရာတော်ပြောမှပဲ သိခဲ့ရပါသည်။ ဝတ်စားပုံရိုးရိုး၊ အနေအထိုင်ရိုးရိုး၊ အပြောရိုးရိုး၊ သည်းခံခြင်း(ခမာ)ဂုဏ်နှင့် ပြည့်စုံပြီး စိတ်နေသဘောထား ကောင်းမွန်မြင့်မြတ်သူဟု ကျွန်တော်လေးစားမိပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နယ်တွင် အနန္တဂုဏ်အင် ကျေးရွာတော်ရှင် အဂ္ဂါဘိဓဇ-မူလအာရာမိဿရ ပထမ ကိုင်းကုန်းဆရာတော်ကြီး ဘဒ္ဒန္တသုဒဿနမထေရ်မြတ်ကြီးသည် ၁၂၉၃ ခုနှစ်၊ နယုန်လမှစတင်၍ "ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး" ကို တည်ထောင်မူခဲ့ရာ ၁၃၇၉ ခုနှစ်၊ နယုန်လကျော်လျှင် (၈၆)နှစ်ပြည့်သည့် ကာလသို့တိုင် ပရိယတ္တိသာသနာပြုခရီးတွင်ခဲ့ပြီးဖြစ်သည်။ ပခုက္ကူနိကာယ၊ ရွှေကျင်နိကာယ၊ သုဓမ္မာနိကာယအဖွဲ့အစည်းများကဲ့ သို့ "ကိုင်းကုန်းနိကာယ"အဖွဲ့ကြီးကိုလည်း ဖွဲ့စည်းပြီးဖြစ်သည်။

ဦးအောင်ခင်သည် ကိုင်းကုန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သုဒဿန၏ တပည့်ရဟန်းတစ်ပါးဖြစ်ခဲ့သည်။ ၁၃၇၉ ခုနှစ်၊ နတ်တော် လပြည့်နေ့၌ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပမည့် "ကိုင်းကုန်း နိကာယဝင် မေ်ာကွန်းတင်စာစောင်" စီစဉ်ထုတ်ဝေမည် ဖြစ်သည်။

ထိုစာစောင်အတွက် ဆရာဦးအောင်ခင် ဆောင်းပါးများရေး နေကြောင်း သတင်းကြား၍ တစ်ရက်တွင် ကျွန်တော် ဆရာ့ထံ ရောက် သွားသည်။ ဆရာနှင့် တရားစကားပြောကြရင်း ကျွန်တော် မေးသမျှ ဆရာဦးအောင်ခင် ဖြေကြားသည့်- "ဇမ္ဗူဒိပ်ကျွန်းကြီးနှင့် ခေတ်ပြိုင် ၂ ခေတ်အကြောင်း" ဤသို့ မှတ်တမ်းတင်ခဲ့ပါသည်။

ကျွန်တော် မင်းလှမြတ်ထွေး၏ အမေး၊ ဆရာဦးအောင်ခင်၏ အဖြေကို မှတ်တမ်းတင်ရာတွင်- မေး-"မင်းလှ'၊ ဖြေ-'ဆရာခင်'ဟူ၍ မှတ်တမ်းတင်ပါသည်။

မေး-မင်းလှ ။ ဆရာပြောပြလို့ "ဇမ္ဗူဒိပ်ကျွန်းကြီးနှင့် လောကသုံးပါး အကြောင်း" ကတော့ သိပြီးပါပြီ။ ခုလည်း ဇမ္ဗူဒိပ်ကျွန်းကြီးကိုပဲ ရှေ့ကထား ဘာကြောင့် ပြောတာလဲ ဆရာ။

ဖြေ-ဆရာခင် ။ ဇမ္ဗူဒိပ်ကျွန်းကြီးဆိုတာ ကျုပ်တို့သက်ရှိတွေ နေတဲ့ ဘဒ္ဒကမ္ဘာ ကြီးဗျ၊ ဘုရား ၅ ဆူပွင့်တဲ့ ကမ္ဘာ။ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ ဘုရား ၅ ဆူပွင့်တဲ့ ကမ္ဘာ။ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ- ဘုရား ၄ ဆူပွင့်ပြီး ပြီ။ အရိမေတ္တေယျ ဘုရား ၁ ဆူပဲ ပွင့်ဖို့ကျန်တော့တယ်။

ဇမ္ဗူဒိပ်ကျွန်းကြီးခေါ်တဲ့ ဘဒ္ဒကမ္ဘာမှာ လူဖြစ်ရတာ အလွန်ရခဲတယ်။ ဘုရားမပွင့်တဲ့ သုည ကမ္ဘာတွေ အများကြီး ရှိတယ်။ ဒါကြောင့် လူဖြစ်လာခိုက်၊ သင်မမိုက်ဘဲ ဝိပဿနာ တရား အချိန်ရတိုင်းပွားပါရင်၊ တစ်မဂ် တစ်ဖိုလ် ဆိုက်နိုင်တယ် ဗျာ။ ဒါကြောင့် ဇမ္ဗူဒိပ်ကျွန်းကြီးကို ရှေ့က ဦးစားပေးပြီး ပြောရ တာပါ။

မေး-မင်းလှ ။ ဒီလိုဆိုရင် ခေတ်ပြိုင် ၂ ခေတ်အကြောင်း ဆက်ပြောပါဦး ဆရာ။

ဖြေ-ဆရာခင် ။ ကလိယုဂ်ခေတ်နှင့် ဝိမုတ္တိယုဂခေတ် ဒီခေတ် ပြိုင် ၂ ခေတ် ခြားနားချက်က ဒီလိုဗျ။ **ကလိယုဂ် ခေတ် -** ဆိုတာ ဒုံ ပုံ ဒုစရိုက် ထွန်းကားတဲ့ခေတ်၊ အသက်တိုရောဂါ ထူကြောင်းခေတ်၊ ငြီးငွေ့ ကြောက်ရွံ့စရာခေတ်၊ အစုန်ခေတ်၊ အဝိမုတ္တ စိတ္တခေတ်။ **ကလိယုဂ်ခေတ်-** ဆိုတာ လူသား သတ္တဝါတွေ ဒုစရိုက် ၁၀ ပါး၊ ၃ ပါး၊ ၅ ပါး၊ ၁၈ ပါးနဲ့ နေထိုင်ကြတဲ့ခေတ်လို့ သီတဂူ ဒေါက်တာ အရှင်ဉာဏိဿရက ဖွင့်ဆိုဟောကြားပါတယ်။ ဒုစရိုက် ၁၈ ပါးက ဒီလိုဗျ -

| | | |
|---|---|---|
| | မိစ္ဆာဒုစရိုက် က | ၁၀ ပါး |
| ယုတ်မာတဲ့ ကာမရာဂအမှု | အဓမ္မရာဂ က | ၁ ပါး |
| | ဝိသမလောဘ က | ၁ ပါး |
| | မိစ္ဆာဓမ္မ က | ၁ ပါး |
| | အမိ၌မရိုသေ | ၁ ပါး |
| | အဖ၌မရိုသေ | ၁ ပါး |
| | ရဟန်းသံဃာ၌မရိုသေ | ၁ ပါး |
| | ရသေ့သူတော်စင်၌မရိုသေ | ၁ ပါး |
| | ကြီးသူတို့၌မရိုသေ | ၁ ပါး |
| | | ၁၈ ပါး |

လူသားတွေရဲ့ စိတ်ဓါတ်ဟာလည်း မကောင်းမှုဒုစရိုက်တွေမှာသာ ပျော်နေတယ်ဆိုတာကို အမှန်ပဲမျက်မြင်တွေ့နေကြတယ် မဟုတ်လား။ လူမိုက်နဲ့ လူလိမ္မာ၊ လူမိုက်များတဲ့ခေတ်လို့ မြတ်စွာဘုရားဟောကြားခဲ့တယ်။ ဒါ့ကြောင့် ဒီစာလေးမှတ်ထားဗျ ·

"အမှန်အမှားရှိသည်ပြား၊ အမှားကြိုက်သူများ၊
အမှားကြာလျှင် အမှန်ထင်၊ နောင်ပြန်ပြင်ဖို့ ခက်ခဲစွ။"

သက်တမ်းက အတိုလေး၊ အနှစ်တစ်ရာတမ်းဗျ၊ ဒီလို ခေတ်ဆိုး ခေတ်ကြပ်ကြီးထဲ လူလာဖြစ်ရတာ၊ မြူခဲ့တဲ့ ကုသိုလ်တွေက မစင်ကြယ်လေရော့သလား လို့ စိစစ်ဖို့ ကောင်းတော့တယ်။

ခုနက ကျွန်တော်ပြောခဲ့တဲ့ ဒုစရိုက်(၁၈)ပါးထဲက ကြီးသော ပုဂ္ဂိုလ်ကို မရိုသေမှုနဲ့ပတ်သက်လို့ ကျွန်တော်ရဲ့ငယ်ဆရာတော်တစ်ပါး၊ အမှားကျူးလွန်မိတဲ့ တကယ့်အဖြစ်အပျက်ကို ပြောရဦးမယ်။ ကျွန်တော်ရဲ့ ငယ်ဆရာတော်က ရွာနီးနားချင်း ဆရာတော်ကြီးနှင့် မသင့်မတင့်ဖြစ်တော့ အဲ့ဒီဆရာတော်ကြီးကို ကျွန်တော်ရဲ့

ငယ်ဆရာတော်က ခမ်းကြမ်းကြမ်းပြောဆိုတယ်။

ဒါကို ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်၊ ကျွန်တော်တို့ကိုင်းကုန်း နိကာယဝင် ရဟန်းတွေကို ပရိယတ်စာပေသင်ကြားပို့ချတဲ့ ပထမ ကိုင်းကုန်းဆရာတော် ဦးသုဒဿန သိတဲ့အခါ ကျွန်တော်ကိုခေါ်ပြီး "မင်းရဲ့ ငယ်ဆရာတော်ကို လျှောက်လိုက်ပါ၊ ကြီးသောသူတွေနဲ့ မထိမဲ့မြင်ပြုလျှင် အသက်တိုတတ်သည်"တဲ့ -

ကျေးဇူးရှင်ဆရာတော် စကားမှန်ပုံက ကျွန်တော်ရဲ့ မျက်မြင် ကိုယ်တွေ့ပဲ။ ကျွန်တော်ရဲ့ငယ်ဆရာက မကြာခင်မှာပဲ ရောဂါ ဝေဒနာ အပြင်းအထန် ခံစားရတယ်။ နောက်ဆုံး ပျံလွန်တော်မူသွားရှာတယ်။ ကျွန်တော်ရဲ့ ငယ်ဆရာတော်က ကျွန်တော်တို့ကို စာချစဉ်ကတော့ "ခန္တီ ပရမံ တပေါ တိတိက္ခာ"ပုဒ်ကို ၅ှာန်ကုန်အောင် ရှင်းပြတယ်။ ဆရာတော်သည် သဘောတရားတော့ပိုင်ပေမဲ့ လက်တွေ့မှာတော့ သည်းမခံနိုင်ခဲ့တာကို ဆရာ့အတွက် ကျွန်တော်စိတ်မကောင်းဖြစ်မိတယ်။ ဒီနေရာမှာ- ခင်ဗျားတို့ ကျွန်တော်တို့ကို ပ-သုံးလုံးဝိပဿနာ သင်တန်းပြသတဲ့ ပသုံးလုံးဆရာတော် ဦးဇောတိကရဲ့ ဩဝါဒကို ပြန်ပြောပြချင်တယ်။

**"သားသားမီးမီးတို့အတွက် လက်ဆောင်"**

အမိအဖတို့ကို မလုပ်ကျွေးလျှင် ငရဲကြီးတယ်၊

ဘုန်းကြီးကို မလှူလို့ ငရဲမကြီးဘူးတဲ့။

မေး-မင်းလှ ။ ပြုခဲ့တဲ့ ကုသိုလ်တွေရယ် မစင်ကြယ်လေရော့ သလားဆိုတာ ရှုပ်နေလို့ ရှင်းပြပါဦးဆရာ။

ဖြေ-ဆရာခင် ။ ဒီမေးခွန်းဟာ မေးထိုက်ပါတယ်။ ကုသိုလ်က မစင်ကြယ်ဘူးဆိုတော့ ထူးဆန်းနေတယ်၊ ဒီနေရာမှာ တရားသဘော နည်းနည်းထည့်ပြောချင်တယ်၊ ပြုခဲ့တဲ့ကုသိုလ်တွေရယ်၊ မစင်ကြယ်လေရော့သလား ဆိုတာ ဟုတ်တယ်။

ကုသိုလ်ပြုတဲ့အခါ ဒုက္ခငြိမ်းကြောင်းနိဗ္ဗာန်ကို ဆုမတောင်းဘဲ၊ ဒုက္ခတိုးပွားကြောင်း၊ လူချမ်းသာ နတ်ချမ်းသာ

ဆုတောင်းတော့ အဝိဇ္ဇာ၊ တဏှာ ဒဏ်ချက်မိသွားလို့ ပြုတဲ့ ကုသိုလ်တွေ မစင်ကြယ်တူး ဖြစ်သွားတာပါပဲ။

ပဿုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် အာဒိကမ္မိက ဆရာကြီး ဦးဗဂျိုင်က သူရဲ့ကျမ်းစာ ဝိပဿနာဘာဝနာ နှစ်ဆောင်တွဲကျမ်း မျက်နှာဖုံးမှာ "ယောဂီဒါနပြုတတ်၏လော"ဟု မေးထားတယ်။ ဒါနပြုတတ်၏လောဟု မေးထားတော့ ဘယ်လို မေးလိုက်တာလဲဟု ထင်စရာဖြစ်တယ်၊ ပြန်ရှင်းပြတော့ အထက်က ပြောသလိုပဲ၊ ဒါနပြုတတ်မှ မဟာပ္ဖလဒါနဖြစ်တဲ့ အကြောင်း ရှင်းပြခဲ့ပါတယ်။

"တစ်ကျမ်းမြင်ရုံ ကျမ်းမစုံ အာဂုံတည်၍ မတင်းနဲ့"ဟု ပညာရှိတွေရဲ့ စကားကိုလည်း ကိုးကားပြခဲ့ပါသေးတယ်။

အဲဒီ မစင်ကြယ်တဲ့ကုသိုလ်က အကျိုးပေးတော့ လူ့ခန္ဓာ ရတာကိုပြောတာ၊ အမှားကြိုက်သူများတဲ့အထဲ ပါသွားတာပေါ့။ ဒီနေရာမှာ သံသရာ လမ်းခွဲရောက်နေပြီ၊ စဉ်းစားပြီး ကြိုက်ရာ လမ်း ရွေးနိုင်ပါတယ်။

"လယ်တီဆရာတော်ဘုရားကြီးကလည်း ယခုလို ဆုံးမခဲ့ပါသေးတယ်။ **ဘဝနောင်ခါ၊ သံသရာ၌၊ လူ့ရွာနတ်နန်း၊ စည်းစိမ်သွမ်းကို၊ ချမ်းသာအတိ၊ အထင်ညိလျက်၊ ဂတိနှောင်းကို၊ ကောင်းစေလို၍၊ ကုသိုလ်အနိုး၊ အမျိုးမျိုးကို၊ ကြိုးကြိုးစားစား၊ ပြုတုန်းငြားက၊ ဆယ်ပါးပုည၊ အာနေဥ္စဟု၊ ဘဝနိုးရင်း၊ ပွားတုန်လျှဉ်းသည်၊ ဝဋ်ခင်းဝဋ်နွယ်ရှည် သတည်း။**

မေး-မင်းလှ ။ ဆရာရယ်. . . ကလိယုဂ်ခေတ်ဆိုးကြီး အကြောင်းပဲ ဆက်ပြောပါဦး။

ဖြေ-ဆရာခင် ။ ကလိယုဂ်ခေတ်ကို ဒုစရိုက်ထွန်းကားတဲ့ ခေတ် ဆိုပြီး စာထဲမှာ ရေးတာထက် လက်တွေ့က ပိုပြီးတောင် ဆိုးလာတာ တွေ့ရ

တယ်။ ခေတ်ဆိုးကြီး ကို ပြုပြင်ပြောင်းလဲဖို့ဆိုရင် ရဟန်းပညာရှိတွေကသာ တတ်နိုင်တာ၊ ရဟန်းပညာရှိတွေကို ကြည့်လိုက်ပြန်တော့၊ ဒီနေ့ မြန်မာနိုင်ငံမှာ ရဟန်းသံဃာအရေအတွက်က ထက်ဝက်လောက် လျော့နည်းသွားတာကို သိရတယ်။

"ရှင်နည်းရာ အဂ္ဂလူထွက်"ဆို စကားအတိုင်းပဲ၊ လူထွက်သွားတဲ့ ရှင်ရဟန်းတွေများလာရင်၊ ကလိယုဂ်ခေတ်ဆိုးကြီးကို ခေတ်ပြောင်းတော်လှန်ရေးလုပ်ဖို့၊ ဟောဖို့ပြောဖို့၊ ရှင်ရဟန်းတွေ နည်းသွားလေလေ၊ ကလိယုဂ်ခေတ်ဆိုးကြီးက ပိုထွန်းကားဖို့ ရှိလေလေ ဖြစ်တော့မှာပဲ။

ယနေ့လောကမှာ ပြောကြတဲ့ စကားရှိတယ် မဟုတ်လား။ "ဘုန်းကြီးက လူ၊ လူက ဘီလူး"တဲ့။ လူက ဘီလူး စိတ်တွေ ပေါက်လာပြီဆိုရင်တော့ ဒုစရိုက်ကျင့်တဲ့အဆင့်ထက် ကျော်လွန်ပြီး ဘီလူးအဆင့်ရောက်တော့မှာပဲ။

တချို့နိုင်ငံတွေမှာ-အာဏာပိုင်တွေကပါ ဒုစရိုက်ဂိုဏ်းသားတွေနဲ့ပေါင်းပြီး ဒုစရိုက်မှုတွေ ကျူးလွန်နေကြတာကို သတင်းတွေမှာ ဖတ်ရတယ်။ မကောင်းမှုဒုစရိုက် ကျူးလွန်ရမှာကို တွေးပြီးကြောက်တတ်၊ လန့်တတ်တဲ့ ရှက်စိတ်ကြောက်စိတ် ပေါ်လာရင်တော့၊ (စိတ်နေစိတ်ထား) ပြောင်းလာရင်တော့ ထိုသူအတွက် လွတ်မြောက်တဲ့ စိတ်ပေါ်လာတော့မှာ အမှန်ပဲ။

ဒါဟာ အဲ့ဒီလူအတွက် နေ့အရုဏ်တက်လာတာနဲ့တူပါတယ်။ အဲဒီအခါကျတော့မှ ဝိမုတ္တိယုဂ ခေတ်ဆိုတာကို စိတ်ဝင်စားလာမယ် အကျွတ်အလွတ်ကျင့်သုံးလိုတဲ့ ဆန္ဒတွေ မြင့်မြလာမယ်။ ဝိမုတ္တိသုခအရသာကို ခံစားလာနိုင်ပါတော့မယ်။

ကောသလအိပ်မက် ၁၆ ချက်ကို ကနေ့ခေတ်ချိန် ကြည့်လိုက်တော့ "ကလိယုဂ်ခေတ် ဆိုးဆိုက်ဦးမယ်"ဆိုတာကို ကြိုတင်ဟောကိန်း

ထုတ်ထားခြင်း အမှန်ဖြစ်တယ်။

ခင်ဗျားမှတ်ထားဖို့ ဆရာတော် ဦးသာဂရရဲ့ ခေတ်ဆိုးမစာ ၄၉ ပုဒ်ထဲက နမူနာမျှပြောပြမယ်၊

* ဘိုးဘွားမိဘ ဩဝါဒ လုံးဝပယ်တဲ့ခေတ်။
* အကုသိုလ်၌ လွန်ပျော်ပိုက် စရိုက်ဆိုးတဲ့ခေတ်။
* လက်နက်အားကိုး လူမိုက်မျိုး ကြီးစိုးကြတဲ့ခေတ်။
* လက်နက်ချင်းဆိုင် အားချင်းပြိုင် အနိုင်လုတဲ့ခေတ်။
* သတ္တဝါသေကြောင်း လက်နက်ရောင်း မကောင်းမှုပွားတဲ့ခေတ်။
* တစ်လုပ်စားဖူး သူ့ကျေးဇူး တင်ဖူးဖျက်တဲ့ခေတ်။

မေး-မင်းလှ ။ ဆရာရယ် ကလိယုဂ်ခေတ်ဆိုးကြီးက ကြောက်စရာကြီးပါလား၊ ဘယ်လိုနေရပါ့မလဲ။

ဖြေ-ဆရာခင်။ "သဗ္ဗေသတ္တာ ကမ္မဿကာ"တဲ့ မီးများမီးနိုင်၊ ရေများရေနိုင်၊ အဲဒီအထဲမှာ ကိုယ်မပါအောင် နေတတ်ဖို့ အရေးကြီးတယ်။

"ယံကမ္မံ ကရိဿတိ၊ ကလျာဏံဝါ ပါပကံဝါ၊
တဿဒါယာဒေါ ဘဝိဿာမိ၊ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။"

ဒုစရိုက်ကျူးလွန်သူသည် ထိုဒုစရိုက်၏ အမွေစားအမွေခံဖြစ်လတ္တံ့။ သုစရိုက်ကျင့်သူသည် ထိုသုစရိုက်၏ အမွေစားအမွေခံဖြစ်လတ္တံ့ဟု မပြတ်ဆင်ခြင်ပြီး ကုသိုလ်ယူ တတ်ပါစေ။

ကလိယုဂ်ခေတ်ရဲ့ သဘောကို ဖော်မတွက်ကြနဲ့၊ ဆရာမိဘများ ဆိုဆုံးမနေတဲ့ကြားကပဲ ယနေ့ခေတ်လူငယ်များ အတုမြင် အတတ်သင် ပြီးဖြစ်တယ်။ တမင်မသင်ရဘဲ တတ်တဲ့ ခေတ်

ပညာဗျ။ အင်တာနက်၊ ဖေ့စ်ဘုတ်၊ ရုပ်မြင်သံကြားစတဲ့ သိပ္ပံနည်းတွေ အသစ်သစ်ပေါ်လာ သလောက် ကလေးတွေ၊ လူငယ်တွေ မကောင်းမှုဒုစရိုက်ဘက် ပိုလို့ ကျူးလွန်လာကြတယ်။ ဘိုးဘွား အစဉ်အဆက်မကြားဖူး၊ မမြင်ဖူး၊ မတွေ့ကြုံဖူးတာတွေ မျက်မြင်တွေ့ကြုံနေရတယ်။ ဗုဒ္ဓရဲ့ အဆုံးအမ စာပေတွေ၊ သူတော်ကောင်းတွေရေးတဲ့ စာပေတွေ အဖတ်နည်းလာကြတယ်။ ဆရာတော် သံဃာတော်များဟောကြားတဲ့ တရားတွေကို တရားနာသူ နည်းလာတယ်။ ယဉ်ကျေးလိမ္မာသင်တန်း တက်ကြတဲ့ ကလေးတွေ ရှိသေးတာကို ချီးကျူးရပါတယ်။ အုပ်ချုပ်ရေးဘက်က အရေးယူမှုတွေ၊ တရား ဥပဒေတွေနဲ့ အရေးယူတာတွေကို ကြောက်တဲ့ လူတွေရှိသေးလို့သာ တော်သေးတာပေါ့။ ဒါကြောင့် လူကောင်းသူကောင်းတွေ စိတ်ချ လက်ချအိပ်ကောင်းခြင်းအိပ်၊ စားကောင်းခြင်း စားနေရသေးတာပဲ။

## တစ်ကမ္ဘာလုံးကြောက်မယ်ဖွယ် ကလိယုဂ်ခေတ်ကြီး

တစ်ကမ္ဘာလုံး ကြောက်မက်ဖွယ်ဖြစ်နေကြတဲ့ ကလိယုဂ်ခေတ်ကြီးပဲ၊ သုတေသနပညာရှင်တွေရဲ့ တွက်ကိန်းအရ လက်ရှိ ကမ္ဘာ့ လူဦးရေနဲ့ အခုထုတ်လုပ်ထားတဲ့ လက်နက်ဆန်းတွေကို နှိုင်းချိန်ကြည့်ရင် အဆိပ်လက်နက်၊ ဓာတုလက်နက်တွေက ဖောက်ထိုးကြီးသာလွန်နေတယ်လို့ ဆိုကြတယ်။ ဒုတိယကမ္ဘာစစ်ကြီးတုန်းက ဂျပန်ပြည်ပေါ်ကြချတဲ့ အနုမြူဗုံး ၂ လုံးရဲ့ ပြင်းအားကို ထိုကာလမှာ တစ်ကမ္ဘာလုံး အံ့ဩတုန်လှုပ်သွားကြတာ ဘာဟုတ်သေးလဲ။ သိပ္ပံထွန်းကားတဲ့ နိုင်ငံတွေလက်ထဲမှ ခုရှိတဲ့နောက်ဆုံးပေါ် အနုမြူဗုံးတွေ၊ တိုက်ချင်းပစ် ဒုံးကျည်တွေသာ အကုန်လုံး အသုံးချလိုက်တဲ့အချိန်ဆိုရင် တစ်ကမ္ဘာလုံး ပြာကျသွားနိုင်တယ်။ စာထဲမှာပါတဲ့ ရဟန်းတော်ကြီးက မိလက္ခမုဆိုးကြီးကိုပြပြီး ချွေချွတ်တဲ့

ခရိမ်းလောက်တော့ ယနေ့ကာလပေါ် လက်နက်ဆန်းတွေက ဖျင်းတောင်ဖျင်း
သေးတယ်လို့ ဆိုရမလိုဖြစ်နေပြီ။ မိလက္ခမုဆိုး ကြောက်လန့်ပြီး တရားအားထုတ်ဖို့
သို့သလို၊ ကျုပ်တို့တွေလဲ သဘောပေါက်ချိန်တန်ပြီ။

အဲဒါကြောင့် တစ်ကမ္ဘာလုံးငြိမ်းချမ်းရေးကို မျှော်လင့်တောင့်တ နေကြ
တာပဲ။ အာယာတမထားရေး၊ ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး လုပ်တယ်ဆိုတာ
(လူသားအချင်းချင်း သေစေဖို့၊ စစ်ပွဲတွေတိုက်ဖို့) ငွေကုန်ကြေးကျအများကြီးခံပြီး
မလုပ်ရဘဲ၊ စိတ်နဲ့လုပ်လို့ရနိုင်တဲ့ အခွင့်အရေးရှိတယ်။ အများသတ္တဝါ အသက်
ချမ်းသာဖို့ ကောင်းစားဖို့အကျိုးမျှော်ကာ ကျုပ်က နှိုးဆော်နေတာပဲ။

## ကိုယ့်ထွက်ပေါက်ကိုယ်ရှာ

ကိုယ်တစ်ယောက်အတွက်ကတော့ ခုနကပြောတဲ့စိတ်နဲ့ လုပ်လို့ရတဲ့
အကျွတ်အလွတ် ကျင့်သုံးခွင့်ရှိတယ်။ ဓမ္မနယ်ပယ်က စကားနဲ့ပြောရရင် ကိုယ်
လွတ်ရုန်းတယ်ဆိုတာ မရှိုင်းဘူးနော်၊ ကိုယ်ကျွတ်ဖို့လွတ်ဖို့ ဘယ်သူက ကိုယ်စား
ကျင့်ပေးလို့ရမလဲ။ ကိုယ့်အိမ်ကိုယ့် ရာနေ ကိုယ့်ထမင်းကိုယ်စား ကိုယ့်တရားကိုယ်
အားထုတ်ရမှာပဲ။

* သကိစ္စ မနုယုဉ္စေယျ = ကိုယ့်ကိစ္စကိုယ်လုပ်၊

* သစိတ္တ မနုရက္ခထ = ကိုယ့်စိတ်ကိုယ်စောင့်ရှောက်စေရာ၏။

* သစိတ္တ ပရိယောဒပနံ = ကိုယ့်စိတ်ကိုယ်ဖြူစေရာ၏။တဲ့

ပြည်တန်ပတ္တမြားမကာ တန်ဘိုးရှိတဲ့ မွေ့ညြဝါဒ ဆုံးမထားတာတွေ ခင်ဗျား
ကို ဟောပြောဦးမယ်။

“မကွေ့မထောင့် လမ်းဖြောင့်တရား၊ တွေ့ပါသားနှင့် အများရှုးတိုင်း
ခင်မရှုနဲ့၊ ထုံးသည့်အခါ ဝိပဿနာကို ခါခါပွားမှ သွားမည့် သံသရာ အစဉ်ပါမည်၊
ခင်သာ သတိထား။”

* လမ်းဖြောင့်ကရား ဝိမုတ္တိယုဂခေတ်နှင့် တွေ့နေမှတော့ အများက ကလိယုဂ်ဆိုတိုင်း နှင်ကလိယုဂ်မလုပ်နဲ့ နှင်သာ သတိထား။

## ဘုရားစကားလိုက်နာပွား တရားလက်မလွှတ်ကြစေနှင့်

မေး-မင်းလု ။ ဆရာက- ကိုယ့်ထွက်ပေါက်ကိုယ်ရှာဖို့ ဟောခဲ့တာ အလွန်ကောင်းပါတယ်။ ဘေးတွေကလဲ များပါတီ၊ ဘယ်ဘေးမျိုးတွေကို တားလို့ရလဲ၊ ဘယ်ဘေးမျိုးကျတော့ တားမရဘူးဆိုတာ ရှင်းပြပါဦးဆရာ။

ဖြေ-ဆရာခင်။ **"အနိုးမရတဲ့သေဘေး"**

ပြောခဲ့တဲ့ဘေးတွေ၊ လူ့ပယောဂကြောင့်ဖြစ်တဲ့ ဘေးတွေက တားလို့ရပါသေးတယ်။ တားဆီးလို့မရတဲ့ သဘာဝဓမ္မဘေးတွေကြတော့ ၃၁ ဘုံ၊ ဘယ်ဘုံကိုသွားပုန်းပုန်း၊ ပုန်းနေလို့ မလွှတ်ဘူး။ အဲဒီဘေးတွေကတော့-

"ဆနဝုတိ များဘိ အနာဘယာ- ၂၅၊ ၃၂ ပါး သောကဲကြမ္မာ၊ စဏ္ဍာသောင်းသောင်း၊ လက်နက်ကိုင် စစ်သားကောင်းများစွာနှင့် အပြည့်အစုံ အလုံအလောက်ရှိသော ရှင်သေမင်းနှင့်ငါတို့အား ဟိုနေ့ဟိုလ ရောက်မှ ခေါ်ပါ ဥစ္စာတံစိုး လက်ဆောင်ထိုးလျက် နှုတ်ဖြင့်ဆက်၍ အချိန်းအချက်ထားလို့ မရတဲ့ သေဘေးပါပဲ။"

ဒါကြောင့် ခင်ဗျားကို "ဓမ္မပဒပါဠိတော်လာ နှိုးဆော်စာ" ဆက်ဟောမယ်။

**ဘဝန္တော**= လူနတ်ဗြဟ္မာသတ္တဝါ သောင်းပြောင်း အို-သူတော်ကောင်းအပေါင်းတို့၊ **တုမှာကံ**= သင်သူတော်ကောင်း

အပေါင်းတို့အား၊ **နိစ္စံ**= အစဉ်တစိုက် အမြဲလိုက်သည်ဖြစ်၍၊ **ပစ္စလိတာနံ** = မသေချင်သော၊ သေချင်သေနဲ့ တဇောဇော ကြိတ်လျက် နှိပ်စက်တောက်လောင် အပ်သော၊ **အဝ္ဂီ**= တစ်ဆယ့်တစ်သီး မီးတောက်ကြီးသည်၊ **သတိ**= ကိုယ်မှာထင်ရှား ရှိပါသားလျက်၊ **ကိံနု**= ဘယ်လိုစိတ်ကူး သဘောရှူးကြောင့်၊ **ကိံနု**= ဘယ်လိုစိတ်ထား သဘောသွားကြောင့်၊ **ဟာသော**= ဆပ်ကပ်ရုပ်ရှင်သဘင်ပွဲနှင့် ပျော်ရွှင်ဟားတိုက် အဘယ်ကြောင့် အပျော်လိုက်၍ နေနိုင်ကြကုန်ဘိနည်း။ **ကိမာနန္ဒော** = ငိုဖို့သာကောင်းလျက်၊ ငရဲတက်သို့ အဘယ်ကြောင့် နှစ်သက်ပျော်မြူး၍ နေနိုင်ကြကုန်ဘိသနည်း။ **အကာတပ္ပနန္ဒ**= အလော်မာအတုလိုက်၊ ပျော်စရာအမှုမိုက်၊ မတော်တာ ဒုစရိုက်တွေကို မပြုထိုက်သည် မဟုတ်တုံလော။

**အန္ဓကာရေန** = မှန်တာကိုကွယ်ဝှက်၊ မှားတဲ့ဘက် သွေးဆောင်၊ မောဟဆိုတဲ့ အမိုက်မှောင်ဖြင့်၊ **ဩနဒ္ဓါ** = နောင်သံသရာမှာ ပူပန်ဖွယ်ရာ မှန်သမျှ၊ အနန္တကို မသိရအောင် ပိတ်လှောင်မှေးယှက်အပ်ကုန်သော၊ **တုမှေ** = ဒုက္ခကြီးထွား သင်သံသရာသမားတို့သည်၊ **ဝိဒမနတ္ထာယ**= မောဟဆိုတဲ့ အမိုက်မှောင်ကြီးကို ဖျက်စီးမှုက်လွင့်၍ ပစ်ခြင်းငှာ၊ **ကိံ** = အဘယ်ကြောင့်၊ **ပဒီပံ**= ဝိမုတ္တိယာဂခေတ် ဝိပဿနာတည်းဟူသော ဉာဏ်ရောင်လက်နက်ကို၊ **နဂဝေသထ**= စိတ်အေးလက်အေး မရှာသေးဘဲ အဘယ်ကြောင့် အသာမှေး၍သာ နေနိုင်ကြကုန်ဘိသနည်း။

ညှိုးငယ်သောစိတ်ထားဖြင့် ပုဆိုးမီးလောင်၊ ဦးခေါင်းမီးလောင်အရေးတကြီး ရှာဖွေကြရကုန်မည် မဟုတ်တုံလော။

မေး-မင်းလှ ။ ကိုယ့်ထွက်ပေါက်ကိုယ်ရှာဆိုတာ ထပ်ဆင့် ရှင်းလင်းပေးပါဦး ဆရာ။

ဖြေ-ဆရာခင်။ 'ကိုယ့်ထွက်ပေါက်ကိုယ်ရှာ'ဆိုတဲ့ စကားကို နည်းနည်းဆွေးနွေးပါဦးမယ်။

တရားအားထုတ်တဲ့နေရာမှာ- သဒ္ဓါတရားတွေ လွန်ကဲပြီး၊ အရိပ်၊ နိမိတ်အရောင်အလင်းတွေ တွေ့တတ်ပါတယ်။ အဲ့ဒီလိုတွေ့တဲ့အခါမှာ မဂ်လို့လည်း ထင်တတ်တယ်။ ဖိုလ်လို့လည်း ထင်တတ်တယ်၊ နိဗ္ဗာန်လို့လည်းထင်တတ်တယ်။ အဲ့ဒီအခါမှာ ကိုယ်တွေ့တရားလို့ထင်ပြီး အတ္တနောမတိ အတိုင်း ရပ်တန့်၍ ကျေနပ်တတ်တယ်၊ ဒါ မဟုတ်သေးဘူးဗျ- "အတ္တနောမတိ ပန သဗ္ဗ ဒုဗ္ဗလာ"တဲ့ အတ္တနောမတိက အလုံးစုံ မကောင်းဟု ဆိုလိုတယ်။ အလကားတော့ မဖြစ်ပါဘူး။ တရားစိတ်နဲ့ လုပ်တဲ့အတွက် လောကီကုသိုလ်တော့ ရပါတယ်။ ဝင်ပေါက်ထဲပဲ ပြန်ရောက်နေတယ်၊ အဲ့ဒီတော့-

**ပရိယတ္တိက ယထာဝါဒီ၊**

**ပဋိပတ္တိက တထာကာရီ -**

ပရိယတ်နဲ့ ကိုက်မကိုက်၊ ဆရာကောင်းထံ ချဉ်းကပ်ပြီး အားထုတ်ဖို့လိုတယ်၊ ဆရာကောင်း သိပ်အရေးကြီးတယ်၊ ပရိယတ်နဲ့ ပဋိပတ် တထပ်တည်းကျလျှင်၊ ပဋိဝေဓ ဆိုတာ ဓမ္မနိယာမအတိုင်း အလိုလိုပါပြီးသား ဖြစ်သွားတာ ကိုယ့်ရဲ့ ထွက်ပေါက်ပါပဲ။

နောက်တစ်နည်း ဆွေးနွေးဦးမယ်၊

-ပဋိစ္စသမုပ္ပါဒ်- အနုလောမ က ကိုယ့်ရဲ့ဝင်ပေါက်

-ပဋိစ္စသမုပ္ပါဒ်- ပဋိလောမ က ကိုယ့်ရဲ့ ထွက်ပေါက်ပါပဲ။

ကိုယ့်ထွက်ပေါက် ကိုယ်ရှာဆိုတာ ကိုယ့်ရဲ့ အတ္တနောမတိနဲ့ စမ်းတဝါးဝါးရှာရမှာ မဟုတ်ပါဘူး။

**"ဂန္ဓီရမါတ်၊ ပရမတ်ကို အတတ်တွေးတော မဟော ပြောနဲ့၊ သဘောသကန်၊ မိမိဉာဏ်နှင့် မတန်မရာ၊ နက်နဲစွာကို၊ အရာမသိ၊ မရိပ်မိဘဲ၊ ဟုတ်၏နိုးနိုး၊ ဆင်ကန်းတိုးသို့၊ ကြိုးကြိုး ပမ်းပမ်း၊ အကြံဆန်းမူ၊ ပရမ်းပတာ၊ စိတ်သညာဖြင့်၊ ထင်ရာ ထင်မိ၊ မှားခေါင်ထိ၍၊ ဒိဋ္ဌိမြစ်၊ စုန်းစုန်းနစ်သည်၊ လူဖြစ်၍တွင် နှမြောသတည်း။** စာဆို ရှိတာကို သတိထားရမှာ ဖြစ်ပါသည်။

မြတ်စွာဘုရား လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ရှာမှီး တော်မူမှ သိတော်မူလို့ မြင်တော်မူလို့ ဟောကြားထားတဲ့- ဓမ္မစကြာ၊ သစ္စာလေးပါးတရား၊ အနတ္တလက္ခဏာသုတ်၊ ဝိပဿ နာ တရား၊ ပဋိစ္စသမုပ္ပါဒ်။ မဟာသတိပဋ္ဌာန်၊ မဟာပဋ္ဌာန်း တရားတွေဟာ ထွက်ပေါက်ပါပဲ။ "နိယျာနိကံသု ဒေသိတံ" ထိုတရားတွေဟာ သံသရာမှ ထွက်မြောက်ဖို့ ကောင်းစွာ ဟော ကြားထားတဲ့ တရားတွေအတိုင်း အားထုတ်ပါလို့ ဆွေးနွေးတိုက် တွန်းပါတယ်။

ကျေးဇူးတော်ရှင် ကိုင်းကုန်းဆရာတော်ကြီး ဦးသု ဒဿန၏ မှာ်ဒကလည်း-

- ကျွမ်းပြုသည်ဖြစ်စေ၊ တရားအားထုတ်သည် ဖြစ်စေ၊ ကျွမ်းရင်းကို လက်မလွှတ်စေရဟု အမိန့် ရှိတော်မူခဲ့ပါသည်။ ဒါမှကျွမ်းပြုလျှင် ကျွမ်းသက် ရှည်တယ်၊ တရားအားထုတ်လျှင် အမှားအယွင်း မရှိဖြစ်တယ်ဟု အမိန့်ရှိတော်မူပါသည်။

"သုခီအတ္တာနံ ပရိဟရန္တု" မိမိတို့၏ ခန္ဓာဝန်ကို ချမ်းသာ လွယ်ကူစွာ သက်ဆုံးတိုင်အောင် ထမ်းဆောင်နိုင်ကြပါစေကုန် သတည်း။ ။

သာဓု - သာဓု - သာဓု။

"ဆရာပြောတဲ့ တရားကို ဆရာနဲ့ထပ်တူ သာဓု သာဓု သာဓု ခေါ်ပါတယ်။ ဆရာပြောတဲ့ တရားက နားထဲကြားရုံမက နှလုံးသားထဲအထိ ရောက်ခဲ့ပါတယ်။ သံဝေဂဉာဏ်လဲ တိုးလို့ တိုးလို့ ပွင့်လာပါတယ်။

မေး-မင်းလှ ။ ဒါ့ကြောင့် ဝိမုတ္တိယုဂခေတ်ကြီးအကြောင်း ဆက်ရှင်းပြပါဦး ဆရာ။

ဖြေ-ဆရာခင် ။ ဝိမုတ္တိယုဂခေတ်နဲ့ ကလိယုဂ်ခေတ် ဒီ ၂ ခေတ်က အပြိုင်ဗျ။ တစ်ခေတ်နဲ့တစ်ခေတ်က လုံးဝ ခြားနားတယ်။ လုံးဝဆန့်ကျင် ဘက်ပဲ။ ဝိမုတ္တိ ခေတ်က ၃/၄ ပုံ သူစရိုက်ထွန်းကားတဲ့ခေတ်၊ အလင်းခေတ်၊ သက်ရှည်ကျန်းမာတဲ့ခေတ်၊ ငြိမ်းငွေ့ကြောက်ရွံ့ ဖွယ်မှ လွတ်မြောက်တဲ့ခေတ်၊ အဆန်းခေတ်၊ ဝိမုတ္တစိတ္တခေတ်ဗျ။

ဘုရားပွင့်တော်မူတဲ့ခေတ်၊ ဝိမုတ္တိယုဂခေတ် ထွန်း တောက်ချိန်မှာ- ဘုရားပွင့်တာ။ ဒါ့ကြောင့် "ဝေနေယျအား၊ မြင်လုံးထွားအောင်၊ ဝိပဿနာ တရားဟောကြားနိုင်တဲ့၊ စောထွင့်ရ ရကနာ၊ မြတ်ဗုဒ္ဓါကို သဒ္ဓါညွတ်ကျိုး လက်စုံမိုး၍ ရှိလျှင်ခိုးသည်၊ ဤကွင်အစ ပဏာမတည်း၊"လို့ ဗုဒ္ဓ မြတ်စွာအား အရင်ရှိခိုး လိုက်တယ်။

ကလိယုဂ်ခေတ်အခါသမယမှာ - ဘုရားရှင် ပွင့်ထွန်း ပေါ်ပေါက်လာရတာဟာဖြင့် အလျှံတပြောင်ပြောင်ညီးတဲ့ မီးကျီး တွင်းကြီးထဲမှာ ပဒုမ္မာကြာပန်းကြီး ပွင့်လာသလိုဖြစ်တယ်လို့ ဖွင့်ဆိုကြတယ်။

ကလိယုဂ်ခေတ်နဲ့ ဝိမုတ္တိယုဂခေတ်က 'ခေတ်' ပြိုင်လို့ ကျွန်တော်ပြောခဲ့တာက၊ ကလိယုဂ်ခေတ်ခေါ်တဲ့ ဒုစရိုက်တရား တွေ ထူပြောလွန်းတဲ့ ခေတ်ဆိုးခေတ်ကြပ်ကြီးထဲမှာ ဘုရားပွင့် တော်မူလာတဲ့အကြောင်း ပြောတာပဲ။ ဘုရားပွင့်တော်မူတဲ့

ခေတ်- သံသရာခန္ဓာမှ ကျွတ်ခွင့် လွတ်ခွင့် ရှိတဲ့ခေတ်၊ ရဟန္တာ မဆိတ်သုဉ်းသေးတဲ့ခေတ်ကို ဝိမုတ္တိယုဂခေတ် လို့ခေါ်တာပဲ။

ဝိမုတ္တိယုဂခေတ်အစ၊ မြတ်စွာဘုရားပွင့်ခါစ- တရား ဟောဖို့- လောကသားတွေကို ကြည့်လိုက်တဲ့အခါ "ကိလေသာ တွေ ထူပြောလွန်းလို့၊ တရားကို နားထောင်နိုင်စွမ်းရှိတဲ့ နားက ငယ်ငယ်၊ ငါသိတဲ့ သစ္စာတရားက ကျယ်ကျယ်၊ (တရားကကျယ်၊ နားကငယ်)တော့ ဆန့်မယ်မထင်တဲ့ စိတ်ဖြစ်တာကြောင့် တရား မဟောဘဲ ကြောင့်ကြမဲ့ နေခဲ့သေးတယ်။

အဲဒီတော့ သဟမ္ပတိဗြဟ္မာကြီးရဲ့ စိတ်ထဲမှာ 'နဿတိ ဝတ ဘော လောကော'ဆိုအချင်းတို့ မြတ်ဗုဒ္ဓ တရားမဟော ရင်တော့ လောကလူအပေါင်းတို့ ပျက်စီးဆုံးရှုံးကြလေစွတကား- လို့ ငြီးတွားတော်မူခဲ့တယ်။

ဒါ့ကြောင့် သဟမ္ပတိဗြဟ္မာကြီးက မြတ်စွာဘုရားအား "ကိလေသာမြူ အညစ်အကြေး နည်းပြီး၊ နားထောင်နိုင်စွမ်းရှိတဲ့ သူတွေရှိပါသေးတယ် ဘုရား"လို့ တရားဟောဖို့ တောင်းပန် တော်မူ တော့မှ- အာဠာရ ရသေ့၊ ဥဒက ရသေ့၊ ပဉ္စဝဂ္ဂီ ငါးဦး တို့ကို မြင်ပြီး တရားဟောဖို့ စိတ်ဖြစ်ခဲ့တာပါ။

မဟာသက္ကရာဇ်- ၁၀၃-ခုနှစ်မှ ၁၄၈-ခုနှစ် အထိ ၄၅ နှစ် အတွင်း ဘုရားရှင်ကိုယ်တော်တိုင်-

* ဓမ္မစကြာ - သစ္စာ ၄ ပါးတရား၊
* အနတ္တလက္ခဏာသုတ်- ဝိပဿနာ တရား၊
* ပဋိစ္စသမုပ္ပါဒ် - သံသရာ စက်ရဟတ်ကြီး လည်ပုံ/ပြတ်ပုံ၊
* မဟာသတိပဋ္ဌာန်- ဤခန္ဓာကိုယ်မှာ ရှုကွက်ဖော်ပြီး ဟော ကြား ပေးတဲ့တရား၊

* မဟာပဋ္ဌာန်း- ဤခန္ဓာကိုယ်မှာ ပဋ္ဌာန်း ၂၄ ပစ္စည်းနှင့် အကြောင်း/အကျိုးပြု တရား- စသည့် တရားများဟောပြောပြီး ချေချွတ်တော် မူခဲ့တာ၊ မရေမတွက်နိုင်တဲ့ သတ္တဝါတွေ ကျွတ်တန်းဝင်သွားကြလေတယ်။

အဋ္ဌသာဝက၊ မဟာသာဝက၊ ထေရာထေရီ ရဟန္တာ အရှင်သူမြတ်တွေကလည်း ထိုတရားကိုပဲ ဟောပြောချေချွတ်တော်မူတာကြောင့် မရေမတွက်နိုင်တဲ့ သတ္တဝါတွေ ကျွတ်တမ်းဝင်သွားကြပြီ။ ဒါလောက်များတဲ့ ဝေနေယျတွေထဲမှာ တို့တတွေ ပါခွင့်မရဘဲ၊ ခုချိန်ထိ သံသရာထဲမှာ ဂုတ်တုတ်ခံနေရတယ်။ အတွေတွေ ဒုက္ခတွေ ခံနေတုန်းပဲ။

ကျွတ်တန်းဝင်သွားတဲ့သူတွေကို ဆက်ပြောရရင်၊ သာသနာနှစ် (၁)နှစ်မှစလို့ သာသနာ (၂၅၀၀)နှစ်အထိ၊ ရဟန္တာ၊ ထေရာထေရီအရှင် သူမြတ်တွေ ပဋ္ဌမသံဂါယနာမှ ဆဋ္ဌသံဂါယနာထိ တရားတော်ဟောပြောပြသ ချေချွတ်ခံရလို့ ကျွတ်တန်းဝင်သူတွေဟာ အသင်္ချေအနန္တပဲ။

အဲဒီအထဲမှာလည်း တို့တတွေမပါခဲ့ဘူး။ လွဲခဲ့ပြန်တယ်။ ၃၁ ဘုံရှိတာမှာ ဘယ်ဘုံသွား ပုန်းရှောင်နေလဲမသိဘူး။ ဗုဒ္ဓဝေနေယျထဲလည်းမပါ၊ သာဝကဝေနေယျထဲလည်းမပါ၊ အလေးအနက်စဉ်းစားကြည့်ရင် ငိုနေဖို့သာကောင်းတော့တယ်။

မေး-မင်းလှ ။ ဆရာ-ရယ်။ ခုလက်ရှိဘဝမှာ လွဲချော်မသွားအောင် နည်းလမ်းပေးပါဦး။

ဖြေ-ဆရာခင် ။ ခုရနေတဲ့ လူ့ဘဝမှာ ကျွတ်တမ်းဝင်ဖို့လွဲချော် မသွားအောင် ကိုယ့်ဘာသာအလေးအနက် စဉ်းစားကြည့်ကြပါ။ ပြီးတော့ ပြတ်သားတဲ့ ဆုံးဖြတ်ချက်ချကြပါ။

**"ဗုဒ္ဓတရား ရှိနေငြားလည်း၊ အမှားနှစ်မြှုပ် လမ်းလွဲလိုက်က၊ အမိုက်ထိပ်ဆုံး လူဖြစ်ရှုံး၏"** တဲ့ ပညာရှိ သူတော်ကောင်း ဆုံးမစကား မှတ်ထားနော်။

ဟောတဲ့ပုဂ္ဂိုလ်တွေက ရင်ကွဲအောင်ဟောပြကြပေမယ့်၊ တရားနာသူ၊ တရားရှုရမယ့် သူတွေက အလေးအနက် ဉာဏ်နဲ့ယှဉ်စိတ် မဝင်စား ဘူးဆိုရင် ဒုက္ခကြီးထွား သံသရာ ခရီးသွား ဘဝက မလွန်ဘူးဗျ။

ဒါ့ကြောင့် "မဖွတရားဟောပါငြားလည်း၊ လိပ်ကျောကြောင်ကော် ပြောင်ချော်ချော်နဲ့၊ ပျော်တပြုံးပြုံး၊ မော်မဆုံးပဲ၊ နှလုံးမယဉ်၊ ဉာဏ်မယှဉ်တည်း"လို့ ဆုံးမခဲ့တာဖြစ်တယ်။

ဒီတစ်ကြိမ် ဝိမုတ္တိယုဂခေတ်ထွန်းတောက် နေတဲ့အခါနဲ့ လွဲချော်မသွားရလေအောင် ရဟန္တာအရှင်သူမြတ်များ မဆိတ်သုဉ်းသေးဘူးဗျ။ ခင်ဗျား အားငယ်စရာမလိုဘူး-နော်။ ဒါပေမယ့် သတိနဲ့ သိထားရမှာက "ဝိမုတ္တိယုဂခေတ် ဆိုတာ၊ ကိုယ်နဲ့တန်လို့တွေ့ရတာ၊ တန်အောင် လုပ်မှ ကိုယ်နဲ့တန်မှာ၊ ဒါမှသာ ဝိမုတ္တိယုဂခေတ်မှာ လူဖြစ်ရကျိုးနပ်မှာပါ" မြတ်ဗုဒ္ဓ ဟောကြားခဲ့တဲ့ တရားများကို ကျင့်ကြံအားထုတ်ရင်- "တိဏ္ဏော တာရေယျံ" မြတ်ဗုဒ္ဓရဲ့အလိုအတိုင်း သံသရာဒီဘက်ကမ်းမှ ဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့ အရောက်လှမ်းမှာဖြစ်တယ်။ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင် ကိုင်းကုန်းဆရာတော်ဘုရားကြီး ဦးသုဒဿနသည် ရန်ကုန်ရောက်တဲ့အခါတိုင်း ရွှေတိဂုံစေတီတော်ကို ဖူးဖြစ်အောင် ဖူးတယ်။ အခြားသူတွေကိုလည်း ရွှေတိဂုံကိုရောက်အောင်သွားဖို့ တိုက်တွန်းတယ်။ အာရုံယူတတ်အောင်လည်း တပုဿ၊ ဘလ္လိက ကုန်သည် ညီနောင်နှစ်ယောက်၊ မဇ္ဈိမဒေသမှာ ဘုရားပွင့်ခိုက်နဲ့ကြုံကြိုက်ခဲ့တယ်။ မြတ်စွာဘုရားထံမှ ဆံတော် အစစ်

ရခဲ့လို့ ရွှေတိဂုံစေတီတော်ကြီး တည်ထားတဲ့အကြောင်း ကျမ်းဂန်မှာပါတဲ့ အတိုင်း ဟောပြောပြကာ ရွှေတိဂုံစေတီတော် ကြီးဖူးဖို့ တိုက်တွန်းခဲ့တယ်။

**"အတိတ်ဗုဒ္ဓသာသနာပြန့်ပွားခဲ့ပုံက ကြည်နူးစရာ"ဗျ၊**

မမ္မဒူတ ခရီးထွက်ကြတဲ့ ရဟန္တာအရှင်မြတ်များ၊ ပဉ္စယာနဂ္ဂဟနဲ့ ဗုဒ္ဓသာသနာပြုတဲ့ သီရိဓမ္မာသောကမင်းကြီးတို့ကို အာရုံပြုကြပါ။ အနုဿတိဘာဝနာ ကုသိုလ်ရပါတယ်။

အတိတ်လွန်လေပြီးတဲ့ သာသနာနှစ်(၂၃၇) နှစ်ဆီက၊ မဇ္ဈိမဒေသ အိန္ဒိယပြည်ကြီးကို ဗဟိုပြုကာ ပါဋလိပုတ်ပြည့်ရှင် တတိယသံဂါယနာတင် သီရိဓမ္မာသောကမင်းကြီးသည် ကိုးတိုင်းကိုးဌာနသို့ ရဟန္တာအရှင်သူမြတ်များအား စေလွှတ်ကာ သာသနာ ပြုစေတယ်။ ကိုးတိုင်းကိုး ဌာနထဲမှာ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိ သထုံပြည်သို့ သောဏထေရ် ဥတ္တရထေရ်တို့ ကြွရောက်မှုလာခဲ့ကြတယ်။

ဒါတွင်မက (၇)ပြည်ထောင်သို့လည်း သာသနာ ပြန့်ပွားရေး ဆောင်ရွက်တယ်။ (၇)ပြည်ထောင်ဆိုတာ ယခုအခေါ် အာဆီယံ နိုင်ငံတွေအပြင်၊ တိဘက်၊ တရုတ်၊ သီရိလင်္ကာ၊ ကိုရီးယား၊ ဂျပန် တို့ ပါဝင်ကြောင်းသိရတယ်။

အဲဒီလောက် ရဟန္တာအရှင်မြတ်များနဲ့ သီရိဓမ္မာသောက မင်းကြီးတို့ သာသနာပြုတာကြောင့် မြတ်ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားခဲ့ချိန်ကလည်း- ခင်ဗျားတို့ ကျွန်တော်တို့ ကျွတ်တမ်းဝင် ခွင့်မရခဲ့ဘဲ သံသရာထဲမှာ တပြောင့်မြန်မြန် ကျင်လည်နေခဲ့တာ ခုချိန်ထိပဲ။ သံဝေဂယူကြပါ။

သိပ်တော့ အားမငယ်ပါနဲ့လေ။ ထေရဝါဒ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက် ပဉ္စမ သင်္ဂါယနာကျောက်စာတော်

တွေထဲမှာ ရှိတဲ့ ဓမ္မဝိနယတွေဟာ ဘုရားဆိုလည်းဟုတ်တယ်။ တရားဆိုလည်း ဟုတ်တယ်။ ဆဋ္ဌသင်္ဂါယနာမူ ဓမ္မဝိနယ ပိဋကတ်ကျမ်းစာတွေဟာ ကျုပ်တို့နဲ့ ပိုပြီး နီးနီးကပ်ကပ်ရှိနေ တော့ ဘုရားနဲ့အတူ နေနေကြရတာဖြစ်တယ်ဟု နှလုံးသွင်းလျှင် သတိသမ္ပဇဉ်ဖြစ်ပါတယ်။ ဒါကြောင့် အားငယ်စရာ မရှိပါဘူး လို့ပြောရခြင်း ဖြစ်ပါတယ်။

"ဓမ္မဝိနယ ရှိနေသေးသမျှ မလွန်သေးသော ဘုရားရှင် ရှိသည်သာတည်း။ ဓမ္မဝိနယကိုမြင်လျှင် ငါဘုရားကိုမြင်သည် မည်၏"တဲ့။ ဒါကြောင့် "ဘုရားရှိပါသေးသည်။"

ဘုရားကိုမြင်အောင်၊ တရားကိုမြင်အောင်၊ ရဟန်းပညာ ရှိများကို ချဉ်းကပ်ပါလို့ပဲ ကျွန်တော် ပြောလိုက်တယ်။

မေး-မင်းလှ ။ ဆရာခင်ဗျား- ဘုရားမြင်၊ တရားမြင် ရှုကွက် ဆက်ချီးမြှင့်ပါဦး။

ဖြေ-ဆရာခင် ။ မြတ်ဗုဒ္ဓဘုရားဖြစ်ကာစ၊ ဗောဓိပင်ရင်း၌ ဝိမုတ္တိသုခ၊ အရဟတ္တ ဖိုလ် ချမ်းသာကို ခံစားတော်မူလျက် ပဋိစ္စသမုပ္ပါဒ် ဝေဿဥဒါန်း ကျူးရင့်တော်မူတယ်။

"ဝေဿ ဥဒါန်း၏ အနှစ်ချုပ် ပြောပြမယ်" သတ္တဝါတွေ မွေးလို့ မဆုံး၊ အိုလို့မဆုံး၊ နာလို့မဆုံး၊ စိုးရိမ်ပူဆွေး ငိုကြွေး လို့မဆုံး၊ သေလို့ မဆုံး ဖြစ်နေကြတဲ့ အကြောင်းရင်းရှိတယ်။ ပါဠိတော် က ဒီလိုဗျ။

**ကွတိ ကွမသ္မိံ သတိ၊ ကွဒံ ဟောတိ၊**

**ကွမဿုပ္ပါဒါ၊ ကွဒံ ဥပ္ပဇ္ဇတိ။**

**ကွတိ ကွမသ္မိံ**= ဤကိလေသဝဋ် (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်) အကြောင်းတရားသည်။ **သတိ**= ရှိခဲ့သော်၊ **ကွဒံ**= ဤကမ္မဝဋ် (ပုညာဘိ သင်္ခါရ၊ အပုညာဘိ သင်္ခါရ အာနေဉ္ဇာဘိ သင်္ခါရ)

အကြောင်းတရားသည်။ **ဟောတိ**= ဖြစ်၏၊ **ဣမသာ**= ဤကမ္မဝဋ် အကြောင်းတရား၏။ **ဥပ္ပါဒါ**= ဖြစ်ခြင်းကြောင့်၊ **ဣဒံ**= ဤဝိပါကဝဋ် (ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ခန္ဓာ-၅ ပါး အကျိုးတရားသည်။ **ဥပ္ပဇ္ဇတိ**= ဖြစ်၏။

အကျဉ်းချုပ် တရားမြင်ရှုကွက်ကတော့ဗျာ- ကိလေသာအကြောင်း၊ ကံအကြောင်း ၂ ပါး ပေါင်းပြီး စီမံပေးလိုက်လို့ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ဝိပါက်အကျိုး ခန္ဓာငါးပါး ပေါ်လာရခြင်းဖြစ်တယ်လို့ နှလုံးသွင်းမိရင် တရားမြင်ပါတယ်။ တရားမြင်လို့ ဘုရားကိုလည်း မြင်ပါသည်။ ထိုမှအပြန် ပဋိလောမအားဖြင့်-

**ဣတိ ဣမသ္မိံ အသတိ၊ ဣဒံ နဟောတိ၊**

**ဣမဿ နိရောဓါ၊ ဣဒံ နိရုဇ္ဈတိ။**

**ဣတိ ဣမသ္မိံ** = ဤကိလေသာဝဋ် (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်) အကြောင်းတရားသည်။ **အသတိ**= မဖြစ်ခဲ့သော်၊ **ဣဒံ**= ဤကမ္မဝဋ် (ပုညာဘိ သင်္ခါရ၊ အပုညာဘိ သင်္ခါရ၊ အာနေဉ္ဇာဘိ သင်္ခါရ) အကြောင်းတရားသည်။ **နဟောတိ**= မဖြစ်၊ **ဣမဿ**= ဤကမ္မဝဋ် အကြောင်းတရား၏။ **နိရောဓါ**= ချုပ်ငြိမ်းခြင်းကြောင့်၊ **ဣဒံ**= ဤဝိပါကဝဋ် (ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) အကျိုး ခန္ဓာ-၅ ပါးသည်။ **နိရုဇ္ဈတိ**= ချုပ်ငြိမ်းရလေတော့၏။

ဤ ဒေသနာတော်တွင် အဓိကတရားခံက ကိလေသာဝဋ်ဖြစ်နေတာကို တွေ့ရှိနိုင်တယ်။ တရားခံကိလေသာကို နိုင်လျှင် တရားလိုဖြစ်တဲ့ မိမိရရှိထားတဲ့ ခန္ဓာ-၅ ပါးကိုလည်း နိုင်ပါပြီ။ တရားကိုလည်းမြင်ပြီ၊ တရားလည်း အနိုင်ရပြီ။ တရားခံလက်သည်ကို မသိခဲ့ရလို့ တစ်သံသရာလုံး တရားလို ဘဝ၊ ခန္ဓာ-၅ ပါး ဒုက္ခသစ္စာနဲ့ နေလာခဲ့ရတာ ဒုက္ခဇာတိ ပုနပ္ပုနံနဲ့ချည့်

ထပ်တလဲလဲခံခဲ့ရတာ။ ခုမှ ဘုရားကိုမြင်၊ ဘုရားကိုတွေ့လို့ လက်သည်တရားခံ အကြောင်းကိုသိပြီး တရားရုံးမှာ ရင်ဆိုင်လိုက်လျှင် ဒီတရားနာတျ။

**သစ်တနယ်ဘက်က။** ဒုက္ခ-၅ ပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှု၊ မနေတမ်မ၊ နေသော ဟာမသွို၊ နမေသော အတ္တာ ရှု။

တရားခံ ကိလေသဝဋ် အကြောင်းချုပ်၏၊ ကုန်၏။

**အသစ်တနယ်ဘက်က။** နိဗ္ဗာန်ကို အလေးအမြတ်ပြုဆင်ခြင်လျှင် တရားခံကိလေသဝဋ် အကြောင်းချုပ်၏ ကုန်၏။

ကိလေသ ပရိနိဗ္ဗာန်ပြုသည်မည်၏။ သဉပါ ဒိသေသ နိဗ္ဗာန်ရောက်သည်မည်၏။ သက်တမ်းကုန်လို့ သေသွားသော အခါ၊ ခန္ဓပရိနိဗ္ဗာန်ပြုပြီး၊ နောက်ခန္ဓာမရတော့ဘဲ မဖြစ်ငြိမ်းငြိမ်းရပေတော့တယ်။

**အသတိ ဟိ ကိလေသဝဋ္ဋေ၊ ကမ္မဝဋ္ဋံ ပစ္ဆိန္နံ မေဝစ၊**

**ပစ္ဆိန္နေ့ဝစတသ္မိံ၊ ကုတော ဝိပါက ဝဋ္ဋံ သသမ္ဘဝေါ။**

**ဟိသစ္စံ** = ပဋိလောမ ဝစသာဥဒါန်းစကားသည် မှန်ပါပေ၏။ **ကိလေသဝဋ္ဋေ** = ကိလေသဝဋ် အကြောင်းတရားသည်။ **အသတိ** = မရှိခဲ့သည်ဖြစ်သော်၊ **ကမ္မဝဋ္ဋံ ပစ္ဆိန္နံ မေဝစ** = ကမ္မဝဋ် အကြောင်းပြတ်သည်သာတည်း၊ **ပစ္ဆိန္နေ့ဝစတသ္မိံ** = ထိုကမ္မဝဋ် အကြောင်းပြတ်သည်ရှိသော်၊ **ကုတော ဝိပါက ဝဋ္ဋံသသမ္ဘဝေါ** = အဘယ်မှာလျှင် အကျိုး၊ ဝိပါကဝဋ် ဖြစ်ပါတော့မည်နည်း၊

အကြောင်းချုပ်လို့ အကျိုးတရားလည်း မဖြစ်ချုပ် ချုပ်ရပေတော့တယ်။ "မှတပါး အခြားမရှိပြီ" ။

သာဓု-သာဓု- သာဓု. . . . ။

အဲဒီလိုသိပြီး အဲဒီလိုကျင့်မှ လောကုတ္တရာငြိမ်းချမ်းရေးရမည်၊

## "တရားအဆစ်လေးယူသွားပါဦး"

ဆရာလည်း မေးရလွန်းလို့ အားနာနေပြီထင်ပါတယ်။ အားမနာပါနဲ့ ယခုလိုမေးမြန်းတာကိုပဲ ကျေးဇူးတင်ပါတယ်။ နောက်လည်း လာခဲ့ပါဦးလို့ ဖိတ်ခေါ်ပါတယ်။

ဒီတစ်ခါတော့ ကိုယ်တိုင်မေးပြီး၊ ကိုယ်တိုင်ဖြေကြားတဲ့ အနေနဲ့ တရားအဆစ်လေး ပေးလိုက်ချင်ပါသေးတယ်။ ဈေးဝယ်ရင် အဆစ်တောင်းလေ့တောင်းထရှိကြတယ် မဟုတ်လား။

ဒါကတော့ တခြားမဟုတ်ပါဘူး။ ဆရာဦးအောင်ခင်က "ဆရာကောင်း သိပ်အရေးကြီးတယ်လို့" ပြောခဲ့တယ်။

မေး ။ ဆရာကောင်းကို ဘယ်လိုအရည်အချင်းတွေနဲ့ စစ်ဆေးရပါမလဲ။

ဖြေ ။ မူရင်းဆရာကတော့ ပိဋကတ်တော်လာ၊ "ဓမ္မဝိနယ" တွေပါပဲ၊ ရှင်အာနန္ဒာက ဘုရားမရှိတော့လျှင် မည်သူ့ကို ဆရာအဖြစ် ချဉ်းကပ်ကိုးကွယ်ရပါမည်လဲဟု လျှောက်ထားသည့်အခါ ဘုရားရှင်ကိုယ်တော်တိုင် ညွှန်ပြပေးခဲ့သော ဆရာကောင်းပင်ဖြစ်သည်။

ထိုဓမ္မဝိနယနှင့်အညီ တဆင့်အားဖြင့် သင်ကြားပြသပေးသော ရဟန်းပညာရှိ၊ လူပညာရှိများကို ဆရာကောင်းဟု မှတ်ယူနိုင်ပါသည်။

မိမိတို့က ဓမ္မဝိနယပိဋကတ်တော်တွေနဲ့ အလှမ်းဝေးနေတော့ ဟောတဲ့ ပြောတဲ့ဆရာက ဓမ္မဝိနယနဲ့ ကိုက်ညီသလား၊ မကိုက်ညီဘူးလားဆိုတာ ဝေဖန်ဘို့ရန် ခက်နေပြန်တယ်။ အဲဒီတော့ ဆရာရဲ့ ပညာ အရည်အချင်းကိုကြည့်ပြီး ယုံကြည်မှုနဲ့ ဆရာကောင်းလို့ သတ်မှတ်၍ ချဉ်းကပ်ဖို့ပဲ ရှိပါတော့သည်။

ဆရာလုပ်သူဘက်ကလည်း တာဝန်ကြီးပါသည်။ **"ဆရာ တစ်ပါး လွဲချော်က၊ ဒကာ ဒကာမ အများ ငရဲခေါ် သည်မည်၏"** ဆိုတဲ့ ဇာတ်လမ်းရှိပါသည်။ အတော်သတိထားပြီးမှ ဆရာလုပ်သင့်ပါသည်။

ဆရာကောင်းအရည်အချင်းကို စီစစ်နိုင်ရန် အနည်းငယ် တင်ပြလိုပါသတယ်။

၁။ မိမိချဉ်းကပ်သောဆရာသည် စူဠသောတပန်အဆင့်ကို ရည်မှန်းပြီးတော့- သက္ကာယဒိဋ္ဌိသဘော၊ ဝိစိကိစ္ဆာသဘောကို ရှင်းပြနိုင်ရမည်။

၂။ သစ္စာ-၄ပါးကို ရှင်းပြသည့်အခါမှာလည်း သောတာပန်အဆင့်ကို ရည်မှန်းပြီး။ သက္ကာယဒိဋ္ဌိကွာအောင် ယုံမှားခြင်း ဝိစိကိစ္ဆာ ကင်းအောင် ရှင်းပြနိုင်ရမည်။

၃။ မဟာသတိပဋ္ဌာနသုတ်ကို အာဂုံဆောင်ပြီး၊ ကိုယ်တိုင်လည်း ကျင့်၊ သူတစ်ပါးကိုလည်း သင်ပြပေးနိုင်သော (ကျင့်ဟော-ဓမ္မဝိဟာရီ) ပုဂ္ဂိုလ်မျိုးဖြစ်လျှင် ပိုကောင်းပါသည်။

၄။ ဝိဝဋ္ဋနိဿိတ ကုသိုလ်ကိုရည်မှန်းပြီး အနတ္တလက္ခဏာသုတ် အရ ခန္ဓာ-၅ ပါးကို လက္ခဏာရေး- ၃ ပါးဖြင့်ရှု ဆင်ခြင်နည်းကို သင်ပြပေးနိုင်ရမည်။

၅။ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ-၁၂ ပါး ကို

- ငြီးငွေ့မုန်းတီးအောင်၊
- တပ်နှစ်သက်ခြင်းကင်းအောင်၊
- ချုပ်ငြိမ်းအောင်၊
- ယုံမှားခြင်း ရှစ်ချက်ကို လွန်မြောက်သွားအောင်၊

သင်ပြပေးနိုင်သော ဓမ္မကထိကကောင်း အရည်အချင်းနှင့် ပြည့်စုံသည့်ဆရာကောင်းကို စိစစ်နိုင်ပါသည်။

ဒါဆိုရင် ဆရာရော၊ တပည့်ပါ ဓမ္မာနုဓမ္မပဋိပတ် အကျင့်မြတ်ကို ကျင့်သုံးသော ပုဂ္ဂိုလ်ဟုဆိုသင့် ဆိုထိုက်ပါတော့သည်။

ဒါမှသာ တရားထိုင်ပြီးသည့်အခါ **ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ** ဟု အမိန့်ရှိဆုတောင်းအတိုင်း အပြောနှင့် အလုပ် ကိုက်ညီပေမည်။ ယထာကာရီ၊ တထာဝါဒီ လုပ်တဲ့အတိုင်း ပြောဆိုရာ ရောက်ပါသည်။

မြတ်စွာဘုရားကိုလည်း အမြတ်ဆုံးကျေးဇူးဆပ် ပူဇော်ရာ ရောက်ပါသည်တဲ့။

*** နိဂုံးအနေနဲ့တော့ ခင်ဗျား ဘယ်လမ်းလျှောက်သင့်တယ် ဆိုတာကို ကျေးဇူးတော်ရှင် အောင်မင်္ဂလာဆရာတော် ဦးရာဇိန္ဒဟောတဲ့ ဆောင်ပုဒ်အတိုင်း အမြဲမှတ်ထားဖို့ အရေးကြီးလို့ မျဉ်းတားဘောင်ခတ်ပြီး ရေးပြပေးလိုက်ပါတယ်။

* ကံလမ်းကိုလျှောက်ကြမလား၊ လောကငြိမ်းချမ်းရေး။
* ဉာဏ်လမ်းကို လျှောက်ကြမလား၊ လောကုတ္တရာငြိမ်းချမ်းရေး။

ကံလမ်းက ။ လောကီကုသိုလ်၊ အကုသိုလ်သင်္ခါရ တရား၊ လူနတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့အား အို၊ နာ၊ သေရေး ဒုက္ခဘေးတို့ကို အဖန်ဖန် အထပ်ထပ်ဖြစ်စေတတ်သော ကံ၊ ကိလေသာတရား။ (ဒါန၊ သီလ၊ သမထ)။

ဉာဏ်လမ်းက။ လောကုတ္တရာ ကုသိုလ်တရား၊ လူနတ်ဗြဟ္မာသတ္တဝါ အပေါင်း

တို့အား ဒုက္ခခပင်း၊ ဆင်းရဲကွင်းမှ လွတ်ကင်းချမ်းသာ၊ နိဗ္ဗာန်တာသို့ လျှင်မြန်ထုတ်ချောက်၊ ကောင်းမွန်စွာရောက်စေတတ်သော မဂ်ကုသိုလ်တရား။ (ဝိပဿနာ)

ကံလမ်း၊ ဈာန်လမ်း၊ ဉာဏ်လမ်း သုံးသွယ်၊
လမ်းမကြီး သုံးခုကတော့ ဖြောင့်တန်းလို့ကွယ်၊
ကံလမ်းကိုလျှောက်၊ လူနတ်ရောက်မယ်၊
ဈာန်လမ်းကတော့၊ ဗြဟ္မာနှစ်ဆယ်၊
ဉာဏ်လမ်းကမှ၊ နိဗ္ဗာန်ပါကွယ်။
တို့ဘုရား၊ မိန့်ကြားတော်မူပါတယ်။

ကျေးဇူးတော်ရှင်
**အောင်မင်္ဂလာဆရာတော် ဦးရာဇိန္ဒ**

သုခီအတ္တာနံ ပရိဟရန္တု။

## စာသင်ပဇာ ကျင့်ထုံး ခေါ်
## ဆယ်စောင်တွဲကျမ်း၏ ဂုဏ်ကျေးဇူး

**"စကျောင်းတော်သားလက်စွဲ ဆယ်စောင်တွဲ"**ဟု အမွန်းတင်၍ ပုံနှိပ်ထုတ်ဝေခဲ့သည့် ကျမ်းဖြစ်ပါသည်။

"သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ မာ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို သိကုံးပန်းသွင် နေ့တိုင်းဆင်လော့"ဟု ရှင်မဟာရဋ္ဌသာရက တိုက်တွန်းထားပါသည်။

သု = သုဏေယျ - ကြားနာရာ၏။

စိ = စိန္တေယျ - ကြံစည်စဉ်းစားရာ၏

ပု = ပုစ္ဆေယျ - မေးမြန်းရာ၏။

ဘာ = ဘာသေယျ- ရွတ်ဆိုရာ၏။

ဝိ = ဝိစာရေယျ - စီစစ်ရာ၏။

လိ = လိခေယျ - ရေးမှတ်ရာ၏။

သိ = သိက္ခေယျ - ကျင့်ရာ၏။

မာ = မာရေယျ - ဆောင်ထားရာ၏။

* ဆယ်စောင်တွဲကျမ်းကို လေ့လာလျှင် ကိုယ့်သမိုင်းကိုယ် ကောင်းကောင်း ရေးနိုင်ပါလိမ့်မည်။ (ကြားခံလူတစ်စုံ တစ်ယောက်၊ တန်ခိုးရှင် ဖန်ဆင်းရှင်ကို အားကိုးနေလို့မရ)။

* အာစရိယ ပရံပရ ကျင့်သုံးခဲ့သော ဆယ်စောင်တွဲကျမ်းကို လေ့လာလျှင် လောကီ လောကုတ္တရာ ကြီးပွားချမ်းသာရေးကို များစွာ အထောက်အကူရပါလိမ့်မည်။
* ယဉ်ကျေးလိမ္မာ၊ ဓမ္မစကူးလ်ကျောင်းဆိုတာ ဤဆယ်စောင်တွဲ ကျမ်းပင်ဖြစ်သည်။ ရပ်ရွာအေးချမ်းသာယာရေးမှသည် ကမ္ဘာ့ငြိမ်းချမ်းရေးအထိ ကျေးဇူးပြုနိုင်ပါသည်။
* ရှေးရှေးအစဉ်အဆက် ဘုန်းတော်ကြီးကျောင်းတွေမှာ ဗုဒ္ဓဘာသာ အခြေခံအတွက် ဆယ်စောင်တွဲကျမ်းကိုပဲ သင်ပေးကြရပါသည်။

အတန်းကျောင်းတွေလည်း ပေါ်လာရော၊ ဘုန်းကြီးကျောင်းသား မရှိလို့ ဆယ်စောင်တွဲသင်စရာ ကျောင်းသားလဲမရှိတော့၊ ကလေးတွေလည်း အရိုင်းစိတ်တွေ ဝင်လာကြသည်။ စိတ် မလိမ္မာတော့ ရရှိထားတဲ့ ဒုလ္လဘ ခန္ဓာကိုယ်ကြီးကိုလည်း အလွဲသုံးစား လုပ်ပစ်တော့သည်။ တခြား လူတွေအတွက်လည်း ဓောရဃာတဝါ၊ မနုဿဃာတဝါ အဖြစ်ခံကြရတော့သည်။

## ဤဆယ်စောင်တွဲကျမ်းသည်

* မိကောင်း ဖကောင်းဆိုလည်း ဟုတ်ပါသည်။
* ဆရာကောင်း သမားကောင်းဆိုလည်း ဟုတ်ပါသည်။
* မိတ်ကောင်းဆွေကောင်းဆိုလည်း ဟုတ်ပါသည်။
* အတူနေသူများလည်း ချစ်ခင်လေးစားကြ၏။
* အဏ္ဏာနမေဝ ပထမံ- မိမိကိုယ်တိုင်ရှေးဦးစွာ သင်ကြားပြီး။
* ပတိရူပေ နိဝေသယေျ - သင့်လျော်သောအရပ်၊ ဆရာကောင်း သမားကောင်းကို မှီပဲ။
* နောင်တစ်ချိန် သူတစ်ပါးကိုလည်း မှန်မှန်ကန်ကန်ဆုံးမနိုင်သည်။

## "ရည်ရွယ်ချက်ကြီးကြီးမားမားထားဖို့လို"

စာသင်ပဇာတို့ စာပေတွေသင်ကြားတဲ့အခါ စာမေးပွဲအောင်ဖို့လောက်သာ ရည်ရွယ်တယ်ဆိုလျှင် အောက်တန်းကျတဲ့ ရည်ရွယ်ချက်ဖြစ်သည်။ မြတ်စွာဘုရားကိုလည်း ကဲ့ရဲ့စွပ်စွဲရာရောက်သည်။

အဖိုးတစ်သိန်းထိုက်တန်သော သိင်္ဂီရွှေခွက်ကို ပဲလှော်နှင့် လဲစားသည်နှင့်တူ၏။ မြွေဖမ်းဥပမာ စာသင်နည်းဖြစ်လို့ မြွေကို မဖမ်းတတ်ပဲ ခါးကကိုင်ဖမ်းလျှင် မြွေက ကိုယ့်ကိုယ်ပြန်ကိုက်တတ်သဖြင့် အန္တရာယ်များပါသည်။

သလက ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သန္တိကေရသတ္တာယ- အလုံးစုံသော သံသရာဝဋ်ဆင်းရဲ ဝဋ်ဒုက္ခအစဉ်မှ ကင်းလွတ်ထွက်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း အကျိုးငှာဆိုပြီး ကိုရင်လေး ဘဝတည်းက မြင့်မြတ်တဲ့ ရည်ရွယ်ချက်နဲ့ လာခဲ့တာ၊ နိဿရဏ စာသင် နည်းဖြစ်လို့ ဘုရားရှင် ချီးမွမ်းပါသည်။

စာပေသင်ကြားရင်းဖြင့် ဂန္ထဓုရ ဝိပဿနာဓုရ ရှင်ရဟန်းတို့၏ တာဝန်နှစ်ရပ်ကိုလည်း ထမ်းဆောင်ရာ ရောက်ပါသည်။ အချိန်တန်လို့ စာမေးပွဲအောင်ဖို့ဆိုတာလည်း အလိုလိုပါပြီးသား ဖြစ်သွားပါသည်။

## ပရမတ္ထ စာသင်သား

စာသင်ပဇာဆိုတာ အခေါ်အဝေါ်ပညတ်ပြောရုံသာ ပြောရသည်။ ပရမတ် အမှန်တရားက ဗိုလ် ၅-ပါး ဖြစ်သည်။

**သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်။**

ထို ဗိုလ် ၅-ပါးကို အားကိုးအားထားပြုပြီး စာသင်လျှင် သမ္ပတ္တိ အားလုံးနှင့် ပြည့်စုံနိုင်ပါပေသည်။

(အပြန်အားဖြင့် ထို ဗိုလ် ၅-ပါးကို ပစ်ပယ်ထားလျှင် သမ္ပတ္တိ အားလုံးမှ ဆုတ်ယုတ်ကြကုန်၏)

စိတ္တာဓိပတိ တပ်ပြီးလျှင် "တောင်ကြီး ဖဝါးအောက်၊ လှိုင်းကြီး လှေအောက်" အဓိပတိပစ္စည်းတတ်သောသူအား "ကိုး နာမကမ္မံ န သိဇ္ဈတိ" အဘယ်အမှုကိစ္စမျိုးမဆို မပြီးမြောက်ဘဲရှိပါအံ့နည်း၊ ပြီးမြောက်တော့သည် သာတည်း။

နောက်မှ ကျောက်တုံးသွား မနေလို့မရ၊ ကိုယ်လုပ်မှ ကိုယ်ရမှာ ဖြစ်သည်။

## လောကဓာတ်ပညာ စာသင်ကျောင်းသားတို့အတွက် ရည်ရွယ်ချက်

တိုင်းပြုပြည်ပြု စိတ်ဓာတ်ဖြင့် ဗလ ၅ တန်ဖွံ့ဖြိုးရေးအတွက် အတတ်ပညာတွေကို သင်ကြားလျှင် စာမေးပွဲအောင်ဖို့ ကိစ္စလည်းပါပြီးသား ဖြစ်သွားသည်။

- ကာယဗလ = ကိုယ်ခန္ဓာသန်စွမ်းစေဖို့၊
- ဉာဏဗလ = ဉာဏ်ရည်တိုးတက်မြင့်မားဖို့၊
- စာရိတ္တဗလ = ကိုယ်ကျင့်တရားကောင်းဖို့၊
- ဘောဂဗလ = စီးပွားရေးတောင့်တင်းခိုင်မာဖို့၊
- မိတ္တဗလ = မိတ်ကောင်းဆွေကောင်းအားရှိဖို့၊

ဗလ ၅ တန်လည်း ဖွံ့ဖြိုးပြီးသား ဖြစ်သွားသည်။

## ဗုဒ္ဓမွသည် ရှေးခေတ်က၊ ထိုးစစ်၊ ယခုခေတ် စံစစ်

ဆယ်စောင်တွဲကျမ်းသည် ရှေးခေတ်က ဘုန်းတော်ကြီးကျောင်းများမှာ ဗုဒ္ဓဘာသာ အခြေခံအဖြစ် မသင်မနေရ ထိုးစစ်အနေဖြင့် တည်ရှိခဲ့ရပါသည်။

သီရိမ္ဗာသောကမင်းကြီး လက်ထက်က ပြည်ပနိုင်ငံအသီးသီး အထိ ထိုးစစ်အောင်မြင်ခဲ့ရသေး၏။ ခရစ်နှစ် (၁၉၆၀-၁၉၈၈)၊ မြန်မာ သက္ကရာဇ်-၁၃၂၂ ခုနှစ်ခန့် နောက်ပိုင်းခံစစ်သည်ပင် တဖြည်းဖြည်း ပျောက်ကွယ်ခဲ့ရလေသည်။ အယူဝါဒအမျိုးမျိုးတွေလည်း ပြန့်ပြီး လွှမ်းမိုးလာခဲ့ကြလေပြီ။ အချင်းချင်း သတ်ကြ သွေးချောင်းကျသည်ထိ ရောက်ခဲ့လေပြီ။

"ဗုဒ္ဓတရား၊ ရှိနေငြားလည်း၊ အမှားနှစ်ခြိုက်၊ လမ်းလွဲလိုက်က၊ အမိုက် ထိပ်ဆုံး၊ လူဖြစ်ရှုံးရပေတော့သည်။"

ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ရအောင် နေတတ်ဖို့ပဲလိုတော့သည်။

## ထာဝရငြိမ်းချမ်းရေး ပန်းတိုင်ဆီသို့

ယခုလို ဖြစ်ချင်တိုင်းဖြစ်၊ ပျက်ချင်တိုင်းပျက်နေပြီးနေကြတဲ့ ငါတို့ လောက ကြီးထဲမှာ မြတ်စွာဘုရားဘာအလိုရှိသလဲဆိုလျှင်-

မြတ်စွာဘုရား အလိုရှိတာက-

"ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်းပြည်နိဗ္ဗာန်" ဆိုတဲ့ မဖြစ်မပျက်တဲ့ ထာဝရ ငြိမ်းချမ်းရေးကို ကိုယ်စီကိုယ်င အသီးသီးရကြဖို့ အလိုရှိပါသည်။

ထို ထာဝရငြိမ်းချမ်းရေးရဖို့ဆိုလျှင် ရောဟိတနတ်သားလို အဘိညာဉ် တန်ခိုးဖြင့် ရှာလို့မရ။ ဆယ်စောင်တွဲကျမ်း-၁၀/ ဗောဇ္ဈင်သုတ် ပရိတ်တော်လာ၊ အဇ္ဈတ္တိ မဇ္ဈရာ ဗျာဓိ အမပဲ နိဗ္ဗယ် ဂတာ- ဆိုက်ရောက်ဖို့ ဗောဇ္ဈင် ခုနစ်ပါး အကျင့်ဖြင့် မြတ်စွာဘုရား နည်းလမ်းပေးတော်မူပါသည်။

# ကျေးရွာတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ကြီး
# အရှင်ဇနကာဘိဝံသ၏
# ဗုဒ္ဓ ဓမ္မ ထုံးစံတပ်လှန့်သံ

## ထုံးစံမှသည် ခံစစ်ဖြစ်မလာစေနှင့်

တို့ဘုရားသာသနာက "ထုံးစံ"နဲ့ တက်လာခဲ့တာ။

"ခံစစ်"နဲ့ မဟုတ်ဘူး။

တို့ဘုရား မပွင့်ခင်တုန်းကဆိုရင် တိတ္ထိဆရာကြီးတွေရဲ့ ဝါဒတွေ လွှမ်းမိုးခဲ့ကြတယ်။

ဝါဒတွေလည်း များခဲ့ကြတယ်၊ အယူအဆတွေလည်းများခဲ့ကြတယ်။ အဲဒီချိန်မှာ တို့ဘုရား ပွင့်လာတယ်။ ယုတ္တိရှိတဲ့ တရားတွေ၊ သဘာဝကျတဲ့ ဓမ္မတွေ၊ လက်တွေ့ဆန်တဲ့ ကျင့်ကြံမှုတွေကို ဟောပြတယ်။ ဒီတော့ သဘောကျတာပေါ့။

---

အဲဒီလို နောက်ပုဂ္ဂိုလ်တွေ ညုံ့ညုံ့လာလေ ဟိုတုန်းက ထုံးစံကြောင့် နောက်ဆုတ်ပေးခဲ့ရတဲ့ ဝါဒတွေက ပြန်ပြီးလွှမ်းမိုးလာလေ ဖြစ်တော့တာပေါ့။ ဒီအတိုင်းသာ ကြောင့်ကြမဲ့နေကြရင် ကုန်ဖို့ပဲရှိတော့တယ်။ ဒီသာသနာတော်မှာလည်း နေသေး၊ ကိုယ်နဲ့မဆိုင်သလို ကြောင့်ကြမဲ့လည်း နေသေးဆိုရင် တော်ကြပါ့မလား။

**အရှင်ဇနကာဘိဝံသ**

## စာသင်ပဇာကျင့်ထုံး

စာသင်ပဇာဆိုတာ လူသားဇာတ်ရှိသူ ရဟန်းရှင်လူ အားလုံးကို ရည်ညွှန်း ခေါ်ဆိုပါသည်။

လူသားတွေရဲ့ ပဌမအရွယ်အတွင်း အချိန်နှင့် တပြေးညီ အတတ်ပညာကို လေ့လာဆည်းပူးသွားကြရမည်ဆိုတာ သဘာဝတရားကြီးက သတ်မှတ်ပေး နေပါသည်။

ထို့ကြောင့် ဆယ်မဟောင်တွဲကျမ်း လောကနီတိက-

ပထမံ နပရာဇိတောသိပ္ပံ ။ ပထမအရွယ်၌ကား အတတ်ပညာ မရတုံအံ့။
ဒုတိယံ နပရာဇိတော မနံ ။ ဒုတိယအရွယ်၌ကား ဥစ္စာမရတုံအံ့။
တတိယံ နပရာဇိတော မပ္ပံ။ တတိယအရွယ်၌ကား တရားမရတုံအံ့။
စတုတ္ထံ ကိံ ကရိဿတိ ။ စတုတ္ထ အရွယ်တိုင်မှကား အဘယ်မူ
စအံ့နည်းဟု ဆုံးမထားပါသည်။

အစမကောင်းတော့ အနှောင်းလည်း ဘာအကျိုးရှိတော့မှာလဲ ဟု ဆိုလို ပါသည်။ အိုကြီးအိုမ ဖြစ်လာတော့ "ဗမာအို ကျောင်းကြို့ ဘုရားကြား" ဆိုတဲ့ အတိုင်း ဘုန်းကြီးကျောင်းရောက်ပြီး မျက်နှာငယ် ရတော့သည်။

## နှောင်တ တရား ၁၀ ပါး

၁။ ငယ်ခါကလျှင် မသင်ပညာ၊ ၂။ ဥစ္စာမရ၊
၃။ သူ့ကိုချစ်ဖျက်၊ ၄။ သူ့သက်သတ်စား၊
၅။ သူ့မယား၌ ပြစ်မှားတုံဘိ၊ ၆။ ပစ္စည်းရှိလျက် စိုးစိမလှူ၊
၇။ မွေးမြူမိဘ မပြုရလျှင်၊ ၈။ ဆုံးမ မနာ၊
၉။ ပညာရှိထံ နည်းခံ မမှတ်၊ ၁၀။ အမြွတ်မကျင့်

ဤဆယ်ဆင့်ကား ကြီးရင့်ဇရာ အိုသောခါလျှင် ပူဆာ နောင်တ ရတတ်စွ။

မဃဒေဝ

(ဒွါဒသနိပါတ်၊ ဇနသန္ဓဇာတ်)

## လောကနီတိ– ပဏ္ဍိတကဏ္ဍ

အပိုဒ်(၃)

- အလသဿ ကုတောသိပ္ပံ ။ ပျင်းသောသူအား အတတ်အဘယ်မှာ တတ်အံ့နည်း။
- အသိပ္ပဿ ကုတောဓနံ ။ အတတ်မရှိသောသူအား ဥစ္စာ အဘယ်မှာရအံ့နည်း။
- အဓနဿ ကုတောမိတ္တံ ။ ဥစ္စာမရှိသောသူအား အဆွေခင်ပွန်း အဘယ်မှာရအံ့နည်း။
- အမိတ္တဿ ကုတောသုခံ ။ အဆွေခင်ပွန်း မရှိသောသူအား ချမ်းသာ အဘယ်မှာရအံ့နည်း။
- အသုခဿ ကုတောပုညံ ။ ချမ်းသာမရှိသောသူအား ကောင်းမှု အဘယ်မှာရအံ့နည်း။
- အပုညဿ ကုတောဝရံ ။ ကောင်းမှုမရှိသောသူအား နိဗ္ဗာန်ကို အဘယ်မှာရနိုင်အံ့နည်း။

အပိုဒ်(၄)

- သိပ္ပါသမံ ဓနံနတ္ထိ ။ အတတ်နှင့်တူသော ဥစ္စာသည်မရှိ။
- သိပ္ပံစောရာ နဂဏှန္တိ ။ အတတ်ကို ခိုးသူတို့သည်မယူနိုင်ကုန်။

- ဣဓ လောကေသိပ္ပံမိတ္တံ ။ ဤလောက၌ အတတ်သည်တား အဆွေခင်ပွန်း ဖြစ်၏။
- ပရလောကေ သုခါဝဟံ ။ တမလွန်ဘဝ၌ ချမ်းသာကို ဆောင်တတ်၏။

## ပညာမတတ်သော သူဌေးသားအကြောင်း

- မောင်ငယ်ရင်သွေး၊ နာဘိသေးလော့၊
ရှေးသရောခါ၊ ပြည်တာရာဝယ်၊
ကုဋေကြွယ်သား၊ သူဌေးအားလျှင်၊
သားတစ်ယောက်ဖြစ်၊ ချစ်၍တစေ၊
အိမ်မှာနေ၍၊ စာပေမကျ၊
မိဘစုတေ၊ ခန္ဓာရွေ့သော်၊
အရှေ့အနောက်၊ တောင်မြောက်ဘယ်ညာ၊
မသိပါငြား၊ သူဌေးသားသည်၊
သိုထားမတတ်၊ အရပ်ရပ်၌၊ နှံ့အပ်ဉစ္စာ၊ ရှိသည့်ငွာကို၊
များစွာကျွန်ပေါင်း၊ မကောင်းခိုးသူ၊
ယူ၍ပြေးရှောင်း၊ အိမ်ကိုရောင်း၍၊
ထောင်းထောင်းကြေလျက်၊ ခွက်လက်စွဲကာ၊
တောင်းစားပါသည်၊ နင်သာလူမိုက်၊
ဒုစရိုက်ဟု၊ ရိုက်ပုတ်လိုက်ကြ၊ ရွာမှထွက်လေ၊
တောမှာသေသည်၊ ကောင်သေလင်းတကျ၏တည်း။

**ဆားတုံဆရာတော်**

## "စကားပုံ"

### ရှေးထုံးလည်း မပယ်နဲ့၊ ဈေးသုံးလည်း မလွှယ်နဲ့

ရှေးထုံးပယ်တော့ လွဲတတ်သည်၊ ဈေးသုံးလွှယ်တော့ မွဲတတ်သည်။

ရှေးလူကြီးတွေ ကျင့်သုံးလာခဲ့တဲ့ ဆယ်စောင်တွဲကျမ်းကို မပစ်ပယ်နဲ့လို့ ဆိုလိုသည်။ ရှေးထုံးဆယ်စောင်တွဲကျမ်းကို ပစ်ပယ်လျှင် အထွေထွေလွဲချော်သွားလိမ့်မည်ဟု သဘောပေါက်ရမည်။

ထုံးဟောင်းတန္တီ ကျမ်းအညီနှင့် ဂမ္ဘီရမါတ်၊ ပရမတ်ကို အတတ်တွေးတော၊ မဟောပြောနှင့်၊ သဘောသကန်၊ မိမိဉာဏ်နှင့် မတန်မရာ နက်နဲစွာကို အရာမသိ၊ မရိပ်မိဘဲ၊ ဟုတ်၏နိုးနိုး၊ ဆင်ကန်းတိုးသို့ ကြိုးကြိုးပမ်းပမ်း၊ အကြံဆန်းမူ၊ ပရမ်းပတာ၊ စိတ်သညာဖြင့် ထင်ရာထင်မိ၊ မှားခေါင်ထိ၍၊ ဒိဋ္ဌိဒိမြစ်၊ စုံးစုံးနစ်သည်၊ လူဖြစ်ဤတွင် ရှုံးသတည်း။

မန်လည်/လယ်တီ?

## "တိပိဋကစရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ"၏ ရှေးထုံးမပြင်သင့်ပုံ ဩဝါဒ

တချိန်က ဩကာသ ကန်တော့ချိုးကို အမျိုးမျိုးပြင်ဆင်ဆို ကြတာနှင့် ပတ်သက်၍ ဒကာတွေက အဆုံးအဖြတ်ပေးရန် လျှောက်ထားသောအခါ ဆရာတော်က ရှေးပညာရှိတွေ ကျင့်သုံးလာခဲ့တဲ့ ဆိုရိုးအတိုင်းပဲ တညီတညွတ်တည်း ဆိုကြတာ ကောင်းပါသည်ဟု အမိန့်ရှိခဲ့ကြောင်း ကြားဘူးပါသည်။

**စကားပုံ**

- ဝမ်းဘဲ ဟသ်ာ၊ ချောင်းကိုပစ်၍ မြစ်ကိုရှာ၊ ရေသာများ၍ ငါးမတွေ့၊ (ဥပမာ)
- စာသင်ပဇာ၊ ကျောင်းဟောင်းပစ်၍၊ ကျောင်းသစ်ရှာ နေရာများ၍ ကြားမစေ့။

## ဆယ်စောင်တွဲကျမ်းလာ ရှင်မဟာသီလဝံသ ဆရာတော်၏ ဆုံးမစာ(၃၃)ပုဒ်မှ ကောက်နုတ်ချက်

၄၄။ ငါကားသည်စာ သည်ဂါထာကို၊ မြဲစွာကြပ်မတ်၊ ဆရာအပ်သော်၊ တတ်လှ စေချင်၊ ငါကိုသင်ဟု ထိပ်တင်လည်းရွက်၊ လျှင်လျှင်ရအောင် ကြိုးစား ကျက်။

၄၅။ အချိန်တန်၍ စာအံဆိုလျှင်၊ မရွှင်မျက်နှာ မသာမချို ထိုထိုအကြံ ကြီးစွာ ဖန်၍၊ မအံတခါ အံတခါနှင့်၊ မျက်နှာတပါး စာတခြားလည်း၊ စကား ပြောဟော တသောသောသည်၊ ရယ်မော၍လည်း၊ မနေနှင့်။

၄၆။ မပြတ်အသံ တည်ညံ့သည်၊ စာအံစာဖတ် ကြပ်ကြပ်မြဲမြဲ၊ သည်လည်း ညသတ်၊ ပြတ်ပြတ်သားသား၊ စကားဆိုထွေ ပီလှစေ။

၄၈။ မပျင်းမရိ၊ လုံ့လရှိ၍ သတိအထဲ၊ အမိုးစွဲအောင်၊ တဖောင်ဖောင်လျှင်၊ သန်းခေါင်ညဉ့်နက်၊ သင်ကျက်သမျှ၊ စစကုန်စေ၊ နေ့ကိုမလွတ်၊ ရွတ်နိုင် စေ။

၅၉။ ယခုအခါ၊ သာသနာမူ၊ လူဖြစ်မည်မျှ၊ ရခဲလှ၏၊ လူမှသာမဏေ၊ ဖြစ်ပေ မြတ်ခြင်း၊ ပဥ္စင်းသံဃာ၊ ဖြစ်ပြန်ပါမူ၊ ဆိုရာမရှိ မြတ်ခေါင်ထိပ်ဟု၊ သိကြ ပါစေ၊ သည်ထက်သည်သာ၊ မြတ်ရာသို့သာ၊ လှမ်းပါလေ။

## "လိုက်နာကျင့်သုံးရကျိုး"

၉၀။ ပျော်ရွှင်ခံစား၊ လွန်ရှည်လျား၊ ဘုရားမိတေးတွင်၊

၉၁။ အလျှင်လက်ဦး၊ သူ့ထက်ထူး၊ ဖူးရမချွတ်ပင်၊

၉၂။ ပဋ္ဌင်းညီနောင်၊ လူနတ်ပြောင်၊ အောင်လိမ့်နိဗ္ဗာန်ခွင်။

## ဆယ်စောင်တွဲကျမ်း
## "သားရွှေတောင် ဆုံးမစာ"

အပိုဒ်(၇)

သားရွှေတောင်၊ မောင်ငယ်နနယ်၊ ပုလဲသွယ်သို့၊ အမယ်မွေးမိ၊ တတ်သိစေလို၊ ပြဩန်းဆိုအံ့၊ လူလိုသင်ထား၊ ဝက်ကျေးသားမှ၊ သင်ကြားနားမှာ၊ သူ့ဘာသာဖြင့်၊ ဗုဒ္ဓမိန့်မှာ၊ ဒွတ္တိသာကို၊ ဝမ်းမှာ ပြည့်လျှမ်း၊ ရွတ်စီးဖြန်း၍၊ နေ့ချမ်းညလျှင်၊ တောင်လက်သင်၍၊ မုခ်ဝင်ခေါင်စွန်း၊ လေသာနန်း၌၊ ဖြန့်သန်းလူးလာ၊ နေသည့်ခါမှ၊ လဟာမိုးပြင်၊ ထက်ကောင်းကင်က၊ စွန်လျှင်သုတ်ထွေ၊ ပါရလေသော်၊ သံချေညံ့ညံ၊ ဘဝင်လျှံမျှ၊ ရွတ်လျှံ လန်းလန်း၊ ကမ္ဘဌာန်းကို၊ မပန်းမပင်၊ သူ့ဂုဏ်အင်ကြောင့်၊ စွန်လျှင်မနေ၊ လွှတ်လိုက်ပေ၏။ အရှည်မကြာ၊ ထိုအနာကြောင့်၊ နိဗ္ဗာဝတာ၊ မရဏာကြောင့်၊ ပြောင်းကြွနတ်ထံ၊ ကျေးသားစံတို့၊ သက်နှံ့လူ့ပို့၊ သားပန်းညီလည်း၊ လိုလိုရာရာ၊ တတ်ပညာကို၊ ဝမ်းမှာထွက်ကြောင်း၊ အမယ်မောင်း၍၊ ရွှေကျောင်းဝိဟာ၊ တတ်ပညာကြောင့်၊ မြတ်ဆရာထံ၊ အပ်ထားနှံ့သည်၊ သက်နှံ့ရွှေတောင်၊ အမယ့်မောင်။

စိရံတိဋ္ဌတု သဒ္ဓမ္မော

သူတော်ကောင်းတရားမြတ်၊ လွှမ်းပတ်ကမ္ဘာတည်စေသော်။

## မရဏာနုဿတိ ရှုဆင်ခြင်ပွားများခြင်း

၁-၇-၂၀၁၈

၁။ သဗ္ဗေ ရာဝ ဘိဇ္ဇန္တိ တေသံ ဘေဒေါ မရဏံနာမ။

ခန္ဓာငါးပါး၊ ရုပ်နာမ်တရား (စိတ်-စေတသိက်-ရုပ်)တို့သည်သာ (ဖြစ်-တည်-ပျက်) ဥပါဒ်-ဌီ-ဘင် ဖြစ်ကြကုန်၏။ ထိုတရား တို့၏ ပျက်စီးခြင်းသည် သေသည်မည်၏။

၂။ ဇီဝိတံ မေ အဒ္ဓုဝံ။ ငါ၏အသက်သည် မမြဲပေ။

၃။ မရဏံ မေ ဓုဝံ။ သေခြင်းတရားသည် မြဲ၏။

၄။ ပရိတ္တံ မေ ဇီဝိတံ။ ငါ၏ အသက်သည် သေဖို့ရန်အချိန်အနည်းငယ် ကျန်တော့၏။

၅။ မရဏံ မေ ဘဝိဿတိ။ ဥပါဒ်-ဌီ-ဘင် ဖြစ်၍ သေပြီးလျှင် ပြန်ရှင်ရ၏။

၆။ အဒ္ဓိပုဗ္ဗော အယံ ကာယော။ အရိုးစုကြီးသာဖြစ်၏။

၇။ ဇိဝဟာနကသရီရေပိ အသုဘမေဝ။ အသက်ရှင်လျက်ပင် မတင့်တယ် စက်ဆုပ်ရွံရှာဖွယ်ပေတည်း။

၈။ မိမိခန္ဓာကိုယ်ကို ကိုးသချိုင်းရှုဆင်ခြင်ခြင်း

(က) သေပြီး ၁/၂/၃ ရက်ကြာလျှင် ဖူးဖူးရောင် ပုပ်ပွ၏။

(ခ) ၃ ရက်ကြာပြီးနောက် တောသချိုင်းသို့ စွန့်ပစ်၍ ကျီး စွန်ရဲ ငှင်းတ၊ တောခွေး၊ အိမ်ခွေး၊ စသည်တို့ စားနေ၏။

(ဂ) အသွေး၊ အသား၊ အကြောတို့ဖြင့် ဖွဲ့ချည်ထားသော အရိုးစု။

(ဃ) အသားကင်း၊ အသွေး+အကြောတို့ဖြင့် ဖွဲ့ချည်ထားသော အရိုးစု

(င) အသွေး အသားကင်းမဲ့ အကြောတို့ဖြင့် ဖွဲ့ချည်ထားသော အရိုးစု။

(စ) အသွေး+အသား+အကြော ကင်းမဲ့ပြီး အရိုးစုများ

(ဆ) ဖွေးဖွေးဖြူသော အရိုးစုများ

(ဇ) နှစ်လည်တစ်ခါကြူး ဟောင်းမြင်းသော အရိုးစုများ

(ဈ) ဆွေးမြေ့၍ မှုန့်မှုန့်ညက်ညက် အရိုးစု

အထက်ပါ (က) မှ (ဈ) အထိ

ဝဏ္ဏတော ဝဏ္ဏဘာဝီ ဝဏ္ဏ အနတ္တတော။

ဤကဲ့သို့ သဘောများ၊ ဤကဲ့သို့ဖြစ်ခြင်းတရားတို့ကို မလွန်မြောက်ကြကုန် ဟူ၍ တစ်ခုချင်း နှလုံးသွင်းကြရမည်။

အထက်ပါတို့ကို ရှုဆင်ခြင်နေခြင်းသည် သမထ ဖြစ်ပါသည်။ အရိုးစုများ (သက်မဲ့အရာဝတ္ထုမှန်သမျှတွင် ဓာတ်ကြီး ၄ ပါး အဆင်း၊ အနံ့၊ အရသာ၊ ဩဇာ၊ ပေါင်း အဋ္ဌကလာပ်ရုပ်။)

(အဝိနိဗ္ဘောဂ)ဖြင့် ဖွဲ့စည်းထားသော ရုပ်များသာ ဖြစ်၍ ရုပ် အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ ဝိပဿနာရှုကြရသည်။

ရုပ် ၂၈(တစ်ပါးချင်း)သည် မရှိဘဲ ဖြစ်ပေါ်လာပြီးပျောက်ပျက် သွား၏။

ရုပ်၊ စက္ခု အဟုတွာ သမ္ဘုတံ ဟုတွာ နဘဝိဿတီတိ ဝဝတ္ထောတိ။

ဦးရွှေဝင်း

(ပ-သုံးလုံး ယောဂီ)

## နမော ဗုဒ္ဓါယ သိဒ္ဓမ်
## ဆင်းရဲချမ်းသာတရား နှစ်ပါး (ဒုက္ခ+သုခ)

### (က) ပရမတ္ထတရား (မဖောက်မပြန် အမှန်ရှိတရား)

| စိတ်(၁) | စေတသိက် | ရုပ် | ဓာ(ဒုက္ခ)+(သုခ) နိဗ္ဗာန်(၁) |
|---|---|---|---|
| (၈၉/၁၂၁) | (၅၂) | (၂၈) | ၈၂= ဓမ္မသတ္တိပေါင်း |

၁။ ကာမစိတ် - ၅၄

(က) အကုသိုလ်စိတ် ၁၂ + (ခ) အဟိတ်စိတ် ၁၈ + (ဂ) ကာမ/သော ၂၄ = ၅၄

၂။ ရူပစိတ် - ၁၅

(က) ရူပကုသိုလ် ၅ + (ခ) ရူပဝိပါက် ၅ + (ဂ) ရူပကြိယာ ၅ = ၁၅

၃။ အရူပစိတ် ၁၂

(က) အရူပကုသိုလ် ၄ + (ခ) အရူပဝိပါက် ၄ + (ဂ) အရူပကြိယာ ၄ = ၁၂

၄။ လောကုတ္တရာစိတ် ၈

(က) မဂ်စိတ် (၄/၂၀) (ခ) ဖိုလ်စိတ် (၄/၂၀) = ၈/၄၀

= ၈၉/၁၂၁

လောကီစိတ်

ဒုက္ခ ၈၁

သုခ ၁

မျှသတ္တိ ၈၂

**(ခ) ဒုက္ခ= ဒု+ခ = ဒု- ကုစ္ဆိတ၊ စက်ဆုပ်ဖွယ်ရာ + ခ- နိရုတ္တက၊ အကျိုးမရှိ/ ဘာမှမရှိ/ ဟင်းလင်းပြင်။**

မှတ်ချက်။ ။ စက်ဆုပ်ဖွယ်ရာ ဘာတစ်ခုမှ မရှိသော ဒုက္ခမျှ သတ္တိပေါင်း ၈၁ ကို ဒုက္ခ/ ရုပ်+နာမ်/ ခန္ဓာ/အာယတန/ ဓာတ်/ လောက/ ဘဝ/သံသရာ/ ဝဋ်/ သင်္ခါရ/ သင်္ခတဓာတ်/ ဥပ္ပါဒ/ ပဝတ္တိ စသည်ဖြင့် ခေါ်၏။

၁။ ကိသ္မိံ လောကော ပတိဋ္ဌိတော = လောကကြီးသည် ဘယ်မှာတည်ရှိသနည်း။

ဒုက္ခေ လောကော ပတိဋ္ဌိတော = လောကကြီးသည် ဒုက္ခ အပေါင်း ၈၁ တွင် တည်ရှိ၏။

၂။ ဒုက္ခ မေဝ ဟိ သမ္ဘောတိ = ဒုက္ခအစုသာလျှင်ဖြစ်၏။(ဥပါဒ်)

၃။ ဒုက္ခံ တိဋ္ဌတိ ဝေတိစ = ဒုက္ခသာလျှင် တည်၏၊ (ဌီ)

ဒုက္ခသာလျှင် ပျက်၏။ (ဘင်)

၄။ နာညတြ ဒုက္ခာ သမ္ဘောတိ = ဒုက္ခမှကြဉ်၍ တစ်ပါးသောအရာသည် မဖြစ်။ (ဒုက္ခသာဖြစ်၏။)

၅။ နာညံ ဒုက္ခာ နိရုဇ္ဈတိ = ဒုက္ခမှကြဉ်၍ တစ်ပါးသောအရာသည် မချုပ်။ (ဒုက္ခသာချုပ်၏။)

၆။ နတ္ထိ ခန္ဓ သမာ ဒုက္ခာ = ခန္ဓာနှင့် တူသော ဒုက္ခမည်သည် မရှိ၊ (ခန္ဓာသာလျှင် အဆင်းရဲဆုံး။)

၇။ ဥပ္ပါဒေါ ဒုက္ခံ = စိတ်၊ စေတသိက်၊ ရုပ် ခေါ် သင်္ခါရတရားသည် ဒုက္ခဖြစ်၏။

၈။ ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ = ခန္ဓာငါးပါးသည် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်၏။

၉။ ဘာရာ ဟဝေရာစ ပုဂ္ဂလော = ပုဂ္ဂိုလ်/ခန္ဓာငါးပါး ရုပ်နာမ်တရားသည် ဝန်ထုပ်ဝန်ပိုးကြီးကို ဆောင်ရွက်ထားခြင်းဖြစ်၏။

၁၀။ ဘာရာ ဒါနံ ဒုက္ခံ လောကေ = လောက၌ ဝန်ထုပ်ဝန်ပိုးကို ယူဆောင်ထားခြင်းသည် ဒုက္ခတရားပင် ဖြစ်၏။

**(ဂ) နိဗ္ဗာန် = နိ + ဝါန = တဏှာကင်းကြောင်းတရားသည် နိဗ္ဗာန် မည်၏။**

**(နိဗ္ဗာန်သည် အကြောင်းတရား)**

၁။ နတ္ထိ သန္တိပရံ သုခံ = နိဗ္ဗာန်ထက် လွန်ကဲသော ချမ်းသာမည်သည် မရှိ။ (နိဗ္ဗာန်သည်သာ အမြတ်ဆုံး၊ အချမ်းသာဆုံး)။

၂။ အနုပ္ပါဒေါ သုခံ = နိဗ္ဗာန်သည် သင်္ခါရတရားတို့၏ မဖြစ်ကြောင်းတရား

၃။ ရာဂက္ခယော = ကိလေသာတို့၏ ကုန်ကြောင်းတရားသည် နိဗ္ဗာန် မည်၏။

၄။ မဒနိမ္မဒ္ဒနော = တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော မာရ်ရစ်ခြင်းမှ ကင်းလွတ်ခြင်း။

၅။ ပိပါသ-ဝိနေယျော = ကာမ တဏှာဟူသော ဆာလောင်မွတ် သိပ်ခြင်းမှ လွတ်မြောက်ခြင်း။

၆။ အာလာယ သမုဂ္ဃါတော = တဏှာတည်းဟူသော စွဲလမ်း/ဆွဲယူထားခြင်းမှ ကင်းကွာခြင်း။

၇။ ဝဋ္ဋုပစ္ဆေဒေါ = ဝဋ်သုံးပါးမှ ဖြတ်တောက် လွတ်မြောက်ခြင်း။

၈။ အတက္ကာဝစရ = ကြံစည်၊ စိတ်ကူး၊ တွေးတောကောင်းသောအရာ မဟုတ်။

၉။ ဝိညာဏံ = ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် သိအပ်ခြင်း။

၁၀။ အနိဒဿနံ = ပကတိမျက်စိ၊ ဈာန်၊ အဘိဉာဏ်တို့ဖြင့် မမြင်နိုင်ခြင်း။

## (ဃ) သစ္စာ ၄ ပါး တရား

၁။ (၁) ဒုက္ခံ တေဘူမကံ ဝဋ္ဋံ = ၃၁ ဘုံတွင် ကျင်လည်ကျက်စားသော ဒုက္ခမှ သတ္တိ ၈၁ သည် ဒုက္ခသစ္စာ မည်၏။

(၂) တဏှာ သမုဒယော ဘဝေ = လိုချင်တပ်မက်မှု (လောဘ စေတသိက်) သည် သမုဒယသစ္စာမည်၏။

(၃) နိရောဓောနာမ နိဗ္ဗာနံ = ကိလေသာတို့၏ ချုပ်ကြောင်း (တဏှာကင်းကြောင်း) နိဗ္ဗာန်သည် နိရောဓ သစ္စာ မည်၏။

(၄) မဂ္ဂေါ လောကုတ္တရော မတော = လောကမှ လွတ်မြောက်ကြောင်း တရား(မဂ္ဂင်ရှစ်ပါး) သည် မဂ္ဂသစ္စာ မည်၏။

၂။ (၁) ဒုက္ခမေဝ ဟိ နဒော ဒုက္ခိ = ဆင်းရဲခြင်းအစုသာရှိ၏။ ဆင်းရဲကို ခံစားတတ်သူမရှိ။ (ဒုက္ခ)

(၂) ကြိယာဝ နကာရကော = ဒုက္ခဖြစ်ကြောင်းတရားသာ ရှိ၏။ ဒုက္ခကို ပြုလုပ်တတ် သူမရှိ (သမုဒယ)

(၃) နိဗ္ဗုတိဝ နိဗ္ဗုတော-န = နိဗ္ဗာန်သည်သာရှိ၏။ နိဗ္ဗာန်ကို ခံစားတတ်သူမရှိ။ (နိရောဓ)

(၄) မဂ္ဂေါဝ ဂမကောနိဝ = နိဗ္ဗာန်ရောက်ကြောင်းတရားသာရှိ၏။ နိဗ္ဗာန်သို့ သွားတတ်သူမရှိ။ (မဂ္ဂ)

၃။ (၁) လောကဒုက္ခ ပညာပေမိ = လောကဟူသည်းဟူသော စိတ်၊ စေတသိက်၊ ရုပ်တရားများသည် ဒုက္ခသစ္စာ။

(၂) လောကသမုဒယဥ္စ = လောက၏ ဖြစ်ကြောင်းတဏှာသည် သမုဒယသစ္စာ။

(၃) လောကနိရောဓ = လောက၏ ချုပ်ကြောင်းနိဗ္ဗာန်သည် နိရောဓသစ္စာ။
(၄) လောကနိရောဓဂါမိနိပ္ပ ပဋိပဒ္ဓိ = လောက၏ ချုပ်ရာသို့ ရောက်ကြောင်း အကျင့်သည် မဂ္ဂသစ္စာ။

**(င) နာမရူပ ပရိစ္ဆေဒဉာဏ် = နာမ်ရုပ်နှစ်ပါးကို ခွဲခြားသိခြင်း**

---ဆိုသည်မှာ စိတ်၊ စေတသိက်၊ ဒုက္ခအပေါင်း၏ သဘာဝတရား အသေးစိတ်ကို စွမ်းအားရှိသလောက် သင်ယူမှတ်သား နာယူကျင့်ကြံ ကျက်မှတ်ပြီးလျှင် (သောတာနုဂတ)ကျက်မှတ် ပြီးတရားများကို ရသမျှ နှုတ်တက်ရွတ်ဆို (ဝစသာ ပရိစိတ) ခြင်း ဉာဏ်ပင်ဖြစ်၏။ ဆရာသမား ကောင်းများထံတွင် လေ့လာသင်ယူမှတ်သားရန် အထူးလိုအပ်ပေသည်။ နာမ်ရုပ် နှစ်ပါး ခွဲခြားသိမြင် သဘောပေါက်လျှင် လူပုဂ္ဂိုလ် သတ္တဝါဟူ သော စွဲလမ်းမှုမှ ကင်းဝေးခြင်း၊ (သက္ကာယဒိဋ္ဌိ ခန္ဓာငါးပါး ရုပ်နာမ်တရား ကို ငါဟု စွဲမြဲခြင်းမှ ကင်းလွတ်ခြင်း)သည် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်၏။

**(စ) ပစ္စယပရိဂ္ဂဟဉာဏ် = အကြောင်းတရားများကြောင့် အကျိုးတရားများဖြစ်ပေါ်လာခြင်း။**

---ဆိုသည်မှာ အရာဝတ္ထုတိုင်းသည် ဖန်ဆင်းရှင်ကြောင့်ဖြစ်ပေါ်လာ ခြင်းမဟုတ်။ အကြောင်းအမျိုးမျိုးကြောင့် အကျိုး တရား ဖြစ်ပေါ်လာခြင်း ဖြစ်၏။ မျက်စိအကြည်ဓာတ်နှင့် ရူပါရုံ တိုက်ဆိုင်မှုကြောင့် မြင်သိ စိတ်(အကျိုး) ဖြစ်ပေါ်လာ၏။ ယင်း ဉာဏ်ကို ယုံကြည်လျှင် တရားတော် များပေါ်တွင် ယုံမှား သံသယကင်းရှင်းသောကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်၏။ နိဗ္ဗာန်၏ သတ္တိကြောင့် မဂ်စိတ်(အကျိုး)ဖြစ်ပေါ်လာရသည်။

### (ဆ) စူဠသောတာပန်

ဣမိနာ ပန ဉာဏေန သမန္နာဂတော၊ ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော၊ နိယတဂတိကော၊ စူဠသောတာပန္နော နာမ ဟောတိ။

အထက်ပါ ပါဠိတော်အရ ဖော်ပြပါ ဉာဏ်နှစ်ပါးနှင့် ပြည့်စုံ သောသူသည် စူဠသောတာပန်ဖြစ်၍ သက်သာရာကိုရပြီး ကောင်းသောဆောက်တည်မှု၌ တည်၍ သုဂတိရှိသူဖြစ်၏။

**အထူးကျေးဇူးဆပ် ပူဇော်ခြင်း။**

ခရမ်းမြို့၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆရာတော်ကြီး (အဂ္ဂါ+ဘိဇ)နှင့် ပ-သုံးလုံး ဆရာတော်ကြီး (အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ) တို့၏ ဂုဏ်ကျေးဇူးတော်အနန္တကို ကျေးဇူးဆပ်ပူဇော်ပါ၏။

**ဆုတောင်းခြင်း။**

ဤစာတမ်းကို ရေးသားပြုစု ဖြန့်ဝေလှူဒါန်းရသည့် ကောင်းမှုကြောင့် ဤဘဝမှ ကွယ်လွန်၍ ဒုတိယဘဝဖြစ်ခဲ့သည်ရှိသော် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်၍ လေးပါးသောမဂ် တရားများကို ရလိုပါ၏။

**ဦးရွှေဝင်း**
(ပ-သုံးလုံး ယောဂီ)

## ဗလဝါမုခ ဝဲသြဃကြီး (ဝေဒနာ--၁၀၈)
## ဗလဝါမုခ ဝဲသြဃကြီး = မဟာသမုဒ္ဒရာ၌ ယူဇနာ

ယူဇနာ ရာထောင်မက မြင့်မောက်ကြသည့် ဝဲသြဃလှိုင်းရေ အလျဉ်ကြီးသည် ဆောက်တည်ရာမရနိုင် စကားသည် ချွတ်ယွင်း၏။ မမှန်။ ရယ်ဖွယ်သာဖြစ်သည်။

ယူဇနာ ရာထောင်မက ကြီးမြင့်သည့် သမုဒ္ဒရ ဝဲသြဃရေ အလျဉ်ကြီးအတွင်း၌ ငါးကြီး၊ ငါးမန်းကြီး၊ လိပ်ကြီး စသော ရေသတ္တဝါကြီးများ လှိုင်းကြီးလေ မြူးတူးပျော်ပါးကြလေဖြစ်၏။ ထောက်တည်ရာ ရနိုင်ကြပေသည်။

ယူဇနာ မည်မျှပင် ဝဲသြဃကြီးပေမယ့်၊ မြင်းမိုရ်တောင်ခြေ ပင်လယ်ကသစ်ပင်ရင်းနေ အသူရာနတ်တို့လည်း မြူးထူးရပ်တည်နိုင်ကြ၏။ ထောက်တည်ရာ ရနိုင်ကြသေး၏။ (ဥပမာ)

ခံစားခြင်းဝေဒနာ ဝဲသြဃရေအယဉ်ကြီး အတွင်း၌ကား မည်သည့် နတ်လူ သတ္တဝါမှ ခံစားခြင်း ဝေဒနာကို တင်းတိမ်သည်၊ ရောင့်ရဲသည် မရှိ။ ဝေဒနာ ဝဲသြဃကြီး၌ အစဉ်နစ်မွန်းမျောပါနေကြပေသည်။

လူသည်လည်းကောင်း၊ နတ်သည်လည်းကောင်း၊ ဗြဟ္မာသည် လည်းကောင်း၊ တန်ခိုးရှင်သည်လည်းကောင်း၊ တစ်ဦးဦးသော သတ္တဝါသည်လည်းကောင်း၊ ဝေဒနာသြဃကြီး၌ ထောက်တည်ရာ ရနိုင်သူ တစ်ယိုးတစ်စိမျှ မရှိကြချေဟု စိမ့်စိမ့်ငုငု ဉာဏ်အမြင်ရှုကြရသည်သာတည်း။ (ဥပမေယျ)

(သံ/၂/၄၀၈)

(ပသုံးလုံးဆရာတော်ဘုရားကြီး၏ ဝေဒနာကမ္မဋ္ဌာန်း စာ-၁၆)

(ဝေဒနာ ၃ × အာရုံ ၆ × အဇ္ဈတ္တ + ဗဟိဒ္ဓ ၂ × ကာလ ၃) =

(ဝေဒနာ ၁၀၈)

## ဒုက္ခကို ကိုယ်တိုင်ပြု၊ သူတစ်ပါးပြုဟု မဆိုလင့်။

အစေလက ကဿပ (မေး)

ရှင်တော်ဘုရား (ဖြေ)

(၁) ဆင်းရဲကို ကိုယ်တိုင်ပြုအပ်ပါသလော။

(၂) ဆင်းရဲကို သူတစ်ပါးပြုအပ်ပါသလော။

(၃) ဆင်းရဲကို ကိုယ်တိုင်လည်းပြု၊ သူတစ်ပါးလည်း ပြုအပ်ပါ သလော။

(၄) ဆင်းရဲကို ကိုယ်တိုင်ပြုသည်လည်းမဟုတ်၊ သူတစ်ပါးပြုသည်လည်း မဟုတ်၊ အကြောင်းမဲ့ ဖြစ်ပါသလော။

အထက်ပါ ၄ ချက်ကို ဤသို့မဆိုလင့်ဟု မြွတ်စွာ ဘုရား မိန့်တော်မူ၏။

(၅) ဆင်းရဲသည် မရှိပါသလော။

ဆင်းရဲမရှိသည်မဟုတ် ရှိသည်သာတည်း။

(၆) ဆင်းရဲကို မသိမမြင်ပါသလော။

ငါသည် ဆင်းရဲကို မသိမမြင်သည်မဟုတ်၊ ငါသည် ဆင်းရဲကို သိ၏။ ဆင်းရဲကိုမြင်၏။

(သံ၊ ၁၊ ပြန်၊ ၂၄၄)

ထိုသူသည်ပြု၏။ ထိုသူသည် ခံစား၏ဟူ၍ အစကပင် ရှိခဲ့သော် ဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏ဟူ၍ ဆိုသောသူသည် သဿတအယူသို့ ရောက်၏။

သူတစ်ပါးပြု၏။ သူတစ်ပါး ခံစား၏ဟူ၍ အစကပင် ရှိခဲ့သော် ဝေဒနာနှိပ်စက်စဉ် ဆင်းရဲကို သူတစ်ပါးပြုအပ်၏ ဟူ၍ ဆိုသောသူသည် ဉစ္ဆေဒဒိဋ္ဌိအယူသို့ရောက်၏။

ထိုနှစ်ပါးသော အစွန်းကို မရောက်မူ၍ အလယ်အလတ်အားဖြင့် မြတ်စွာဘုရား တရားဟောတော်မူ၏။ (သံ၊ ၁၊ မြန်၊ ၂၄၅)

အလွန်နက်နဲသိမ်မွေ့လှသော သဘာဝကို ယောဂီရဟန်းသူမြတ်တို့ သိအပ်ပါပေ၏။

သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စတ။

စိတ် စေတသိက် ရုပ်တည်းဟူသော ဒုက္ခပေါင်း ၈၁ မှ လွတ်မြောက်နိုင်ကြပါစေ။

နိဗ္ဗာန်ချမ်းသာသို့ ရောက်နိုင်ကြပါစေ။

ဖြန့်ဝေလှူဒါန်းပူဇော်သူ

**ဦးရွှေဝင်း**

(ပ-သုံးလုံး ယောဂီ)

မမှာစရိယ (ဂုဏ်ထူး)

နေ့စွဲ။ ၇-၂-၂၀၁၇

## ဗုဒ္ဓသာသနာတော်၏ ပဓာနလုပ်ငန်းကြီးဖြစ်သော သံသရာရဲ့ ထွက်ပေါက် နိဗ္ဗာန်သို့

* ရေဆာနေသူ ရေချမ်းစင်တွေ့ရသလို ထိုအသံကို ကြားရရုံနှင့်ပင် စိတ်အာဟာရတွေ ပြည့်ဝကြည်လင်ခွင့် ရရှိနိုင်ပေသည်။
* လူချင်းမတူတဲ့လူ ကလျာဏပုထုဇဉ်အဆင့်ဖြင့် အပါယ်သို့ ကျရောက်ခွင့် မရှိတော့ပေ။
* ထိုသူသည် ဗောဓိပက္ခိယ ဘက်တော်သား အသင်းဝင်တစ်ဦးလည်း ဖြစ်ပေသည်။

### "ပဓာနသာ တုလနာ ဗဟုကာရာ"

| | | |
|---|---|---|
| ပဓာနသာ | - | အားထုတ်သောသူအား |
| တုလနာ | - | နှိုင်းချိန်ခြင်းသည် |
| ဗဟုကာရာ | - | ကျေးဇူးများ၏။ |

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## "သံသရာရဲ့ ထွက်ပေါက်နိဗ္ဗာန်သို့"

နိဗ္ဗာန် နိဗ္ဗာန်နဲ့ အဘယ်ကြောင့် လိုလိုလားလားနဲ့ လိုချင်တောင့်တ နေကြရပါသနည်းဟူမူ -

သူ့သူငါငါ ရရှိထားတဲ့ဘဝက၊ ဉပါဒါနက္ခန္ဓာ ၅-ပါး အမည်ရသော ဤမှာဘက်ကမ်းမှာ ခန္ဓာ ၅-ပါး၊ လူသတ်သမား ၅ ယောက် သတ်ဖြတ် ညှင်းပမ်း နှိပ်စက်ခံနေကြရပြီး၊ စက်ဆုတ်ရွံရှာဖွယ်လည်းရှိ ဘေးဘျမ်းနှင့်တကွလည်းဖြစ်၍ ကြောက်လန့်ဖွယ်ဘေးတွေပါတကားဟု သိသောကြောင့်၊

ဟိုမှာဘက်ကမ်းနှင့်တူသော နိဗ္ဗာန်က၊ ဘေးကင်းပြီး ဘေးဘျမ်းတွေ လည်းမရှိ ပရမတ္ထအားဖြင့် ထင်ရှားရှိတဲ့ အငြိမ်းဓါတ် နိဗ္ဗာန်ဖြစ်လို့ လိုလိုလားလား ဖြင့် လိုချင်တောင့်တ နေကြရပါသည်။

စက်ဆုပ်ရွံရှာဖွယ်ရှိတယ်ဆိုတာ ၃၂-ပါးသော ကောဋ္ဌာသကို တစ်ခုချင်း စိစစ်ကြည့်လျှင် သိနိုင်ပါသည်။

ဘေးဘျမ်းနှင့်တကွ ဖြစ်တယ်ဆိုတာ ရာဇတော၀ါ၊ စောရ တော၀ါ၊ မနုဿတော၀ါ၊(--------) နာနာဘယတော၀ါ၊ နာနာရောဂ တော၀ါ၊ နာနာဉပဒ္ဒ၀တော၀ါ-ကို တစ်ခုချင်း စိစစ်ကြည့်လျှင် သိနိုင်ပါသည်။

**နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။** ။ အဆူဆူသော ဘုရားရှင်တို့ကလည်း နိဗ္ဗာန်က အမြတ်ဆုံးဟု မိန့်ဆိုတော်မူခဲ့ကြလို့လည်း လိုလိုလားလားဖြင့် လိုချင်တောင့်တ ကြရခြင်း ဖြစ်ပါသည်။

**နတေန မမ္မေန သမတ္ထိကိဥ္စိ။** ။ နိဗ္ဗာန်တရားနှင့်တူသော တစ်စုံတစ်ခု သော တရားမည်သည်မရှိဟု ဟောကြားထားလို့လည်း လိုလိုလားလားဖြင့် လိုချင် တောင့်တရခြင်း ဖြစ်ပါသည်။

နိဗ္ဗာန်တရားကို ကြည်ညိုသောသူသည် အမြတ်ကို ကြည်ညိုသော သူမည်၏။ အမြတ်ကို ကြည်ညိုသောသူသည် မြတ်သောအကျိုးကို ရရှိပါပေ၏ဟု (အံ-စတုက္က-အဂ္ဂပသာဒသုတ်)မှာ ဟောထားတာတွေ့ရတာ့ မြတ်သောအကျိုးကို ရချင်လို့ နိဗ္ဗာန်ကို လိုလိုလားလား ဖြင့် လိုချင်တောင့်တနေရခြင်း ဖြစ်ပါသည်။

**ဝိသင်္ခါရ ဂတံစိတ္တံ တဏှာနံ ခယမဇ္ဈဂါ။** ။ အနေကဇာတင် ဥဒါန်းပါဠိတော်တော်အရ နိဗ္ဗာန်သို့ရောက်သော စိတ်ရှိသူသည် တဏှာကုန်ခြင်းသို့ ရောက်၏ဟု ဆိုထားသဖြင့် တဏှာကုန်ချင်လို့ နိဗ္ဗာန်ကို လိုလိုလားလားဖြင့် လိုချင်တောင့်တရခြင်း ဖြစ်ပါသည်။

နိဗ္ဗာန်ကို မသိမမြင်ဘဲ၊ အနှစ်တစ်ရာ အသက်ရှည်နေရခြင်းထက် နိဗ္ဗာန်ကို သိမြင်ပြီး တစ်ရက်အသက်ရှင်နေရခြင်းက မြတ်သေး၏ဟု ဓမ္မပဒမှာ ဟောထားလို့ နိဗ္ဗာန်ကို လိုလိုလားလားဖြင့် လိုချင်တောင့်တရခြင်းဖြစ်ပါသည်။

"အနှစ်တရာ၊ သက်ရှည်ကြာလည်း၊ ခေမာအမတ မမြင်ရသော်၊ ဘဝဤဇာတ်၊ ကယ်မမြတ်ဘူး၊ ဝိပဿနာ၊ အခြေပါ၍ လေးဖြာမဂ်စု၊ ဉာဏ်စက္ခုဖြင့်၊ ခုဝဇကာ၊ နေရာစန်ကို၊ ဝေဖန်မြင်က၊ တစ်ရက်မျှလျှင်၊ ဇီဝရှည်လျှင်း၊ တည်နေခြင်းက၊ လွန်မင်းသာစွ၊ မြတ်ထွဋ်ရလှဟု၊ ဇိနဘုရား ဟောမိန့်ကြားသည်၊ တရားကျိုးသင့်လှပြီတကား"

**တိပိဋကဓရ ဆရာတော်**
**ဦးဝိစိတ္တသာရာဘိဝံသ**

## စားကျက်မှားလို့ ရန်သူစွန်ရဲ ဆွဲသုတ်ခံရ၊ စားကျက်မှန်တော့ ရန်သူစွန်ရဲ ရင်ကွဲသေရေး

## "မဟာသတိပဋ္ဌာနသံယုတ်- သကုဏဂ္ဃိသုတ်"

ဘီလုံးငှက်ကလေး မိဘရိုးရာ စားကျက်ထွန်ကြီးခဲ၊ ထယ်ခဲကြားမှာ မကျက်စားဘဲ၊ မြေပြန့်လွင်ပြင်မှာသွားပြီး ကျက်စားမိလို့ ရန်သူစွန်ရဲ ဆွဲသုတ်ခံရတဲ့အခါ ပုန်းအောင်းရာမရှိဖြစ်ပြီး၊ ရန်သူစွန်ရဲ အလွယ်တကူ ဆွဲသုတ်ခံရတော့သည်။ ဘီလုံးငှက်ကလေးက ပြောတယ် "အင်း-မိဘ ရိုးရာ စားကျက်သာဆိုလျှင် ဒီစွန်ရဲလောက်တော့ အသေတိုက်ခိုက်နိုင်တယ်"ဟု ပြောသောအခါ ရန်သူစွန်ရဲက "ဒီအကောင်လေး ငါ့ကိုမထိ လေးစားနဲ့၊ ကဲ မင်းတို့ရိုးရာ စားကျက်ကိုလွှတ်ပေးလိုက်မယ် ငါ့ကို တိုက်ခိုက်စမ်း" ဟုဆိုပြီး လွှတ်ပေးလိုက်သည်။

ဘီလုံးငှက်ကလေးက ထွန်ကြီးခဲ၊ ထယ်ခဲပေါ်မှ သိန်းစွန်ကြီး တိုက်ရဲလျှင် တိုက်တော့ဟု စိန်ခေါ်လိုက်တာနဲ့ သိန်းစွန်ကြီးလည်း ဒေါသတကြီးနဲ့ တအားထိုးသုတ်တဲ့အခါ ဘီလုံးငှက်ကလေးက ထယ်ခဲကြားထဲ ဝင်ပုန်းလိုက်တော့ သိန်းစွန်ကြီး ထယ်ခဲ့နှင့် တရှိန်ထိုး တိုက်မိပြီး ရင်ကွဲသေပွဲဝင်ခဲ့ရသည်။

စားကျက်မှန်လျှင် (အနေမှန်လျှင်) အင်အားကြီးတဲ့ ရန်သူကို အပြုတ်တိုက်နိုင်တယ်ဆိုတဲ့ ဥပမာ-

## "မိဘ ရိုးရာအာရုံ စားကျက်နိဗ္ဗာန်"

ငါတို့ မိဘရိုးရာ ဘဘုရားရဲ့စားကျက်က နိဗ္ဗာန်၊ မမွာရုံ ကိလေသာရန်သူရဲ့ စားကျက်က ငါးဖြာအာရုံ ကာမဂုဏ်၊ မြေပြန့်လွင်ပြင်၊ ငါးဖြာအာရုံ

ကာမဂုဏ်မှာ ကျက်စားလျှင် ကိလေသာရန်သူက အလွယ်တကူ ဖမ်းယူသွားနိုင်သည်။ မိဘရိုးရာ ဘဘုရားရဲ့ ကျက်စားရာ နိဗ္ဗာန် အာရုံနဲ့နေလျှင် နိဗ္ဗာန်က တာနစောင့်ရှောက်ပေးသည်။ လေဏာပုန်းအောင်း မှီခိုရာဖြစ်သည်။

ကိလေသာရန်သူကို အကြွင်းမရှိ ပယ်သတ်နိုင်တယ်ဆိုတဲ့ ဥပမေယျ -

"သုံးလောကတွင် ဒုက္ခထင်၍ လွတ်အင်ထွက်ရာ၊ ရတက်ဖြာသော်၊ သက်သာစေရန်၊ အနေမှန်လျှက်၊ ဇေ်ာ တတိယနိရောဓ"

(မဃဒေဝ)

အထွေထွေဒုက္ခတွေရဲ့ ထွက်ပေါက်/ သံသရာရဲ့ထွက်ပေါက်က နိဗ္ဗာန်ဆိုတာ သိမြင်ပြီး၊ နိရောဓသစ္စာထိုက်တဲ့ နိဗ္ဗာန်မှ အနေမှန်၍ သက်သက်သာသာရှိမည်ဟု ဆိုလိုသည်။

ထို့ကြောင့်လည်း နိဗ္ဗာန်ကို လိုလိုလားလားနဲ့တောင့်တ နေကြရခြင်းဖြစ်ပါသည်။

"ရန်သူဝိုင်းထား၊ ထိုယောကျ်ားကား . . . ပြေးသွားဖို့ရာ၊ လမ်းပေါက်သာလျှက်၊ ပြေးမထွက်၊ လမ်းတွက်မဟုတ်ချေ။"

လောကဥပမာအားဖြင့်-

လောကမှာ သူဌေးနှင့်ပေါင်းမှ သူဌေးဖြစ်မှာ ချမ်းသာမှာ၊ ဆင်းရဲသားနဲ့ပေါင်းလျှင် ချမ်းသာဖို့မရှိ၊ ဆင်းရဲမြဲ ဆင်းရဲဖို့ပဲ ရှိတယ် ဆိုသလို။

အထူးထူးသော ကိလေသာတို့မှ အထူးသဖြင့် စင်ကြယ်တဲ့၊ ချမ်းသာတဲ့ နိဗ္ဗာနဓာတ်ကို အာရုံပြုသောအားဖြင့် အလေးအမြတ် ဆင်ခြင်နှလုံးသွင်းနေမှ နိဗ္ဗာန်ချမ်းသာနှင့် ပေါင်းရာရောက်ပါသည်။ စင်ကြယ်တဲ့ဓာတ်နှင့်ပေါင်းမှ မိမိစိတ်လည်း စင်ကြယ်ပါသည်။

ဒုက္ခပေါင်းချုပ်၊ ခန္ဓာ- ၅ပါးဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးကို သာယာနေမယ်၊ အလွန်နှစ်သက်နေမည်ဆိုလျှင် ဆင်းရဲသားနှင့် ပေါင်းနေရာရောက်ပြီး ဆင်းရဲ

တွင်းက လွတ်နိုင်ဖို့ မရှိလို့ စင်ကြယ်တဲ့ ချမ်းသာတဲ့ နိဗ္ဗာန်ကိုပေါင်းတဲ့အနေဖြင့် လိုလိုလားလား တောင့်တနေရခြင်းလည်း ဖြစ် ပါသည်။

အချို့ချို့သော လူသားတွေ ကိုယ့်ကိုကိုယ် ချစ်ရုံတင်မက အပါယ် လေးဘုံသား တိရိစ္ဆာန်တွေကို အဆစ်တောင်းပြီး ချစ်နေကြတာကို တွေ့ကြပါလိမ့်မယ်။ သနားဘွယ်ကောင်းလေစွ၊ အဲဒီအထဲ ကိုယ်မပါဘို့ပဲ အရေးကြီးပါသည်။

## နိဗ္ဗာန်ရှာပုံတော်

တို့ နိဗ္ဗာန်ကိုသိရှိဘို့ရာ ကြိုးစားလာခဲ့ရပုံကို ပုံဖော်ပြီး ခံစားကြည့်မည်ဆိုလျှင် တို့မြတ်စွာဘုရား အလောင်းတော်ဘဝတည်းက ကြည်ညိုဘွယ်ရာကောင်းသည်ကို တွေ့ရှိကြရမည်ဖြစ်ပါသည်။

အလောင်းတော်ကြီးဘဝဖြင့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အတွင်း ဖြစ်တော်ပေါင်းဘဝတိုင်းမှာ ပါရမီဆယ်ပါး-အပြားသုံးဆယ်ကို အဆက်မပြတ် မွေ့လျော်ပျော်ပိုက်စွာဖြင့် ဖြည့်ဆည်းတော်မူခဲ့ရရှာသည်။

ပါရမီတွေပြည့်မြောက်၍ ဘုရားအဖြစ်သို့ ရောက်တော်မူပါမှ သိတော်မူလို့၊ မြင်တော်မူလို့ ဟောကြားတော်မူခဲ့သော နိဗ္ဗာန်ဖြစ်ပါသည်။

မြတ်စွာဘုရား (၄၅) ဝါအတွင်း ဟောကြားပြီးပြန်တော့၊ ရဟန္တာ အရှင်သူမြတ်တွေ၊ သံဃာတော်အရှင်သူမြတ်တွေက သင်္ဂါယနာ (၆) ကြိမ်တိုင်တိုင် ထိန်းသိမ်းစောင့်ရှောက် မှတ်တမ်းတင်ခဲ့လို့သာ ယခု သာသနာနှစ် ၂၅၆၁-ခုနှစ် အထိ သိခွင့်ရနေကြပါသည်။ "ငါ့ဘဝ အရ တော်လေစွ" ဟု သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်ကိုလည်း ကျေးဇူးကြီးမားလှပေသည်ဟု ပူဇော်ကန်တော့ရပါသည်။

## နိဗ္ဗာန်ရောက်ဖို့ အားပေးစကား

ငါကသာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ရင်းနှီးပြီးတော့ ရှာခဲ့တာ။

ငါရှာလို့ တွေ့ပြီးဟောထားတဲ့ နိဗ္ဗာန်တရားကို "ဂရုကတွာ" အလေးအမြတ်ပြု၍ ယုံကြည်စွာ လိုက်နာကျင့်သုံးကြမည်ဆိုလျှင်- (၇-နှစ်၊ ၇-လ၊ ၇-ရက်) နှင့် ရောက်နိုင်ပါသည်ဟူ၍လည်း အားပေးစကားပြောခဲ့ပါသေးသည်၊

(မဟာသတိပဋ္ဌာနသုတ်)

မြတ်စွာဘုရားသာ မပွင့်ထွန်း မပေါ်ပေါက်ခဲ့လျှင် ထို (နိဗ္ဗာန်) ဆိုတဲ့ အမည်လေးကိုတောင် သိခွင့်ရမည်၊ ကြားခွင့်ရမည်မဟုတ်ပေ။

ဒါကြောင့် "ငါ့ဘဝ အရတော်လေစွ" ထို (နိဗ္ဗာန်) ဟူသော အမည်ကို ကြားရရုံနှင့်ပင် စိတ်သည် ကြည်လင်ခွင့်ရပေသည်ဟု ပညာရှိတို့ မိန့်ဆိုခဲ့ကြခြင်းဖြစ်ပေသည်။

မိုးကုတ်ဆရာတော်ကြီး ပြောတဲ့စကားအရဆိုလျှင် "ခင်ဗျားတို့က ဆားတလျက်နဲ့ သိခွင့်ရတာလို့ အောက်မေ့ပါတဲ့"

ပ-သုံးလုံးဆရာတော် ဦးဇောတိက အဆိုအရ "ရဟန်းတော်များ ဝိပဿနာပညာဆရာဖြစ်သင်တန်းတွင် တပည့်တော်တို့က မြစ်ကိုအလျားလိုက်ကူးပြီး ထိုထို ကျမ်းဂန်အစောင်စောင်ရှာဖွေပြီး စုခဲ့ရတာ၊ ကိုယ်တော်တို့က တစ်လသင်တန်းတက်ရုံနဲ့ ဝိပဿနာဆိုင်ရာ ပါဠိတော်များကို သိကြရတယ်၊ ဒါလွယ်တာမဟုတ်ဘူး၊ ကိုယ်တော်တို့ ကြိုးစားတော်မူကြပါ။

## လောကနိဗ္ဗာန်အကြောင်း

အလျဉ်းသင့်လို့ ကြော်ငြာဝင်တဲ့အနေဖြင့် လောကနိဗ္ဗာန် အကြောင်းကို ရှင်းလင်းလိုပါသည်။ နိဗ္ဗာန်ကို အထွဋ်အမြတ်ထားပြီး တွဲသုံးနေကြတာဖြစ်ပါ

သည်။ လောကနဲ့ နိဗ္ဗာန်က ဆန့်ကျင်ဘက်ကြီးပဲ။

| | | |
|---|---|---|
| လောက က | = | ဖြစ်ပျက်၊ |
| နိဗ္ဗာန် က | = | မဖြစ်မပျက်၊ |
| လောက က | = | သံသရာ၊ ၃၁-ဘုံ၊ |
| နိဗ္ဗာန် က | = | လောကရဲ့ အပြင်ဘက်၊ |

လောကုတ္တရာ၊ နိဗ္ဗာန်ကို အမြက်တနိုးထားပြီး အမျိုးမျိုးသုံးနေတာကို သိနေကြပြီး ဖြစ်သည်။

နိဗ္ဗာန်ရွာ၊ နိဗ္ဗာန်လမ်း၊ နိဗ္ဗာန်ယာဉ်၊ နိဗ္ဗာန်ကုန်၊ နိဗ္ဗာန်ဈေး၊ စသည် ဖြစ်ပါသည်။

ဘုရားပြောတဲ့ နိဗ္ဗာန်ကတော့ နောက်ကရှင်းခဲ့ပြီ။ အများသုံးနေကြလို့ အလွယ်ပြောဆိုသုံးနေကြသော်လည်း တခြားစီဆိုတာကိုတော့ သိထားဘို့လိုပါသည်။

"အမှန်အမှားရှိသည်ဗြား၊ အမှားကြိုက်သူများ၊ အမှားကြာလျှင်၊ အမှန်ထင်၊ နောင်ပြန်ပြင်ဘို့က ခက်ခဲစွ"ဟု ပ-သုံးလုံးဆရာတော် ဦးကုသလက ဟောပြောပါသည်။ သင်ပေးပါသည်။

ပဓာနသာ တုလနာ ပဟုကာရာ -

ဟု မျက်နှာဖုံးမှာ ရေးခဲ့ပြီး၊ နှိုင်းနှိုင်းချိန်ချိန် သုခမိန်ဖြစ်မှ ကျေးဇူးများမှာ ဖြစ်ပါသည်။

## လောကဓာတ် ပညာရလဒ်

တဆက်တည်းတင်ပြရလျှင် လောကဓာတ်ပညာရလဒ်ကိုလည်း တန်ဖိုးထားတတ်ဖို့ လိုပါသည်။

သိပ္ပံပညာရှင်တွေ ရာစုနှစ်နှင့်ချီပြီးတော့မှ တီထွင်ကြံဆခဲ့လို့ ဖြစ်ထွန်းလာတဲ့ -

လူသုံးကုန်အတွက် - စက်မှုနည်းပညာ

ကျန်းမာရေးအတွက် - ဆေးသိပ္ပံပညာ

စားနပ်ရိက္ခာအတွက် - စိုက်ပျိုးရေးနည်းပညာ

စသည်တို့သည် လူဦးရေတွေ တိုးပွားလာသည်နှင့်အမျှ ပါးစပ်ပေါက်တွေကလည်းများလာ၊ ရောဂါဘယတွေကလဲ ဆန်းပြားလာ၊ စားလောက်သောက်လောက်အောင် အထွက်တိုးနည်းပညာတွေနဲ့ ထိန်းပေးနိုင်ခဲ့သည်။ ဖြစ်လာတဲ့ရောဂါတွေကိုလည်း ထိန်းထားနိုင်အောင်လို့ ဆေးပညာတွေကလည်း တပါတည်းပါလာရသည်။ ပညာရှင်တွေကို ကျေးဇူးတင်ပါသည်။

"သံသေ တစ်ပြည့်ဝ၊ ပြဒါးသေ တစ်ဆွေ့ဝ" မြန်မာစကားပုံ အတိုင်း သံသေအောင်လုပ်နိုင်ကြတော့ သူတို့တိုင်းပြည် ကြီးပွားကြသည်။ အခြားတိုင်းပြည်တွေလည်း တစတစ နည်းပညာတွေရတော့ ကြီးပွားကြသည်။

ဒါ လောကဓာတ်ပညာရဲ့ ရလဒ်ဖြစ်ပါသည်။ လူသားတွေကသာ ထိုရလဒ်ကို အကျိုးရှိရှိ သုံးဆောင်ခံစားရင်း၊ ညီညီညွတ်ညွတ်နဲ့ ငြိမ်းချမ်းစွာ အတူတကွ နေထိုင်ကြဘို့ပဲ လိုပါသည်။

လောကဓာတ်ပညာ၏ ရလဒ်ကို-

လောက နိဗ္ဗာန် တည်ဆောက်ကြမှာလား ?

လောက ငရဲ တည်ဆောက်ကြမှာလား ?

ကမ္ဘာ့လူသားတွေရဲ့ ဆန္ဒမဲက ရာစုနှစ်နီးပါး တည်ဆောက် ပြီးဖြစ်တဲ့ လောကနိဗ္ဗာန်ကြီးကို စည်ကားသည်ထက် စည်ကားအောင် ထိန်းသိမ်းထားတာကိုလဲ လိုလားကြမည်ဆိုတာ တစ်ဦးစီလိုက်မေးနေ စရာတောင် လိုမယ်မထင်ပါဘူး။

လောကငရဲဆိုတဲ့ အသံကိုတော့ ကြားရတာနှင့်ပင် ကြောက်လန့်တုန်လှုပ်နေကြမှာ ဖြစ်ပါသည်။ တခါကြုံဘူး ကြားဘူးနေကြပြီလည်း ဖြစ်ပါသည်။

ယခုလည်း လောကဓာတ်ပညာရဲ့ ရလဒ်ကို လောကငရဲတံ့ ဖန်ဆင်းနေကြတာကို တွေ့ရှိနေရပြီ။

အဲဒီတော့ နှစ်ရာနှင့်ချီပြီးတော့မှ ရှာဖွေတွေ့ရှိရတဲ့ လောက ဓာတ်ပညာရဲ့ ရလဒ်ကို တိုင်းပြည်ပြ၊ လူသားအကျိုးပြုလုပ်ငန်းတွေမှာ အသုံးချပြီး၊ လောက နိဗ္ဗာန် တည်ဆောက်ပေးကြပါဟု အသံတုန် ဟစ်အော်ပြီး ဆန္ဒပြုလိုက်ရပါတော့သည်။

လောကဓာတ်ပညာက -

သုံးတတ်လျှင် ဆေး၊

မသုံးတတ်လျှင် ဘေး၊

အဆုံးအပိုင်းအခြားမရှိ။

ဝိပဿနာပညာက -

အဆုံးအပိုင်းအခြား ရှိ၏။

ကျန်းမာရေးအတွက် ဆေးဖြစ်၏။

ဒုက္ခဝဲသိမ်း ချုပ်ပြတ်ငြိမ်း ဓာတ်သိမ်းပြည်နိဗ္ဗာန်ရောက်၏။

## အမြင်မှန် သမ္မာဒိဋ္ဌိ ဖြစ်မှ နိဗ္ဗာန်အစစ်ကို ကြိုက်တတ်မည်

ဆိုခဲ့ပြီး ကြော်ငြာကဏ္ဍတွင် ဖော်ပြခဲ့သော လောကနိဗ္ဗာန် ဆိုတာ တရားချိန်ခွင်ထဲ ထည့်ချိန်လိုက်လျှင် သံသရာဘေးတွေပါလား ဟု သိရှိနိုင်ပါသည်။

ထိုကဲ့သို့ သိသောသူအား လက်ခံသောသူအား၊ အမြင်မှန် သမ္မာဒိဋ္ဌိဖြစ်ပါသည်။

အမြင်မှန် သမ္မာဒိဋ္ဌိဖြစ်သောသူ၏ စိတ်သည် နိဗ္ဗာန်သို့ ဦးညွတ်၏။ ကိုင်း၏။ နိဗ္ဗာန်အစစ်ကို ကြိုက်၏။ ထိုယောဂီသည် ပညာသိက္ခာကို ကျင့်သုံးပြီးဖြစ်၏။ ပညာသိက္ခာကျင့်သုံးသူအား သီလသိက္ခာ၊ သမာဓိသိက္ခာလည်း အန္တော ဂဓတဝင် ကျင့်သုံးပြီးဖြစ်ပါတော့သည်။

မဂ္ဂင် ၈ ပါးလုံး ပွားများပြီးလည်းဖြစ်ပါသည်။ (မန္တလေး လက်မှတ်ခံ၍ ခရီးသွားသူသည် ကြားဘူတာများသို့လည်းရောက်ပြီး ဖြစ်၏။ ဆင်းလိုကလည်း ဆင်းခွင့်ရှိပါသည်။ အပြစ်မရှိ။)

မင်းလာလျှင် မင်းချင်းယောက်ျားတွေ ပါစမြဲဟုလည်း အဆို ရှိ၏။

သီလသိက္ခာ၊ သမာဓိသိက္ခာ ကျင့်ဖို့မလိုဟူ၍လည်း တရားသေ မမှတ်သင့်၊ ကျင့်သုံးရမည်သာတည်း။

ဒိဋ္ဌတာ နာတာ သေတာ လောက်တော့၊

ဓမ္မတာအလျောက်မို့ မကြောက်ကြနဲ့ကွယ်၊

သိက္ခာသုံးသွယ် ကျင့်ဘွယ်တရားကို

လွဲဖယ်မသွားအောင် အများကြီး ကြောက်ရမယ်။

**ကြက်ခြေကျောင်းဆရာတော်**

## ကျွန်းကြီးသပွယ် မှိတ္တယ်ရာ နိဗ္ဗာန်

တဏှာကိုမြားငြောင့်ဟူ၍ မြတ်စွာဘုရား ဟောထား၏။ အဝိဇ္ဇာတည်းဟူသော အဆိပ်အတောက်သည်၊ ဆန္ဒရာဂဗျာပါဒကြောင့် ဖောက်ပြန်၏။ ငါသည် တဏှာတည်းဟူသော မြားငြောင့်ကို ပယ်နုတ်ပြီးပြီ၊ အဝိဇ္ဇာတည်းဟူသော အဆိပ်အတောက်ကိုလည်း ဖယ်ရှားပြီးပြီ၊ ငါသည် ကောင်းစွာ နိဗ္ဗာန်၌ညွတ်သော

စိတ်ရှိ၏ဟု အကြံ ဖြစ်ရာ၏။

ကောင်းစွာ နိဗ္ဗာန်၌ညွတ်သောစိတ်ရှိသော ပုဂ္ဂိုလ်အား၊ လည်ဆစ်ဖြတ်ပြီးသော ထန်းပင်သည် နောင်တဖန် စည်ပင်ပေါက်ရောက်ခြင်းငှာ မထိုက် သကဲ့သို့ ဤအတူသာလျှင် ကောင်းစွာနိဗ္ဗာန်သို့ ညွတ်သောစိတ်ရှိသော ပုဂ္ဂိုလ်အား "လောကနိဗ္ဗာန်"၌ ဖွဲ့တတ်သော သံယောဇဉ်သည် အမြစ်ပြတ်ပြီးဖြစ်၏။ နောင်တစ်ဖန် ဖြစ်ပေါ်ခြင်းသဘော မရှိတော့ချေ။

(ဥပရိပဏ္ဏာသပါဠိတော်၊ သုနက္ခတ္တသုတ်၌ ရှည်လျားစွာ ဟောထားသည်မှ အကျဉ်းချုပ်တင်ပြပါသည်။)

**မာယူပမံ ဝိညာဏံ။**

ဝိညာဏ်က မျက်လှည့်ပြသမားနဲ့တူတယ်၊ သတိထားလို့ ဟောထားသားပဲ။

သိ-ပယ်ကို သိ-ပွား လုပ်ပြတတ်တယ်၊

ဆိုက်-ပွားကို ဆိုက်-ပယ် လုပ်ပြတတ်တယ်။

လက်ခံနေကြတော့ မျက်လှည့်သမားအကြိုက်ဖြစ်သွားတယ်။

## ပ–သုံးလုံးဆရာတော် ဦးဇောတိက၏ အမြင်

ဘုန်းကြီးတို့က-

ဘာဝေတဗ္ဗ - မဂ္ဂင်ကိုပယ်ပြီး၊

ပဟာတဗ္ဗ - သမုဒယကို ပွားနေကြတော့၊
အများကြာလျှင် အမှန်ထင်၊ ပြန်ပြင်ဖို့က
ခက်နေကြပြီ။

# ကြောက်စရာ သံသရာ

သတ္တဝါတွေ မွေးလို့မဆုံး၊ သေလို့မဆုံး ဖြစ်နေကြပါလား၊ မြတ်စွာဘုရား မြင်တော်မူပါသည်။ မွေးတာနဲ့ သေတာကြားမှာ ကြည့်ပြန်တော့လည်း အနမတဂ္ဂ သုတ်အရ -

နစ်သူတမွှားမွှား၊ ပေါ်သူတကြွားကြွား၊ မော်သူတဟားဟား၊ တရားနှင့် စစ်လိုက်တော့ - ဖြစ်သူဖြစ်၊ ပျက်သူပျက်၊ တက်သူတက်၊ ဆင်းသူဆင်း၊ လောကဓံ မကင်း၍ -

* ဗြဟ္မာမင်းဖြစ်တုန်းက၊ လျှပ်စစ်လိုကိုယ်ရောင်၊ တပြောင်ပြောင် တလက် လက်၊ ဝက်ဖြစ်တော့ တအွတ်အွတ်။
* မြင်းမိုရ်ထွဋ်ထိပ်ဖျား၌ သိကြားမင်းဖြစ်တုန်းက၊ နတ်ဘုရင်၊ လူပြည်တွင် လွတိုက်၊ မောဟိုက်၍ တရှူရှူ။
* ခုနစ်ဆူ ရတနာနှင့် စကြာမင်းဖြစ်တုန်းက ဘုန်းတေဇာကဲမိုး၊ လေးကျွန်း လုံးအုပ်စိုး၊ တန်ခိုးကြီးမား၊ ဒွန်းစဏ္ဍားဘဝမှာတော့ တနပ်စာ မျှားစရာ၊ တစ်ရွာလုံးတောင်းမရ။
* ဘဝက အလွန်များ၊ ခွေးဖြစ်၍ ဝန်ရှန်း၊ တကုန်းကုန်း ဆင်းရဲနက်၊ ဝက်ဖြစ်၍ လှံနဲ့သေ၊ အကုသိုလ်မွှေသောကြောင့်။
* စကားပြောနိုင်တဲ့ ဘဝပြော၊ တုဏှီဘောဖြင့်၊ မပြောနိုင်တဲ့ ဘဝမပြော။
* အောက်မှာနရက်၊ အထက်မှာဘဝဂ်၊ ကြွက်ကြွက်ဆူ ဗလမွှေ၊ ရှုတ်၍ သာနေရှော့။
* အရှည်တွင်လည်း သံသရာ၊ အချည်တွင်လည်း တဏှာ၊ စသည် စသည် . . . . ။

## သံသရာဆိုတာ

ဒုက္ခပေါင်းချုပ်၊ နိဗ္ဗိန္ဒဂါထာအရ၊

ဖြစ်ကြလျှင်ပျက်၊ ဆက်ကြလျှင် ဒုက္ခ၊

ဘယ်ဟာမှ မချမ်းသာ၊ နယ်အမတ (နိဗ္ဗာန်)နှင့် စခန်းကာအကွာ၊ ဘရမ်းပတာ ဖြစ်ချင်တာတွေရှိသမျှ တစ်ခုမှ မကျန်ရအောင်၊ ဖြစ်ချင်တိုင်းဖြစ်ပြီး နေကြတဲ့ ငါတို့လောကကြီးထဲ၌ . . .

- သားရေး သမီးရေး စီးပွားရေးနှင့် ကြီးပွားရေးတွေကလည်း တစ်ဒုက္ခ။
- ရောင်းရေး ဝယ်ရေး၊ လုပ်ကိုင်ရေးနှင့် နေရေးထိုင်ရေးတွေက လည်း တစ်ဒုက္ခ။
- လင်ရေး မယားရေး၊ စပါးအရေးနှင့် တခြားအရေးတွေက လည်း တစ်ဒုက္ခ။
- အိုဘေး နာဘေး၊ သေမယ့်ဘေးနှင့် သံသာရာနှောင်ရေး အလွန် လေးတဲ့ ပြေးလို့မလွတ်နိုင်တဲ့ တစ်ဒုက္ခ။
- ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်နှင့် အဆက်မပြတ်လှည့်လည်ကာ ဆုံလည် သည့် နွားပမာလို့ အိုတာကအဖုံဖုံ၊ နာတာက အစုံစုံ၊ သေတာက အလုံးစုံ၊ ဘယ်ဘုံမှမလွတ်တဲ့ ဝဋ်(၃၁)ဘုံမှာ စသည် စသည်. . .
- ကမ္ဘာတွေအနန္တ၊ သတ္တဝါတွေမှန်သမျှ ဖြစ်တိုင်းဖြစ်တိုင်း ဘဝမှာ၊ မညှာမတာကြိုတ်လျက် နှိပ်စက်ကာ နှောင်ယှက်လေသောကြောင့် ကြောက်မက်ဘွယ် ကောင်းလှလေကုန်တော့သည် တကား။

### "သံသရာ"ဆိုတဲ့ စာလေးသုံးလုံး –

ငါသိပြီးသားဆိုပြီး ပေါ့မတွက်လိုက်ပါနဲ့၊ မြတ်စွာဘုရား ဘုရားဖြစ်ဖြစ်ခြင်း

"ပထမဗုဒ္ဓဥဒါန်းစကားဖြင့် (၄၅)ဝါပတ်လုံး ဟောပြောခဲ့တာတောင် မဆုံးသေးဘူး၊ မကုန်သေးဘူးလို့ ဥပမာပြ၍ ဟောကြားခဲ့ပါသည်။

မြတ်စွာဘုရား ယင်းတိုက်တောထဲ၌ ရဟန်းတို့ ငါလက်နဲ့ ဆုပ်ထားတဲ့ ယင်းတိုက်ရွက်နှင့် တစ်တောလုံးမှာရှိတဲ့ ယင်းတိုက်ရွက် ဘယ်က များသနည်း၊ မနှိုင်းယှဉ်သာပါဘုရားဟု လျှောက်ထားကြလေ၏။

ထို့အတူ ငါဟောထားတဲ့ ဝဋ္ဋဒုက္ခသံသရာက ငါ့လက်တွင်းမှာ ရှိတဲ့ ယင်းတိုက်ရွက်မျှသာ ဖြစ်သည်။ ဟောမည်ဆိုလျှင် ယင်းတိုက်တောထဲက ယင်းတိုက်ရွက်မက ရှိသေးသည်ဟု ဆိုပါသည်။

ဝဋ္ဋဒုက္ခ သံသရာဆိုတာ အဆုံးမရှိပါလားဟု သဘောပေါက်ဖို့ လိုပါသည်။

မှန်ပါသည်၊ လောကဓာတ်ပညာကိုကြည့်ပါ။ သူ့ထက်သူ လူစွမ်းကောင်းတွေ တီထွင်လို့မဆုံး၊ ထုတ်လုပ်လို့မဆုံး တွေ့ကြရမည် ဖြစ်ပါသည်။ ဒီနေရာမှာ လောကဓာတ်ပညာက အဆုံးမရှိနိုင်ဟု မှတ်ချက်ချထားနိုင်ပါသည်။

## ကြောက်ရမှန်းမသိတဲ့ သံသရာ

သံသရာရှည်တယ်ဆိုတာ နားယဉ်နေကြတော့ ကြောက်ရမှန်း မသိဖြစ်နေကြသည်။ ဆေးယဉ်နေတဲ့လူနာ ဆေးကုရခက်သလို မဖြစ်စေနှင့်။ မိမိလည်း သံသရာနာတာရှည်ကို ဆေးကုရ ခက်သွားလိမ့်မည်။

သံသရာရဲ့ အဖြစ်တွေကို မျက်မြင်အရှိအတိုင်း ဖော်ပြခဲ့သည်။ သံသရာရဲ့ အပြစ်တွေကို ကြောက်တတ် လန့်တတ်အောင် မြင်မှ သံဝေဂဉာဏ်တွေဖြစ်ပြီး တရားဉာဏ်ရည် တိုးတက်နိုင်သည်။

စာထဲရေးထားတဲ့ဆား၊ စာထဲရေးထားတဲ့သံသရာက အရသာ ခံစားလို့မရ၊ မီးဖိုချောင်ထဲရှိဆားနှင့် မိမိခန္ဓာ သံသရာကိုသိမှ အရသာတွေ့နိုင်သည်။

## စာဆိုရှင်တစ်ဦးရဲ့ သံသရာအကြောင်း

လူ့ပြည်ရပ်ရွာ၊ သတ္တဝါတို့
ခန္ဓာကိုယ်ဆိုး၊ အပုတ်အိုးကို၊
ကြိုးကြိုးပမ်းပမ်း၊ ဤသာကြွမ်းအောင်၊
သက်တမ်းရှည်ရေး၊ နေ့တိုင်းကျွေးလည်း၊
စားရေးသောက်ဖွယ်၊ စရိတ်ကျယ်လျက်၊
ကျိတ်နယ်ခံတွင်း၊ နေ့စဉ်သွင်းရ၊
ထမင်းဒုက္ခ၊ ကြီးမားလှ၏။
ရရစားစား၊ ဝါးဝါးမြိုမြို၊
ယိုယိုကျကျ၊ အားမရနှင့်၊
အထက်ကသွင်း၊ အောက်ကဆင်းလျက်၊
ခြင်းကြားကြီးလျှင်၊ ရေကိုင်သို့၊
ပုံပြင်အဟုတ်၊ တနည်းထုတ်လဲ၊
သမုဒ္ဒရာ၊ ဝမ်းတစ်ထွာနှင့်၊
တန်ဆာဆင်မှု၊ သန့်စင်မှုဖြင့်၊
ကရုဏာဝ၊ ဝမ်းကိုဝ၍၊
ခါးလှစေရာ၊ နေ့တိုင်းရှာလည်း၊
ဝင်ရာလမ်းငယ်၊ ထွက်လမ်းကျယ်လျက်၊
ကုန်သည်ဖေါက်ကား၊ လခစားနှင့်၊
မင်းပါးကပ်ခါ၊ တတ်ပညာဖြင့်၊

လယ်ယာဥယျာဉ်၊ လုပ်ခွင်စေပါး၊
ဘုန်းစားကာ၊ သုဘရာဇာ၊
အဖြာဖြာတို့၊ အာဟာရမူ၊
အကြောင်းပြု၍၊ ဤလူ့ပြည်မှာ၊
မချမ်းသာသည်၊ ယရာဝါသ၊
လုပ်ငန်းတည်း - - -။

ငါသည် ယခုပင်လျှင် ဤတရားတို့ကိုသာလျှင် နှလုံးသွင်း၍ နေရပေတော့အံ့။ အလုံးစုံသော သံသရာဝဋ်ဆင်းရဲ ဝဋ်ဒုက္ခအပေါင်းတို့၌ -

- ငြီးငွေ့ခြင်းငှာ သင့်လှပါပေ၏။
- တပ်နှစ်သက်ခြင်း ကင်းခြင်းငှာ သင့်လှပါပေ၏။
- ထိုသံသရာ ဝဋ်ဆင်းရဲတို့မှ လွတ်မြောက်ခြင်းငှာ သင့်လှပါပေ၏။

"ဧဟိပဿိကော-ဇာတိသံသာရော"

**ဧဟိ** - လာကြလော့၊ **ဇာတိသံသရော** - ဆိုခဲ့ပြီးသော သံသရာဘေးအမျိုးမျိုးတွေကို၊ **ပဿိကော** - ရှုမြင်စရာကောင်းသော အဖြစ်တွေ များစွာရှိလေ၏ဟု တရားတော်က ဖိတ်ခေါ်နေပါသည်။

"ဧဟိပဿိကော-နိဗ္ဗာန်"

**ဧဟိ** - လာကြလော့၊ **နိဗ္ဗာန်** - ဆိုခဲ့ပြီးသော ချမ်းသာတရား တို့ကို၊ **ပဿိကော** - သံသရာဘေးကိုကြောက်လို့ ထွက်မြောက်လိုလျှင် ဘေးကင်းရာနိဗ္ဗာန်ကို ရှုကြည့်စရာ ရှိပေ၏ဟု နိဗ္ဗာန်ကလည်း ဖိတ်ခေါ်နေပါသည်။

"ဩပနေယျိကော-နိဗ္ဗာန်"

နိဗ္ဗာန်ကို ရှုကြည့်ပြီးလျှင် နှလုံးသားမှာ ကပ်၍ ဆောင်ထားထိုက်၏ဟု တရားတော်က တိုက်တွန်းနေပါသည်။

"ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"

အဲဒီလို သံသရာရဲ့ အပြစ်တွေကိုလည်း မြင်အောင်ရှုတဲ့သူ- နိဗ္ဗာန်ရဲ့ ချမ်းသာပုံကိုလည်း ရှုမြင်သူသည် ပညာရှိပုဂ္ဂိုလ်တွေသာ အသီးသီးသိအပ်တဲ့ တရားဖြစ်လို့ မိမိလည်း ပညာရှိဖြစ်သည်ဟု တရားတော်က ဂုဏ်တော်ဖြင့် အသိအမှတ်ပြုပါသည်။

"သံသရာအကြောင်း" "နိဗ္ဗာန်အကြောင်း" ကို

သု-စိ-ပု-ဘာ-ဝိ-လိ-သိ-မာ၊ အက္ခရာစွဲသုံး ဤရှစ်လုံးကို သီကုံးပန်းသွင် နေ့တိုင်းဆင်လော့။

အရှင်မဟာရဋ္ဌသာရဆရာတော်က တိုက်တွန်းထားပါသည်။

သု = သုဏေယျ = သံသရာအကြောင်း၊ နိဗ္ဗာန်အကြောင်းဟောတဲ့ တရားကို နာကြားရာ၏။

စိ = စိန္တေယျ = သံသရာအကြောင်း၊ နိဗ္ဗာန်အကြောင်းကို ကြံစည်ရာ၏။

ပု = ပုစ္ဆေယျ = သံသရာအကြောင်း၊ နိဗ္ဗာန်အကြောင်းကို ဆွေးနွေးမေးမြန်းရာ၏။

ဘာ = ဘာသေယျ = သံသရာအကြောင်း၊ နိဗ္ဗာန်အကြောင်းကိုပြောဆိုရာ၏။

ဝိ = ဝိစေယျ = သံသရာအကြောင်း၊ နိဗ္ဗာန်အကြောင်းကို စိစစ်ရာ၏။

လိ = လိခေယျ = သံသရာအကြောင်း၊ နိဗ္ဗာန်အကြောင်းကို ရေးမှတ်ထားရာ၏။

သိ = သိက္ခေယျ = မပြတ်နှလုံးသွင်းကျင့်သုံးရာ၏။

ဓာ = ဓာရေယျ = ဆောင်ထားရာ၏။

သာဓု - သာဓု - သာဓု။

## ပညာမရှိသူ၏ဝန်ထမ်း

ဝိပဿနာပညာမရှိလျှင်၊

သူတစ်ပါး၏ ဝန်ကိုလည်းထမ်းရ၏။

မိမိ၏ ခန္ဓာဝန်ကိုလည်း ထမ်းရ၏။

## နိဂုံး

## ဘာကိုကြောက်ရမှာလဲ

### "အပါယ်ဘေးကိုကြောက်စရာမလို"

အပါယ်လေးဘုံဆိုတာ သူဟာသူနေတာ အပါယ်ကလည်း လာမခေါ်ပါဘူး။ ကြောက်ရမှာက အပါယ်သို့ရောက်စေတတ်တဲ့ ငါးပါးသီလ ကျူးလွန်ရမှာကို ကြောက်တတ်ရမှာ ရှက်တတ်ရမှာ။

### "သံသရာဘေးကို ကြောက်စရာမလို"

သံသရာဘေးကို တွန်းပို့နေတဲ့ အဝိဇ္ဇာ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ စသော ကိလေသာ (၁၀) ပါး ဖြစ်ရမှာကို ကြောက်ရမှာ ရှက်ရမှာ။

သို့ဖြစ်လျှင် ကိလေသာမဖြစ်အောင် အမြတ်နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်

လာသော၊ မဂ်စိတ်၊ ဖိုလ်စိတ်က၊ ကိလေသာတွေကို သမုစ္ဆေဒပဟာန်၊ ပဋိပဿမ္ဘန ပဟာန်ဖြင့် အနုသယ သတ္တိပါမကျန်အကြွင်းမရှိ ပယ်သတ်ပါသည်။

မဂ်ဖြင့်ပယ်သတ်ပြီးသော ကိလေသာသည် နောက်ထပ် မဖြစ်ပေါ်ခြင်း သဘောသို့ ရောက်ပါသည်။

ကိလေသာကို ပယ်သတ်လိုက်သည်နှင့် သံသရာ ဒီလှိုင်းလည်း၊ နိဗ္ဗာန် တည်းဟူသော ကမ်းမှာ ဆုတ်နစ်သွားရပါတော့သည်။

ယင်းသည်ပင်လျှင် "ဒုက္ခသန္တ ကရိယသတိ" သံသရာဝဋ်ဒုက္ခ ၏ အဆုံး ရောက်သွားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် မိဘရိုးရာ အာရုံစားကျက် နိဗ္ဗာန်ဓမ္မာရုံကို အချိန်ရှိတိုင်း နှလုံးသွင်းရှုဆင်ခြင်၍ တရားထိုင်၊ တရားအားထုတ်နေရပါတော့သည်။ "ဤတွင် သံသရာရဲ့ ထွက်ပေါက်နိဗ္ဗာန်သို့ တရားတော် ပြီးဆုံးပါသတည်း။

**စိရံ တိဋ္ဌတု သဒ္ဓမ္မော။**
**သူတော်ကောင်းစာတတ် တရားမြတ်**
**လွှမ်းပတ်ကမ္ဘာတည်စေသောင်။**

**ဦးအောင်ခင်**
၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ။

## ပညာရှိတို့ နှိုးဆော်သံ

မိုက်မလင်းနိုင်ဘူး၊ မြိုင်ခင်းရဲ့ ညာဆီမှာ၊
ခါတော်မှီ သိမဝေ့နိုင်ဘူး၊ သည်ကွေ့တွင်
ရေစုံမျှောရှာရှ အတောဘယ်မသာတ်နိုင်တဲ့၊
ရဟာတ်ငွေ။ ။

လယ်တီဆရာတော်

အဝိဇ္ဇာအမိုက်မှောင်ကြီး၊
လင်းခွင့်မရတဲ့ သံသရာတလျှောက်မှာ၊
ခါတော်မီသာသနာနှင့်
တွေ့ကြုံနေရပါလျှက်၊
အနှားတောင် သိမကပ်နိုင်ပဲ၊
ဝေ့လယ်လယ်ဖြစ်နေကြလျှင်တော့၊
အတောမသာတ်တဲ့ သည်ခန္ဓာ၊
ချားရဟာတ်လည်ကြလေဦးဟု ဆိုလေသည်။

## တိရစ္ဆာန် ပဏ္ဏာမျိုး
## ထွက်သက်ဝင်သက် အကျင့်မှန် ဝိပဿနာ

အာနာပါနဟောရခြင်းမှာ - ဘုရားရှင် ဝေသာလီပြည် မဟာဝန်တော ကူဋာဂါရသာလာကျောင်းတွင် သီတင်းသုံးနေတော်မူ၏။ အကြောင်းပရိယာယ်များစွာဖြင့် အသုဘရှုနည်းဟောတော်မူ၏။ ပြီးလျှင်(၁၅) ရက်ပတ်လုံး တစ်ယောက်တည်းကိန်းအောင်း နေတော်မူ၏။

တဏှာကိုပယ်ဖြတ်ရမည်ဟု မိန့်ကြားရာ - ရဟန်းတစ်ပါးအသိ အမြင်လွဲမှားသောကြောင့် မိမိအင်္ဂါဇာတ်ဖြတ်ပစ်၏။ (စူဠဝါ/ မြန် ၂၄၄)

အသုဘရှုနည်း ကြားနာရသော ရဟန်းအချို့ အသိအမြင်လွဲ မှားသောကြောင့် မိမိကိုယ်ကာယဖြင့် ငြီးငွေ့ကြ၏။ ရှက်နိုးကြ၏။ စက်ဆုပ်ရွံမုန်းကြသောကြောင့် မိမိကိုယ်ကိုလည်း မိမိသတ်ကြ၏။ သူတစ်ပါးကိုလည်း သတ်စေကြ၏။ အချင်းချင်းလည်း သတ်ကြ၏။ ရဟန်းအတုအား သက်န်း သပိတ် လာဘ်ထိုး ငါ့အရင်သတ် သူ့အရင်သတ်ဟု တောင်းပန်အသတ်ခံကြ၏။ သွေးချင်း နီတဲ့လက်ဓားတို့ကို ဝဂ္ဂုမုဒါမြစ်ဆိပ် ရေဆေး၏။ ဘုမ္မစိုးနတ်က သက်တာ တိုက်တွန်း ချီးမွမ်းပြောဆို၏။ ရဟန်းအတုသည် ကျောင်းဝန်းလှည့်လည် ခန္ဓာချုပ် နိဗ္ဗာန်ကူးချင်ထွက်ခဲ့ကြဟု အော်ဟစ်ခေါ်၏။ ပုထုဇဉ်တို့ ကြက်သီး မွေးညင်းထ ကြောက်ရွံ့ကြ၏။ ဘုရားရှင် ကိန်းအောင်းနေရာမှ ထွက်တော်မူ သောအခါ ရဟန်းပရိသတ်နည်းသွားပါလားဟု မိန့်တော်မူ၏။ ရှင်အာနန္ဒာမှ အကြောင်းစုံ လျှောက်ထား၏။

ထိုရဟန်းတို့ တစ်ခုသောဘဝ၌ စိတ်တူကိုယ်မျှ ငါးတို့အစုပုံလိုက် သတ်ခဲ့တဲ့ ကံသည် အကျိုးပေးသည်ဟု မိန့်၏။

အသုဘရှုနည်းသည် ရုန့်ရင်း၏။ ကြမ်းတမ်း၏။ ခက်ထန်၏။ ကိုယ်စိတ်ပင်ပန်းဆင်းရဲရ၏။

ထွက်သက်ဝင်သက် အကျင့်မှန်သည်ကား- ငြိမ်သက်၏၊ သိမ်မွေ့၏၊

မွန်မြတ်၏၊ ထပ်ဖြည့်စရာမလို။ ချမ်းသာစွာနေ၍ ကျင့်ရတဲ့ အကျင့်ဖြစ်၏။ မြူအမှုန်ထတဲ့ နွေလအခါ အခါမဲ့ မိုးကြီး ရွာချလိုက်က မြူအမှုန်တို့ ငြိမ်ဝပ်ပိပြားသွားသကဲ့သို့ ထွက်သက်ဝင်သက်အကျင့်မှန် ကျင့်က စိတ်သည် ငြိမ်ဝပ်ပိပြား သိမ်မွေ့သွား၏။

(ဝိ/၁/၈၇/၈၈/သံ/၃/၂၇၉)

ရှင်မဟာကပ္ပိနသည် တစ်ဦးတည်း (သို့မဟုတ်) ပရိသတ် အလယ်နေမူ လည်း နေပြောအံ့။ ကိုယ်စိတ်တုန်လှုပ် ယိမ်းယိုင်ခြင်း မရှိ၊ ငြိမ်သက်၏။ တည်ကြည်၏။ ထွက်သက်ဝင်သက် အကျင့်မှန် ကျင့်သူသည် ဤမထေရ်ကဲ့သို့ ကျင့်ရသည်။

ရှေးကဖြစ်စေ၊ ယခုဖြစ်စေ၊ ထွက်သက် ဝင်သက် အကျင့်မှန် အကြိမ်များစွာ ကျင့်သော ငါဘုရားအား ကိုယ်စိတ်ပင်ပန်း ဆင်းရဲခြင်း မရှိ၊ မျက်စိမျက်နှာ မပြိုးနွမ်း၊ ဥပါဒါန် မစွဲဘဲ - ငါ့စိတ်သည် အာသဝေါ တရားတို့မှ ကောင်းစွာလွတ်မြောက်ပြီ၊ လွတ်မြောက်လိုက ကျင့်ကြဟု မိန့်၏။

(သံ/၃/၂၇၅/၆)

ထွက်သက်ဝင်သက် အကျင့်မှန်သည်ကား ခက်ခဲ၏။ ခက်ခဲသော ဘာဝနာဖြစ်၏။ ဘုရား၊ ပစ္စေကဗုဒ္ဓါ ဘုရားသားတော် ယောကျ်ားမြတ်တို့၏ သာလျှင် နှလုံးသွင်းရာ ဌာနဖြစ်၏။ သိမ်သိမ်ငယ်ငယ်မဟုတ်။ သာမန်လူများ နည်းနာကျကျ သဘာဝအညီ မှီဝဲနိုင်သည် မဟုတ်။အကြင်အကြင်သို့ နှလုံးသွင်း၏၊ ထိုနှလုံးသွင်းသောအတိုင်း ငြိမ်သက်သည်လည်းဖြစ်၏။ သိမ်မွေ့သည်လည်း ဖြစ်၏။ ထို့ကြောင့် ထွက်သက် ဝင်သက် အကျင့်မှန် ကျင့်သူသည် အားကြီးသော သတိ, ပညာကို အလိုရှိအပ်ပေသည်။

(ဝိသုဒ္ဓိမဂ်-၁/ ၂၇၆/ အပိုဒ်- ၂၃၀/မြန်-၁/၅၆၆)

သတိကို နွားသီးဖျား နှုတ်ခမ်းနိမိတ်ထိရာထိရာ အာရုံစူးစိုက် ထားရသည်ဟု မိန့်၏။

(ခု-၉/ ၁၇၀/အဘိ/-၂/ ၂၆၁/အပိုဒ် ၅၃၇)

သတိ သမ္ပဇဉ်နှင့် ပြည့်စုံသောသူအားသာ ထွက်သက်ဝင်သက် အကျင့်မှန် ကျင့်နိုင်သူဖြစ်၏ဟု မိန့်သည်။

(သံ-၃/ ၂၈၂/ ၂၈၈/ ၂၉၄/မ-၃/၁၂၃)

သတိ= နှလုံးသွင်းအောက်မေ့၏၊ ပိုင်းခြား၏၊ သိမ်းဆည်း၏။ ယှုကျုံးချဉ်းချုံး၏။

သမ္ပဇဉ်= ကောင်းစွာ ဉာဏ်ပညာဖြင့် နှိုင်းချိန်ရှုဆင်ခြင်၏။

သတိသည် မြို့တံခါးစောင့်နှင့်တူသည်။ မြို့တံခါးစောင့်သည် မြို့တွင်း မြို့ပြင် လူများ စိစစ်စရာမလို။ မြို့တံခါးဝသို့ ရောက်လာတိုင်းလူကိုသာ စိစစ်ရသကဲ့သို့ နှာသီးဖျား၊ နှုတ်ခမ်းနိမိတ် ထိရာထိရာ ထွက်သက်ဝင်သက်ကို သတိစိုက် နှလုံးသွင်းရသည်။ ယင်းသို့ သတိစိုက် နှလုံးသွင်းက စ လယ် ဆုံး အလုံးစုံ ထွက်သက်ဝင်သက် ထင်လာသည်။

(ဝိသုဒ္ဓိမဂ် = ၁/ ၂၇၃)

ကလေးပုခက်လွှဲသူသည် ပုခက်ချည်ရာတန်း တိုင်ခြေ-ထိုင်ပြီး ပုခက်ကိုသာ အာရုံစိုက်လွှဲချေက ပုခက်သွားသည် လာသည်၏ စ လယ် ဆုံး အလုံးစုံ ထင်သကဲ့သို့ နှာသီးဖျား နှုတ်ခမ်းနိမိတ်ထိရာထိရာ သတိစိုက်ထားပါက ထွက်သက်ဝင်သက် စ လယ် ဆုံး အလုံးစုံထင်လာရ သည်။

(ဋ္ဌင်း/ဝိသုဒ္ဓိမဂ် = ၁/ ၂၇၃/၃)

စိတ်သည် ပျက်ချော်လေလွင့်တဲ့ နွားနှင့်တူသည်။ ပျက်ချော်လေလွင့်တဲ့ နွား- ကြိုးနှင့်တိုင်မှာ- ချည်နှောင်ထားက၊ မည်မျှပင် ရုန်းကန်စေကာမူ တိုင်ခြေ၌ ခွေအိပ်ရသည်။

ထို့အတူ ပျက်ချော်လေလွင့်တဲ့ နွားနှင့်တူတဲ့ စိတ်ကို၊ ကြိုးနှင့်တူတဲ့ သတိဖြင့် တိုင်နှင့်တူတဲ့ ထွက်သက်ဝင်သက်၌ အာရုံစူးစိုက်နှလုံး သွင်းသတိချုပ် ပါများက စိတ်သည် မပျံ့လွင့်ဘဲ ငြိမ်သက်သိမ်မွေ့သွား ၏။

(ဋ္ဌင်း- ၂၁၆)

ပကတိထွက်သက်ဝင်သက်သည်ပင် ကြမ်းလှ၏။ နေပူကျဲကျဲ ခရီးပြင်းနှင်လာသူ အရိပ်သို့ ရောက်က၊ ကွပ်ပျစ်အခင်းပေါ် သို့ ထိုင်ချ လိုက်က ထွက်သက်ဝင်သက် ကြမ်းသောကြောင့် ကွပ်ပျစ် ကြိတ်ကြိတ် အသံမြည်သွား၏။ အခင်းလည်း တွန့်လိမ်သွား၏။ ထွက်သက်ဝင်သက် ကြမ်းက လူအပြုအမူ ကြမ်း၏။ သိမ်မွေ့လျှင် သိမ်မွေ့၏။

အခန်းတစ်ခန်းထဲ လှိုဏ်ဂူတစ်ဂူထဲ လူသုံးဦးအိပ်နေက သန်းခေါင်အခါ တစ်ဦးနိုးနေလျှင် ကျန်အိပ်နေသူနှစ်ဦး ရှူရှိုက်သံ ပြင်းထန်လွန်းသောကြောင့် နိုးနေသူ ကြောက်ရွံ့လာ၏။ ပကတိ ထွက်သက် ဝင်သက်သည်ပင် ကြမ်းလှ၏။ ထွက်သက်ဝင်သက် ပကတိအတိုင်းစ၍ ရှူရှိုက်ကျင့်ရသည်။

ပကတိအတိုင်း စ၍ကျင့်သည်မှသည် - တဖြည်းဖြည်း ငြိမ်သက် သိမ်မွေ့သွားအောင် ကျင့်ရသည်။

ခေါင်းလောင်းသံသည် ရှေးရှေးအသံကြမ်း၏။ နောက်နောက် အသံသိမ်မွေ့၏။ အဆင့်ဆင့် ကြမ်းပြီး အဆင့်ဆင့် သိမ်မွေ့၏။ နောက်ဆုံး အသံသည် အသိမ်မွေ့ဆုံး၊ အသိမ်မွေ့ဆုံး နောက်ဆုံးအသံ ပျောက်ကွယ်သွားပေမယ့် ကောင်းစွာပိုင်းခြားမှတ်သားနိုင်သူသည် အောက်မေ့နှလုံးသွင်း အာရုံပြုစူးစိုက်ယူလိုက်တိုင်း အသိမ်မွေ့ဆုံး နောက်ဆုံးအသံကို ကောင်းစွာမှတ်မိနေပေတော့၏။

(ၒင်း - ၂၆၉)

ရှုန့်ရင်းကြမ်းတမ်းတဲ့ ပကတိ ထွက်သက်ဝင်သက်ကို နှာသီးဖျား၊ နှုတ်ခမ်း နိမိတ် ထိရာထိရာ သတိစိုက်ရှုပါများက တဖြည်းဖြည်း ထွက်သက်ဝင်သက် ငြိမ်သက်သိမ်မွေ့သွား၏။ မရှိတော့ဘူး ထင်ရ၏။ ထွက်သက်ဝင်သက်မရှိသူ ၈ ဦးထဲ ငါမပါ။ ငြိမ်သက်သိမ်မွေ့လွန်းသော ကြောင့် သတိမထင်၊ ရှိကားရှိနေ၏။ ထို့မျှ ငြိမ်သက်သိမ်မွေ့သွားအောင် ကျင့်ရ၏။

(ၒင်း- ၂၇၁)

သတိပြန်ဝင်လာအောင်ကျင့်နည်းကား- တောသို့ နွားပျောက်က တော တောင်အနှံ့ မရှာရ။ ရေဆိပ်မှ စောင့်ဖမ်းရသကဲ့သို့ အငြိမ်သက်ဆုံး၊ အသိမ် မွေ့ဆုံး ထွက်သက်ဝင်သက်ကို နှာသီးဖျား နှုတ်ခမ်းနိမိတ် ထိရာထိရာ သတိအား ကြီးကြီး စိုက်ရှုပါများက အသိမ်မွေ့ဆုံး၊ အငြိမ်သက်ဆုံး ထွက်သက်ဝင်သက် ပြန်ထင်လာတော့၏။ သည်အထိ ကျင့်ရ၏။ သည်အထိ သမထဖြစ်၏။

(ဝိသုဒ္ဓိမဂ် = ၁/၂၇၂)

သည် သမထ သမာဓိ၏ အစွမ်းသတ္တိကြောင့် ကုသိုလ် အလုပ်ကိစ္စကို ပိတ်ဆို့နှောက်ယှက်တတ်တဲ့ နီဝရဏ ငါးပါးဆိုတဲ့ တပ်မက်မှု၊ ကြောင့်ကြမှု၊ တွန့်တိုဆုတ်နစ်မှု၊ ပျံ့လွင့်ပူပန်မှု၊ မဝေခွဲနိုင်မှုတို့ ငြိမ်းစဲကွယ်ပသွား၏။

ဝိပဿနာသို့ မတက်ရောက်ရသေးသောကြောင့် အဝိဇ္ဇာ နီဝရဏ မငြိမ်း စဲသေးပေ။ ဝိပဿနာဉာဏ် အစစ်အမှန် ရောက်ကြမှသာ အဝိဇ္ဇာနှင့်တကွ နီဝရဏ ၆ ပါးလုံး ငြိမ်းစဲကွယ်ပျောက်နိုင်ပေ သည်။

ထွက်သက်ဝင်သက် ရေတွက် ကျင့်သည်မှသည် မဂ်ဉာဏ်။

မဂ်ဉာဏ်ပေါ် သည်အထိ-

အကျဉ်း- အစဉ်အတိုင်း ကျင့်စဉ်ကား-

၁။ ထွက်သက်ဝင်သက် ရေတွက်ကျင့်နည်း။

၂။ ထွက်သက်ဝင်သက် အစဉ်လိုက်ဖွဲ့ကျင့်နည်း။

၃။ ထွက်သက်ဝင်သက် တွေ့ထိကျင့်နည်း။

၄။ ထွက်သက်ဝင်သက် စူးစိုက်ထားကျင့်နည်း။

၅။ ထွက်သက်ဝင်သက် ဝိပဿနာရှုနည်း။

၆။ ထွက်သက်ဝင်သက် မဂ်ဉာဏ်ဖြစ်ပေါ်နည်း။

၇။ ထွက်သက်ဝင်သက် ဖိုလ်ဉာဏ်ဖြစ်ပေါ်နည်း။

၈။ ထွက်သက်ဝင်သက် ပစ္စဝေက္ခဏာဉာဏ်ဆင်ခြင်နည်း။

ပါဠိတော် (၆) အုပ်၊ ဝိသုဒ္ဓိမဂ်နှင့် အဋ္ဌကထာ (၇) အုပ်။

(ဝိသုဒ္ဓိမဂ် (၁) ၂၇၀ မှ ၂၈၂)အထိ

အကျယ်လိုမူ - မဟာသတိပဋ္ဌာန်အနှစ်ချုပ်ကျင့်ဖွယ်ရှုလေ။

ပါဠိတော်မူ - ထွက်သက်ဝင်သက် အကျင့်မှန် ကျင့်နည်းကား-

အစဉ်သဖြင့် - ရှုသတိ၊ ရှိုက်သတိ၊ အချုပ်ပဲ။

**ပထမ ၄ ခု -**

(က) ရှည်လျှင် ရှည်မှန်း -

(ခ) တိုလျှင် တိုမှန်း - ထွက်သက်ဝင်သက် ကွဲပြားခြားနား သိရမည်။

(ဂ) စ-လယ်-ဆုံး အလုံးစုံ ထင်စေလျက် ထွက်သက်ဝင် သက်ဖြစ်စေအံ့ဟု အားထုတ်ကျင့်ရ၏။

(ဃ) ရုန့်ရင်းတဲ့ ပကတိအတိုင်း ထွက်သက်ဝင်သက်ကို တဖြည်းဖြည်း အငြိမ်သက်ဆုံး၊ အသိမ်မွေ့ဆုံး ဖြစ်စေအံ့ ဟု အားထုတ်ကျင့်ရ၏။

(မ-၃/၁၂၅/ခု-၉/၁၆၁/မ-၁/၁၇၁/ဒီ-၃/၂၃၁/
ဝိ-၁/၈၉/သံ/၃/၂၃၁)

ပါဠိတော်မူ - ဝိပဿနာရှုဆင်ခြင်နည်းကား

ထွက်သက်ဝင်သက်သည် ပညတ်။

လှုပ်ရှားတွန်းကန်သတ္တိသည် ပရမတ်။

ဆောင်ပုဒ် - ပြုပ်စေ့၌ စိတ်တွေသက်သက်၊ အစပ်ကိုတည့်၊

ရှုကြည့်ဘိသို့၊ သတ္တိကိုမျှ ရှုကြည့်ရ ပရမတ္ထမှာ၊

**(တိပိဋကဆရာတော်ကြီး ဦးဝိစိတ္တသာရ၏ ဆရာ ဦးပညာစက္က)**

၁။ - လှုပ်ရှားတွန်းကန်သတ္တိသည် ရုပ်

- သိမှု၊ ထိမှု၊ ခံစားမှု၊ မှတ်သားမှု၊ စေ့ဆော်မှု၊

၅ ချက်သည် နာမ်

ရုပ်နာမ်ကို အကြိမ်ကြိမ် ပိုင်းခြားနှလုံးသွင်း ရှု။

၂။ နာမ် - အကြောင်း။ ရုပ် - အကျိုး။

အကြောင်းသစ္စာ ။ အကျိုးသစ္စာ ။

ဆင်းရဲဖြစ်ကြောင်းအမှန် ။ ဆင်းရဲအမှန် ။

အမှန် (၂) ချက် ၊ အကြိမ်ကြိမ် ပိုင်းခြား မပြတ် နှလုံးသွင်းရှု။

၃။ အမှန် (၂) ချက်ကို အနိစ္စ စသည် လက္ခဏာယာဉ် သုံးပါးတင် ဝိပဿနာဉာဏ်ဖြင့် - အကြိမ်ကြိမ် မပြတ် နှလုံးသွင်း ရှုဆင်ခြင် အောက်မေ့ရပါသည်။

ရုပ်များစွာထဲက ၊ ပထမ (၄) ခု - ရုပ်အစိတ် တစ်စိတ်ကို ဦးတည်ရှုသောကြောင့် ကာယာနုပဿနာသတိပဋ္ဌာန် ဝိပဿနာမည်၏။

ရှုဆင်ခြင်ဉာဏ်ရင့်ကျက်သောအခါ-

**ဒုတိယ ၄ ခု -**

(က) ပီတိထင်စေလျက်

(ခ) သုခထင်စေလျက်

(ဂ) ဝေဒနာထင်စေလျက်

(ဃ) ထင်လာတဲ့တရားတို့ကို ငြိမ်းစေလျက် -

ထွက်သက် ဝင်သက် ဖြစ်စေအံ့ဟု အားထုတ်ကျင့်ရ၏။

ခံစားမှုများစွာထဲက၊ ခံစားမှု အစိတ်တစ်စိတ်ကို ရှုသောကြောင့် ဝေဒနာနုပဿနာသတိပဋ္ဌာန် ဝိပဿနာမည်၏။

ရှုဆင်ခြင်ဉာဏ်ရင့်ကျက်သောအခါ-

**တတိယ (၄) ခု** -

(က) အသိစိတ် ထင်ရှားစေလျက်

(ခ) ရွှင်လန်းအားရစိတ် ဖြစ်စေလျက်

(ဂ) စိတ်သက်ဝင်တည်စေလျက်

(ဃ) နီဝရဏတို့မှ လွတ်၏ဟု သိလျက်

ထွက်သက် ဝင်သက် ဖြစ်စေအံ့ဟု အားထုတ်ကျင့်ရ၏။

စိတ်ကို ဦးတည်ရှုသောကြောင့် စိတ္တာနုပဿနာသတိပဋ္ဌာန် ဝိပဿနာ ဖြစ်၏။

ထိုမျှ ကျင့်သုံးပါက စိတ်အစဉ် ကြည်လင်ထက်မြက် ဉာဏ်အလင်း ထွက်ပေါ်လာသည်ကား-

**စတုတ္ထ (၄) ခု** -

(က) မမြဲခြင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍-

(ခ) တပ်မက်မှုကင်းခြင်းကိုအကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍-

(ဂ) ချုပ်ငြိမ်းခြင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍-

(ဃ) စွန့်လွှတ်ခြင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍-

ထွက်သက် ဝင်သက် ဖြစ်စေအံ့ဟု အားထုတ်ကျင့်ရ၏။

ဓမ္မသဘာဝကို ရှုသောကြောင့် ဓမ္မာနုပဿနာသတိပဋ္ဌာန် ဝိပဿနာ ဖြစ်၏။

(ပ၊ ဒု၊ တ၊ စ) ၄ ချက် ၄ လီ = ထွက်သက်ဝင်သက် ၁၆ ချက် လုံး-သတိနှင့် ဝိပဿနာဉာဏ်အစဉ် ကပ်ပါလာရ၏။

ရှုဉာဏ် ၈ ချက်ဖြင့်၊ မပြတ်နှလုံး၊ တရားကျင့်သုံးဟန်ကား-

ထွက်သက်ဝင်သက် ၁၆ ချက်လုံးနှင့် ဖြစ်သမျှ- ဓမ္မသဘာဝ အစုသည်-

၁။ မြဲသည်မဟုတ်၊ မမြဲဘဲကိုဝ်-

၂။ ချမ်းသာမဟုတ်၊ စက်ဆုပ်စရာအချည်းနှီး ဒုက္ခကိုဝ်-

၃။ ငါ့ကိုယ်၊ ငါ့ဟာမဟုတ်၊ အလိုမပါ အနတ္တကိုဝ်-

၄။ နှစ်သက်စရာမဟုတ်၊ ငြီးငွေ့စရာကိုဝ်-

၅။ တက်မက်စရာမဟုတ်၊ တပ်မက်စရာ မရှိဘဲကိုဝ်-

၆။ ဖြစ်နေကြသည်မဟုတ်၊ ချုပ်ငြိမ်းသွားကြသည်ကိုဝ်-

၇။ သိမ်းပိုက်စရာမဟုတ်၊ စွန့်လွှတ်စရာကိုဝ်-

၈။ မြဲသည်၊ ချမ်းသာသည်၊ တင့်တယ်သည်၊ အလိုသို့လိုက် ပါသည် စသည်ကိုပယ်စွန့်တဲ့ ဓမ္မသဘာဝ အနတ္တ တွေကိုဝ်-

ရှုဉာဏ် ၈ ချက် ၊ သတိ ၈ ချက်

အစဉ်ကပ်ပါလာရသည်။

မဂ်ဉာဏ်ဖြစ်ပေါ်လာအောင် ကျင့်သုံးနည်းကား-

ရုပ်နာမ်ကား - ဖြစ်။

နိဗ္ဗာန်ကား - မဖြစ်။

ဝိပဿနာဉာဏ်သည် ဖြစ်ကိုရှုခိုက် ပျက်ကိုမြင်သောကြောင့် ကိလေသာကို စွန့်လည်းစွန့်၏။ မဖြစ်သို့လည်း အာရုံညွှတ် - စေလွှတ် ပြေးလည်း ပြေးဝင်၏။ (မပြတ်နှလုံး လေ့ကျင့်သုံး)

ဖြစ် - နှင့် - မဖြစ်။

ဆန့်ကျင်ဘက် ဉာဏ်ရင့်သန်မှု အဆုံးရောက်က - မဖြစ် (နိဗ္ဗာန်) မှသည် အာရုံပြု အစိုးတရ မှီရာအားကြီးတဲ့ သတ္တိဖြင့် ကျေးဇူး ပြုပေးလိုက်သောကြောင့်

မဂ်ဉာဏ် ဖြစ်ပေါ်လာရပါသည်။

မဂ်ဉာဏ်သည် မဖြစ် (နိဗ္ဗာန်)ကို ဉာဏ်အမြင် သက်ဝင်သော ကြောင့် ကိလေသာကို အပြီးတိုင် စွန့်လည်းစွန့်၏။ မဖြစ်(နိဗ္ဗာန်)သို့ လည်း ဉာဏ်အမြင် လွတ်၍ ထင်လင်းစွာလည်း ထင်မြင်လာရပေ သတည်း။

(၁၆) ချက်မြောက် ။ စွန့်လွှတ်ခြင်းကို အကြိမ်ကြိမ် ရှုလေ့ရှိ သည်ဖြစ်၍ ထွက်သက် ဝင်သက် ဖြစ်စေအံ့ဟု အားထုတ်ကျင့်ရ၏။

အချက်၌ စွန့် နှင့် လွှတ် ၂ ချက်သည်- ထွက်သက်ဝင်သက် ကျင့်သုံး နေရင်းနှင့်ပင် - ဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာ မိန့်တော်မူခဲ့ပေသတည်း။

ကြိုးစားတော်မူရစ်ခဲ့ကြပါလေ --- သူတော်ကောင်းတို့။

**ဘဒ္ဒန္တဇောတိက**

ပဓာနနာယကဆရာတော်

ပ-သုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

သဲကုန်းမြို့နယ်
လေးဆူတောရ ရွှေမိုးညိုဆရာတော်
**အရှင်ဇာခနယျ**
(သာသနဓဇဓမ္မာစရိယ) L.L.B ၏
**ဒါနပြုမှ ပရဟိတ**

"ဟိတ" ဆိုတာ အစီးအပွား မိမိရဲ့ အစီးအပွား၊ သူတစ်ပါးရဲ့ အစီးအပွား။ မိမိရဲ့ အစီးအပွားကို "အတ္တဟိတ" သူတစ်ပါးရဲ့ အစီးအပွားကို "ပရဟိတ" ဒါနပြုခြင်းသည် ပရဟိတဖြစ်တယ်။ ဒါန ပြုတယ်ဆိုတာ သူတစ်ပါးရဲ့ အစီးအပွားပါ။ ပရဟိတ ဆိုတာ ဒီခေတ် မှာ မစိမ်းဘူး။ ပရဟိတကျောင်းတွေ၊ ပရဟိတ ဝန်ထမ်းတွေ ရှိနေကြတော့ ဒါနဆိုတာ ပရဟိတပဲ။ ဗုဒ္ဓဘာသာတွေ အနေနဲ့ နည်းနည်းလေးတော့ စဉ်းစားစရာတွေ ဖြစ်သွားတယ်။ တို့တွေ တစ်သက်လုံးက သိလာခဲ့တာက ဒါနလုပ်တာသည် ကိုယ့်အကျိုးအတွက်လုပ်တာ၊ ကိုယ့်အကျိုး ရှိတာလို့ သိခဲ့တာ။ လှူဖွယ်ပစ္စည်းတွေကို လှူတဲ့အခါမှာ ငါလှူတာ ငါရတယ်။ ငါလှူမှ ငါချမ်းသာမယ်၊ အလှူရေစက် လက်နဲ့မကွာ ပြုကြတဲ့ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်တဲ့အတွက်ကြောင့် ဘုရားတည်ဖူးတဲ့ ဒကာတွေ၊ ကျောင်း ဆောက်လှူတဲ့ ဒကာတွေ၊ ကထိန်ခင်းတဲ့ ဒကာတွေ စသည်အားဖြင့် ဆွမ်းဆန်စိမ်း လောင်းလှူတဲ့ ဆွမ်းဆန်ဒကာတွေ အဲဒီလို အလှူဒါနတွေပြုတိုင်း ကိုယ်ချမ်းသာ မယ်ဆိုတဲ့ စိတ်နဲ့ လှူခဲ့တာ။

ဒါနပြုတာ သူတစ်ပါးရဲ့ အစီးအပွားဆိုတော့ ကြားဖူးထားတာနဲ့ နည်းနည်းတော့ ကွဲနေတယ်။ ဒါနဟာ ပရဟိတဆိုတော့ ငါတို့ လှူ တာတွေတော့ အလကားဖြစ်ပြီလို့ မတွက်ပါနဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ ပရဆိုတဲ့ အများထဲမှာ အတ္တဆိုတဲ့ ငါတို့ ပါပြီးသားပါ။

ဒါနပြုတယ်ဆိုတာ အတ္တဟိတလောက်ပဲ သိထားရင် မပြည့် စုံတဲ့ အသိပဲ။ ပြည့်ပြည့်စုံစုံ သိတယ်ဆိုတာက ဒါနပြုတာသည် ပရဟိတ လုပ်ငန်း၊ လမ်းဖောက်တဲ့ နေရာ၊ မိဘမဲ့ ဂေဟာတွေမှာ သွားပြုမှ ပရဟိတ မဟုတ်ဘူး။ ဒါနလုပ်တိုင်း လုပ်တိုင်း ပရဟိတပါ။

ဒါနဆိုတာ ဖြည့်ဆည်းပေးတာ။ လိုတဲ့နေရာမှာ ဖြည့်ဆည်းပေးတာ။ ကျောင်းကြီး ကန်ကြီးတည်မှ ဒါနပြုတာမဟုတ်ဘူး။ ကိုယ့်သား သမီးကို ဖြည့်ဆည်းပေးတာလည်း ဒါန။ ကိုယ့်မိဘကို ဖြည့်ဆည်းပေးတာလည်း ဒါန။ ကိုယ့်ပတ်ဝန်းကျင်ကို ဖြည့်ဆည်းပေးတာလည်း ဒါန။ ကိုယ့်အိမ်မှာ မွေးထားတဲ့ တိရစ္ဆာန်လေးတွေကို ဖြည့်ဆည်းပေးတာလည်း ဒါန။ ဒါနရဲ့ သဘာဝကိုက သူတစ်ပါးကို ပြည့်စုံစေချင်တဲ့ မေတ္တာ။ သူတစ်ပါးကို ဖြည့်ဆည်းပေးချင်တဲ့ စေတနာ။ ဒါနရဲ့ နောက်မှာ တန်ဖိုးမဖြတ်နိုင်တဲ့ မေတ္တာစစ်တွေ စေတနာတွေ ခြံရံထားပါတယ်။ မေတ္တာ၊ စေတနာတွေဟာ ကိုယ့်အကျိုးအတွက် လုပ်တာမဟုတ်ဘူး။ သူများ အကျိုးအတွက် လုပ်တာ။

မိမိတို့ ဘာကြောင့် ဒါနပြုသလဲဆိုရင် အများချမ်းသာဖို့ ဒါန ပြုတယ်။ ပထမအကြိမ်မြောက် သံဃိကဒါန ဆွမ်းဆန်စိမ်းလောင်းလှူတယ်။ အဲဒီတော့ ဒါနဖြစ်တယ်။ အဲဒီဒါနလုပ်လိုက်တော့ ကိုယ်စားဖို့ လှူတာလား၊ သံဃာစားဖို့ လှူတာလား။ သံဃာစားဖို့ လှူတာပါ။ သံဃာ ချမ်းသာဖို့။ သံဃာတော်တွေ ချမ်းသာဖို့အရေး တို့တတ်နိုင်သမျှ ဆောင်ရွက်ပြီးတော့ ဆွမ်းဆန်တော် လှူဒါန်းခြင်းသည် အများအကျိုးအတွက် လုပ်တာ။ အဲဒါလေး သိထားဖို့ လိုပါတယ်။

ဒါနပြုတိုင်း ဒါကတော့ ငါ့အကျိုးအတွက်လုပ်တာမဟုတ်ဘူး။ အများအကျိုးအတွက်လုပ်တာ။ ဒါနပြုတယ်ဆိုတာ အများအကျိုး အတွက်လုပ်တယ်ဆိုတဲ့ အခြေခံအချက်လေးကိုသိမှ တစ်ဆင့်တက်ပြီး ထားရှိရမည့်စိတ်ထား၊ ရွေးချယ်ရမည့် အင်္ဂါရပ်တွေ မှန်မှန်ကန်ကန် ဖြစ်မှာ။

တကယ်လို့များ တို့ပရိသတ်က ဒါနကို ကိုယ့်အကျိုးလို့ စဉ်းစား လိုက်ရင် အလှူခံပုဂ္ဂိုလ် ရွေးချယ်မှုနဲ့ လုပ်ငန်းကိုင်တာ ဆောင်ရွက်တဲ့ လုပ်ရပ်တွေသည်

ဘုရားအလိုတော်ကျ ဖြစ်ချင်မှ ဖြစ်လိမ့်မယ်။ အများသူငါသိထားတာက ကိုယ်လှူရင် ကိုယ်ရမယ်။ ဒါကြောင့် ကိုယ်ချမ်းသာဖို့ ကိုယ်လှူကြတယ်လို့ သိထားတယ်။ ကိုယ့်အတွက် ကိုယ်လုပ်ရတယ်လို့ပဲ ထင်ခဲ့ကြတယ်။

အလှူတစ်ခု လုပ်တော့မယ်ကြံတိုင်း အလှူခံပုဂ္ဂိုလ် ရွေးကြတယ်။ သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို လှူကြတယ်။ အဲဒီလို အလှူခံ ပုဂ္ဂိုလ်ရဲ့ တန်ဖိုးကို ကြည့်ပြီး လှူခြင်းသည် အမြတ်ဆုံး လှူခြင်းမဟုတ်သေးဘူး။ ဘာဖြစ်လို့လဲ။ ကိုယ်ကျိုးကြည့်ပြီး ရွေးချယ်လို့ ပါပဲ။ ဒါနပြုတော့မယ်ဆိုရင် တကယ်လိုအပ်နေတဲ့ နေရာဖြစ်ရဲ့လားလို့ ရွေးချယ်ပါ။ ဒါနပြုတဲ့အခါ ဘုရား ကျောင်းကန် တန်ဆောင်း သိမ် ကထိန် သင်္ကန်း စသည့် သံဃာတော်တွေနဲ့ ဆက်စပ်နေတာကို လှူတာ တစ်ခုတည်းမှ ဒါနဖြစ်တာမဟုတ်ဘူး။ ဒါနဆိုတာ လိုအပ်နေတဲ့ နေရာတိုင်းမှာ ဖြည့်ဆည်းပေးတာကမှ ဒါနဖြစ်တယ်။ အဲဒါကို သိစေချင်တာပါ။

ဗုဒ္ဓဘာသာဖြစ်ပေမယ့် တဖြည်းဖြည်းနဲ့ ဆင်းရဲပြီး ပညာမဲ့တဲ့ သူတွေ များလာတယ်။ လူမျိုးရေးဟာ နိမ့်ကျလာတယ်။ ဘာကြောင့်လဲ။ ဗုဒ္ဓဘာသာဝင်တွေရဲ့အသိဉာဏ်မှာ ဒါနဟာ ငါ့အတွက်လို့၊ ငါ့အကျိုး အတွက် လုပ်ရတာလို့ ကိုယ့်ကျိုးသေချာတဲ့နေရာမှာပဲ ရင်းနှီးမြှုပ်နှံနေ ကြလို့ပါပဲ။ ပြည့်စုံတဲ့သူတွေရဲ့ ထောက်ပံ့မှုကို မျှော်လင့်နေကြတဲ့ မိဘမဲ့ ကလေးငယ်တွေ၊ ကိုယ်လက်အင်္ဂါ မသန်စွမ်းသူတွေ၊ ပညာသင်ကြားလိုသော်လည်း မတတ်နိုင်ကြတဲ့အတွက် ပညာမသင်ရတဲ့ ကလေးတွေကို လှူတဲ့သူတွေက တဖြည်းဖြည်း ရှားလာတယ်။

အလုပ်လုပ်နိုင်တဲ့ ခွန်အားရှိသော်လည်း အလုပ်မရှိလို့ ဆင်းရဲနေတဲ့ လူတန်းစားတွေဟာ တိုင်းပြည်မှာ ကြာလေလေ များလေလေ၊ ဖြစ်လာတယ်။ မြန်မာပြည်က ချမ်းသာပေမဲ့ အခြေခံ လူတန်းစားက ဆင်းရဲတယ်။ လူမျိုးမြင့်မှ ဘာသာ၊ သာသနာမြင့်မယ်။ သာသနာတော်ကြီး တိုးတက်စေချင်ရင် လူမျိုး တိုးတက်အောင် အရင်လုပ်ရမယ်။

လူမျိုးတိုးတက်ဖို့ရာ ခက်သလားဆိုတော့ မခက်ပါဘူး။ အသိလေး တစ်ချက် ပြောင်းလိုက်ရုံပါပဲ။ ဘာအသိလဲ။ ဒါနဆိုတာ သူများရဲ့ အကျိုးစီးပွားကို

ဆောင်ရွက်တဲ့အလုပ်ကို ခေါ်တာပဲ။ အဲဒီလို နားလည်ထားရင် ဘုန်းကြီးတို့ ပရိသတ်ဟာ အလှူခံ ပုဂ္ဂိုလ်ရဲ့ ဂုဏ်ကိုကြည့်ဖို့ မလိုအပ်တော့ဘူး။ အဲဒီပုဂ္ဂိုလ် ဓမ္မာစရိယအောင်တာ မအောင်တာတို့နဲ့ မဆိုင်တော့ဘူးပေါ့။ သီလ၊ သမာဓိ၊ ပညာရှိတာတွေနဲ့ မဆိုင်တော့ဘူး။ Action and Reaction သဘောတရားအရ ငှက်ပျောပင်စိုက်ရင် ငှက်ပျောသီး သီးမယ်။ သရက်ပင်စိုက်ရင် သရက်သီး သီးမယ် သေချာနေတယ်။ ကိုယ့်ရဲ့ကောင်းတဲ့ စေတနာနဲ့ လုပ်လိုက်တဲ့အတွက် မိမိရဲ့ အကြောင်းကောင်းလို့ အကျိုးပေးကောင်းမယ်ဆိုတာ သေသေချာချာ သိတယ်။ အဲဒီလို သိထားမှ မိမိတို့ ပေးလိုက်ကမ်းလိုက်တဲ့ လူကို ငါ့ အကျိုး ရှိပါစေတော့လို့ တကူးတက စိတ်ထားစရာ မလိုဘူး။ သွားရင် ရောက်တယ်။ မရောက်တာဟာ မသွားလို့ပဲ။ ဒါကြောင့်မို့လို့ ကိုယ့်ဘက်ကို ပိုင်ပိုင်နိုင်နိုင် သိထားတာကို ဗုဒ္ဓ ဘာသာတို့ရဲ့ ဒိဋ္ဌိသုံးမျိုးထဲမှာ ကမ္မဿကတာ သမ္မာဒိဋ္ဌိတဲ့။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ အဲဒါကို ပိုင်ပိုင်နိုင်နိုင်သိထားတဲ့ အသိရှိပြီဆိုရင် ပေးချင်တဲ့ သူကိုသာပေးပါ။ ရွေးဖို့လိုသေးလား၊ မလိုတော့ဘူး။

အိမ်ရှေ့လေးမှာ ရေချမ်းစင်လေး တည်ကြတယ်။ ဘယ်လို စိတ်နဲ့ တည်လဲ ဆိုတော့ ရေဆာတဲ့သူတွေ အလိုရှိရင် သောက်ကြပါစေ၊ ရေဆာတဲ့သူတွေလို့ သတ်မှတ်တဲ့အထဲမှာ တို့အမျိုးတွေ သောက်ကြပါစေလို့ ပါရဲ့လား။ မပါပါဘူး။ ပညာတတ်တွေမှ၊ သီလရှိသူတွေမှ သူတော်ကောင်းတွေမှတို့နဲ့ အဆင်ပြေတဲ့ သူတွေမှ ရုပ်ချောတဲ့သူတွေ မှ သောက်ပါစေလို့ ပုဂ္ဂိုလ်အပေါ်မှာ ရွေးချယ်ထား ခြင်း ရှိရဲ့လား။ မရှိပါဘူး။ ဘယ်သူပဲသောက်သောက်လိုတဲ့သူများ သောက်ပါစေ။

စေတနာလေး မွန်မြတ်လိုက်တာ။ သန့်စင်လိုက်တာ။ စိတ်ထားလေး ကြီးကျယ်မြင့်မြတ်လိုက်တာ။ ပုဂ္ဂိုလ်မဖက်ဘူး။ သူ့ကိုမှသာ သောက်ပါစေ၊ ငါ့ကိုမှသာ သောက်စေချင်တယ်ဆိုတာ ကျဉ်းမြောင်းတဲ့ စိတ်ထား။ ရေအိုးလေး တစ်အိုးတည်ထားပေမယ့် စိတ်ထားကတော့ ကြီးကျယ်မြင့်မြတ်တယ်၊ ဒါကြောင့် မို့လို့ ဗုဒ္ဓဘာသာဝင်တိုင်းဟာ ရေချမ်းစင်လေးတည်ပြီးတော့ လှူသကဲ့သို့ပဲ ဘယ်နေရာမှာလှူလှူ ရေချမ်းစင်တည်သကဲ့သို့ လှူရမယ်။ ဘယ်ပုဂ္ဂိုလ်အတွက်လို့

မလှူရဘူး။ ဘယ်သူ့အတွက်လို့ မလှူရဘူး။ အဲဒီလို ပုဂ္ဂိုလ်စွဲနဲ့လှူရင် ကိုယ့်အလှူက ကြီးကျယ်ပေမယ့် ကိုယ့်စိတ်ထားက ကျဉ်းမြောင်းတဲ့အတွက် မမြတ်ဘူး။

ဘုရားဒကာဖြစ်ရတိုင်း၊ ကျောင်းဒကာဖြစ်ရတိုင်း မြတ်တယ် မထင်ပါနဲ့။ တကယ်လိုအပ်တဲ့နေရာမှာ လှူမှသာလျှင် ပီတိက ဖြစ်တာပါ။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သိန်းရာချီပြီး လှူရတာ မရှိဘူးလား။ ရှိပေမယ့် တစ်ခါတစ်ရံ စိတ်ညစ် ရတာ မရှိဘူးလား။ ရှိတယ်။ အဲဒါ ဘာဖြစ်လဲဆိုတော့ မလိုတဲ့နေရာမှာ သွားပြီး လှူမိလို့။

ထမင်းစားနေတဲ့နေရာမှာ စားစရာလေးတွေ လုပ်ပေးထားရင် ပီတိဖြစ် တယ်၊ ပေးတယ်၊ ကမ်းတယ်၊ လှူတယ်ဆိုတာ ပီတိဖြစ်ဖို့ လှူတာ။ ကိုယ့်အတွက် မဟုတ်ဘူးလို့ သိပြီးလှူပါ။ ကိုယ်က အလှူရှင် ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် အဲဒီ သူတစ်ပါးကို ပေးတဲ့ ကမ်းတဲ့သူဟာ ဘယ်တော့မှ မဆင်းရဲဘူးဆိုတာ ပရိသတ် ကြီး သိပြီးသားဖြစ်တယ်။ ဒါနဆိုတာ အတ္တဟိတ မဟုတ်ဘဲ ပရဟိတ။ လှူတိုင်း လှူတိုင်း ဘယ်သူ့ အတွက် လှူရမလဲ။ သူများအတွက် လှူရမယ်။ ကျောင်းဒကာ မဖြစ်လို့ ဝမ်းနည်းစရာမလိုဘူး။ မိမိတတ်နိုင်သမျှ လှူရမယ်။

မိဘနှစ်ပါးဟာ သားသမီးနဲ့ ညီအစ်ကိုမောင်နှမတွေ လုပ်ငန်းကိုင်ငန်း အဆင်မပြေရင် ကိုယ်က အကူအညီပေးနေတာသည် ပရဟိတ လုပ်နေတာပဲလို့ ကျေနပ်စရာ။ အခုတော့ တို့ဗုဒ္ဓဘာသာတွေက ခက်တယ်။ ကျောင်းဒကာလေးမှ လုပ်ချင်တာ။ ညီအစ်မချင်း ပိုက်ဆံချေးရင်တောင် အလကား မချေးချင်ဘူး။ နာမည်ခံတော့ ဘုရားဒကာ၊ ကျောင်းဒကာတဲ့။ တော်တော်လေး စိတ်ပျက်စရာ ကောင်းတာပါ။

ဒါနကို ကိုယ်ကျိုးအတွက်ပြုရင် ဘုရားရှင် မချီးမွမ်းဘူး။ ဘုန်းကြီးကို လှူတာမကောင်းဘူး။ ပြောတာ မဟုတ်ဘူးနော်။ ဘယ်အလှူပဲ လှူလှူပါ။ကိုယ့် အတွက် ကိုယ်ပဲ ထည့်တွက်ရင် မဖြစ်ဘူး။ ဒါနဆိုတာ ကိုယ်ပြည့်စုံဖို့ မဟုတ်ဘူး။ သူပြည့်စုံဖို့ လှူရတာ။ ကိုယ်ချမ်းသာဖို့ လှူရတာ မဟုတ်ဘူး။ သူချမ်းသာဖို့ လှူရတာပါ။ အဲဒီအချက်လေး တစ်ချက်ကို နားလည်သွားရင်ပဲ ဘယ်နေရာမှာ

လှူရမလဲလို့မေးစရာ မလိုတော့ဘူး။

ဘာဖြစ်လို့ ဒါလေးကို ပြောရတာလဲ ဆိုတော့ ဘုန်းကြီးတို့ မြန်မာပြည်မှာ မလိုတဲ့ နေရာတွေမှာ အကုန်လှူတယ်။ လိုအပ်တဲ့ နေရာမှာကျ လှူတဲ့သူ မရှိဘူး။ ငါ့အကျိုးရှိဖို့ လှူနေတာဆိုတော့ အကျိုးမဖြစ်တော့ဘူး။ ရင်းနှီးမြှုပ်နှံသလို ဖြစ်သွားတယ်။

၂၀၀၀ ခုနှစ်လောက်က ဆွစ်ဇာလန်နိုင်ငံသား ဘုန်းကြီးလေး တစ်ပါးနဲ့ တွေ့ဆုံခဲ့တယ်။ သူက ဘာပြောလဲဆိုတော့ အရှင်ဘုရား၊ ဒါနဆိုတာ နိုင်ငံတိုင်းမှာ ရှိပါတယ်တဲ့။ ဘာသာတိုင်းမှာ ရှိပါတယ်။ ဗုဒ္ဓဘာသာမှာသာ ရှိတာမဟုတ်ဘူး။ တစ်ခြား ဘာသာတွေမှာလည်း ရှိပါတယ်။ တစ်ခြားဘာသာတွေကလည်း လုပ်ပါတယ်။

အရှင်ဘုရားတို့လုပ်တဲ့ဒါနက ဘာထူးသလဲတဲ့။ သူများဘာသာက လုပ်တာတွေနဲ့တူသလား၊ မတူဘူးလားတဲ့။ မတူဘူးလို့ ဖြေရမှာ ပေါ့နော်။ သို့သော် ဘယ်လို မတူတာလဲဆိုတော့ ဗုဒ္ဓအလိုကျ ဒါန စစ်စစ်ဖြစ်တယ်ဆိုရင် ဒါနကို ထပ်တိုးရမှာက ပါရမီတဲ့ ဒါနပါရမီ။ ဗုဒ္ဓ ဘာသာတို့ရဲ့ ဒါနက အခြားဘာသာ တွေရဲ့ ဒါနနဲ့ မတူဘူးလို့။ ဗုဒ္ဓဘာသာရဲ့ ဒါနက ပါရမီဒါနဖြစ်တယ်။ ဒါနပါရမီ ဖြစ်တယ်။ ပါရမီဆို တာ မြင့်မြတ်တယ်။ မြင့်မြတ်တဲ့ ဒါနဖြစ်အောင် အချက် ၄ ချက်ရှောင် ပြီးတော့ ပြုရတယ်လို့ မှတ်ပါ။

၁။ တို့လုပ်တဲ့ ဒါနဟာ ဘယ်တော့မှ ရင်းနှီးမြှုပ်နှံမှု မဖြစ်စေရဘူး။

အရင်းအနှီးလုပ်တယ်ဆိုကတည်းက အမြတ်လိုချင်လို့၊ အမြတ်လိုချင် တာဆိုတော့ သူ့အကျိုးလား ကိုယ့်အကျိုးလား။ ကိုယ့် အကျိုးပါ။ ကိုယ့်အကျိုး လိုချင်လို ရင်းနှီးမြှုပ်နှံတယ်ဆိုမှတော့ အဲဒီ ဒါနကို အရကောက်တော့ လောဘပေါ့။ လောဘပါတဲ့ ဒါနဟာ မမြတ် ပါဘူး။ တို့ ဗုဒ္ဓဘာသာဝင်တွေ ရှောင်တာကတော့ အရင်းအနှီးပြုတဲ့ ဒါနမျိုးမလုပ်ဘူး။

၂။ ဒါနလုပ်တာ အပေးအယူလုပ်တာမဟုတ်ဘူး။

အပေးအယူမှာ မျှော်ကိုးတဲ့ သဘောလေး ပါနေတယ်။ ကိုယ့် အကျိုးတွေ ပါနေတယ်။ အဲဒီလိုလုပ်ရင် ဒါနက ပါရမီဒါနမဖြစ်ဘူး။ အလှူဒါနပြုရင် အပေးအယူ သဘောလွတ်ဖို့ လိုတယ်။ ကိုယ့်ဘက်ကပေးပြီး သူ့ဘက်က ဘာပြန်ရမှာလဲ ဆိုတော့ မျှော်လင့်ချက်လုံးလုံး မရှိရပါ၊ မထားရပါဘူး။

၃။ လဲလှယ်လိုမှုနဲ့လည်း မလှူရဘူး။

ဒါနပြုရင် လူချမ်းသာ၊ နတ်ချမ်းသာရတယ်။ အဲဒါကြောင့် အခု တို့ရထားတဲ့ စည်းစိမ်ဥစ္စာတွေကို လှူကြမယ်။ အဲဒီလိုစိတ်နဲ့ လှူရင် တို့ပရိသတ်ဟာ လဲလှယ်လိုမှုနဲ့ ဒါနပြုတာဖြစ်သွားတယ်။ အဲဒါဆိုရင် မြင့်မြတ်တဲ့ ဒါနမဖြစ်တော့ဘူး။

၄။ တို့ပြုတဲ့ဒါနဟာ ဈေးကွက်ကို အမှီပြုတာမဟုတ်ဘူး။

ဈေးကွက်ကို အမှီပြုတယ်ဆိုတာက အကျိုးအမြတ်ရဖို့ ဈေးကွက်ကို ကြည့်နေရတာ။ ဒါနလုပ်တယ်ဆိုတာမှာ ဘယ်နေရာမှာ လှူရင် မြတ်တယ်။ သေချာတဲ့ အကျိုးကို ရမလဲလို့ ကိုယ့်အတွက်ပဲ စဉ်းစားပြီးတော့ လှူတာမဟုတ်ပါ။ ဂုဏ်ရှိတဲ့ နေရာမှာမှ လှူမယ်ဆိုတဲ့ ခွဲခြားစိတ်ဓာတ်က နိမ့်ကျတဲ့ စိတ်ဓာတ်ဖြစ်တာ၊ နိမ့်ကျတဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်ကြောင့် တို့ ဗုဒ္ဓဘာသာတွေ ဆင်းရဲနေတာ။ ဗုဒ္ဓဘာသာ ဖြစ်ရင် ဗုဒ္ဓဘာသာနဲ့ ညီတဲ့ အသိပညာ ဆည်းပူးထားဖို့ လိုတယ်။ ဈေးကွက်ကြည့် လှူရင် ပါရမီ မမြောက်ဘူး။

"လှူတိုင်း လှူတိုင်း လိုတဲ့နေရာမှာ လှူပါ။"

ဆာလောင်နေတဲ့လူကို လှူမှ မြတ်သောဒါန(ပရဟိတ)။ ညောင်ပင်ကြီး လောက် လှူသော်လည်း ညောင်စေ့လောက်ပဲ ရချင်ရမှာ၊ ညောင်စေ့လောက် လှူသော်လည်း ညောင်ပင်ကြီးလောက် ရတတ်တယ်။ လိုအပ်နေတဲ့ နေရာမှာ လှူမှ ကုသိုလ်ပိုရတယ်။ အများချမ်းသာဖို့ ဒါနလုပ်၊ ကိုယ်ချမ်းသာဖို့ ဘာဝနာပွား၊ မိမိ သူတစ်ပါး ချမ်းသာဖို့အတွက် သီလစောင့်ထိန်းကြပါ။

ရွှေမိုးညိုဆရာတော်

## ပဋိသမ္ဘိဒါမဂ် ပါဠိတော် မြန်မာပြန်
## ဝိပဿနာကထာ
## စာမူရှင် မင်းလှမြတ်ထွေး မိတ်ဆက်နှင့် စာမူမိတ်ဆက်

ယခု စာမူရှင် စာရေးဆရာ မင်းလှမြတ်ထွေး ဆိုသူသည် ဘာသာရေးဆိုင်ရာ၊ သာသနာရေးဆိုင်ရာ၊ ကိုယ်ကျင့်တရားဆိုင်ရာ စာပေများကို အဓိကထား ရေးသားလေ့ရှိသော စာရေးဆရာ တစ်ယောက်ဖြစ်ပါသည်။

စာပေနှင့် ပတ်သက်လို့ ထိုသူ၏ စာရေးဟန်မှာ-

* ပ-သုံးလုံး ဝိပဿနာအဖွဲ့ချုပ်၏ အာဒိကမ္မိက ဆရာကြီး ဦးပဂိုဝိ၏ အတ္ထုပ္ပတ္တိစာပေမှာ ထွန်းဖောင်ဒေးရှင်း၏ စာမူဆု ရရှိခဲ့ပါသည်။
* အမှားကြီးကြီး အမိုက်ကြီးကြီး (ကောင်းထွန်း-စာပေ) သာကေတ ထုတ် ကလောင်စုံစာအုပ်တွင် ကလောင်ရှင်တစ်ဦး ဖြစ်သည့်အပြင် ဧရာဝါဒ မဂ္ဂစာမူဆု ၂ ကြိမ်ရခဲ့ပါသည်။
  (ထိုစာပေမျိုးကို ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များ၊ စာကြည့်တိုက်များတွင် ဟောပြောပွဲများ ပြုလုပ်ပေးသင့်သော စာပေများဖြစ်ပါသည်။)
* ဘုရားဟော ဂါထာတန်ခိုး၊ ကိုယ်တွေ့အကျိုးအမျိုးမျိုး စာအုပ် စသည်များ ဖြစ်ပါသည်။ (ရန်အောင်-စာပေ၊ အနော်ကဲ ရန်ကင်း ထုတ်)

## စာမူမိတ်ဆက်

ယခု တင်ပြသော ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော် မြန်မာပြန် "ဝိပဿနာကထာ" စာမူမှာ ဝိပဿနာဟူသော စကားကြားရရုံနှင့်ပင် စိတ်ဝင်စားဖွယ်ကောင်းပြီး လေ့လာကျင့်သုံးထိုက်သော တရားစာ ဖြစ်ပါသည်။

ပိဋကတ်သုံးပုံမှ အနှစ်ချုပ် ဆွဲထုတ်ပြီး ဝိပဿနာ ရှုနည်းကို တင်ပြထားကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

"သင်္ခါရနှင့် နိဗ္ဗာန်" ရှုကွက်တွင် ဖော်ပြထားသည့်အတိုင်း ရှုဆင်ခြင်ပါက အနုလောမဉာဏ်ရ၏။ အနုလောမဉာဏ်က ကျေးဇူးပြုပြီး မဂ်လေးတန်၊ ဖိုလ်လေးတန်ဆိုက်သွားပုံ။

"ခန္ဓာ ၅ ပါးနှင့် နိဗ္ဗာန်" ရှုကွက်တွင် ခန္ဓာ ၅ ပါးကို တော ၄၀ ဖြင့်ရှု၍လည်းကောင်း၊ နိဗ္ဗာန်ကို တော ၄၀ ၏ ဆန့်ကျင်ဘက် အားဖြင့်လည်းကောင်း ရှုကွက်ဖော်ပြီး အားထုတ်ပါက အနုလောမ ဉာဏ်ရ၏။

အနုလောမဉာဏ်က ကျေးဇူးပြုပြီး မဂ်လေးတန်၊ ဖိုလ်လေးတန် ဆိုက်သွားပုံကို ကျမ်းရင်းအတိုင်း တင်ပြထားသည်ကို တွေ့ရပြီး၊ နိဗ္ဗာန် တံခါးကြီးကို ဖွင့်ပြလိုက်သော စာမူတစ်စောင်ဖြစ်ကြောင်း မိတ်ဆက် ပေးလိုက်ပါသည်။

ထို ပဋ္ဌိသမ္ဘိဒါမဂ်ကျမ်းသည် ဝိပဿနာအားထုတ်သူတို့အတွက် အရေးပါသော ကျမ်းတစ်စောင်အဖြစ် ဖော်ညွှန်းထားသည်ကို တွေ့ရှိရ မည်ဖြစ်ပါကြောင်း။

ဦးအောင်ခင်

# ပဋိသမ္ဘိဒါမဂ် ပါဠိတော် မြန်မာပြန် ဝိပဿနာကထာ

**မင်းလှမြတ်ထွေး**

မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ရဟန်းတို့ကို ခေါ်တော်မူ၍ ဤ "ပဋိသမ္ဘိဒါမဂ်၊ ဝိပဿနာကထာ" အား ဟောတော်မူခဲ့သည်။

အပိုဒ် (၃၆) ဝိပဿနာရှုရာတွင် အမှားကိုရှုခြင်း ၄ ချက်နှင့် အမှန်ကို ရှုခြင်း ၄ ချက်ကို ဟောကြားတော်မူခဲ့သည်။

(၁)။ အနည်းငယ်သော သင်္ခါရကို **'မြဲ၏'** ဟု ရှုသည်ရှိသော် မင်္ဂနှင့် လျော်သောအလို 'အနုလောမဉာဏ်' နှင့် ပြည့်စုံခြင်းဖြစ်မည့် အကြောင်းမရှိ။ မင်္ဂနှင့် လျော်သောအလို 'အနုလောမဉာဏ်'နှင့် မပြည့်စုံသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်မည့်အကြောင်းမရှိ။ (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ မသက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုသော်လည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုသော်လည်းကောင်း၊ အနာဂါမိဖိုလ်ကိုသော်လည်းကောင်း၊ အရဟတ္တဖိုလ်ကိုသော်လည်းကောင်း မျက်မှောက်ပြုမည့် အကြောင်းမရှိ။

(၂)။ အလုံးစုံသော သင်္ခါရတို့ကို **'အနိစ္စ'** ဟု ရှုသည်ရှိသော် မင်္ဂနှင့် လျော်သောအလို 'အနုလောမဉာဏ်' နှင့် ပြည့်စုံခြင်းဖြစ်မည့် အကြောင်းသည် ရှိ၏။ မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'နှင့် ပြည့်စုံသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်မည့် အကြောင်းသည် ရှိ၏။ (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုသော် လည်းကောင်း၊ သကဒါဂါမိဖိုလ် ကိုသော်လည်းကောင်း၊ အနာဂါမိဖိုလ်ကို သော်လည်းကောင်း၊ အရဟတ္တ ဖိုလ်ကိုသော်လည်းကောင်း မျက်မှောက်ပြုမည့် အကြောင်းရှိသည်။

(၃)။ အနည်းငယ်သော သခ်ါရကို **'ချမ်းသာ၏'** ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်' နှင့် ပြည့်စုံခြင်း ဖြစ်မည့် အကြောင်း မရှိ။ မဂ်နှင့် လျော်သောအလို 'အနုလောမဉာဏ်' နှင့် မပြည့်စုံသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင် မည့်အကြောင်းမရှိ။ (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ မသက်ဝင် သည်ရှိသော် သောတာပတ္တိဖိုလ်ကို သော်လည်း ကောင်း၊ သကဒါဂါမိဖိုလ်ကိုသော်လည်းကောင်း၊ အနာဂါမိဖိုလ်ကိုသော် လည်း ကောင်း၊ အရဟတ္တ ဖိုလ်ကိုသော်လည်းကောင်း မျက်မှောက်ပြုမည့် အကြောင်းမရှိ။

(၄)။ အလုံးစုံသော သခ်ါရတို့ကို **'ဆင်းရဲ၏'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သောအလို 'အနုလောမဉာဏ်' နှင့် ပြည့်စုံခြင်းဖြစ်မည့် အကြောင်းသည် ရှိ၏။ မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်' နှင့် ပြည့်စုံသည်ရှိသော် (မိမိ အခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်မည့် အကြောင်းသည်ရှိ၏။ (မိမိ အခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကို သော်လည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုသော်လည်းကောင်း၊ အနာဂါမိဖိုလ်ကို သော်လည်းကောင်း၊ အရဟတ္တဖိုလ်ကိုသော်လည်းကောင်း မျက်မှောက်ပြုမည့် အကြောင်းသည် ရှိသည်။

(၅)။ အနည်းငယ်သော သခ်ါရကို **'အတ္တ'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သောအလို 'အနုလောမဉာဏ်' နှင့် ပြည့်စုံခြင်းဖြစ်မည့် အကြောင်းမရှိ။ မဂ်နှင့် လျော်သောအလို 'အနုလောမဉာဏ်' နှင့် မပြည့်စုံသည်ရှိသော် (မိမိ အခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်မည့် အကြောင်းမရှိ။ (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ မသက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကို သော်လည်း ကောင်း၊ သကဒါဂါမိဖိုလ်ကိုသော်လည်းကောင်း၊ အနာဂါမိဖိုလ်ကိုသော် လည်း ကောင်း၊ အရဟတ္တ ဖိုလ်ကိုသော်လည်းကောင်း မျက်မှောက်ပြုမည့် အကြောင်းမရှိ။

(၆)။ အလုံးစုံသော သခ်ါရတို့ကို **'အနတ္တ'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သောအလို 'အနုလောမဉာဏ်' နှင့် ပြည့်စုံခြင်းဖြစ်မည့် အကြောင်းသည် ရှိ၏။ မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်' နှင့် ပြည့်စုံသည်ရှိသော် (မိမိ

အခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်မည့်အကြောင်းသည် ရှိ၏။ (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုသော်လည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုသော်လည်းကောင်း၊ အနာဂါမိဖိုလ်ကိုသော်လည်းကောင်း၊ အရဟတ္တဖိုလ်ကိုသော်လည်းကောင်း မျက်မှောက်ပြုမည့်အကြောင်းသည် ရှိသည်။

(၇)။ နိဗ္ဗာန်ကို **'ဆင်းရဲ၏'** ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်' နှင့် ပြည့်စုံခြင်းဖြစ်မည့် အကြောင်းမရှိ။ မင်္ဂနှင့် လျော်သောအလို 'အနုလောမဉာဏ်' နှင့် မပြည့်စုံသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်မည့်အကြောင်းမရှိ။ (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ မသက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုသော်လည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုသော်လည်းကောင်း၊ အနာဂါမိဖိုလ်ကိုသော်လည်းကောင်း၊ အရဟတ္တဖိုလ်ကို သော်လည်းကောင်း မျက်မှောက်ပြုမည့်အကြောင်း မရှိ။

(၈)။ နိဗ္ဗာန်ကို **'ချမ်းသာ၏'** ဟု ရှုသည်ရှိသော် မင်္ဂနှင့် လျော်သောအလို 'အနုလောမဉာဏ်'နှင့် ပြည့်စုံခြင်းဖြစ်မည့် အကြောင်း သည် ရှိ၏။ မင်္ဂနှင့်လျော်သောအလို 'အနုလောမ ဉာဏ်'နှင့် ပြည့်စုံသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်မည့် အကြောင်းသည် ရှိ၏။ (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုသော် လည်းကောင်း၊ သကဒါဂါမိဖိုလ် ကိုသော်လည်းကောင်း၊ အနာဂါမိဖိုလ်ကိုသော် လည်းကောင်း၊ အရဟတ္တဖိုလ်ကိုသော်လည်းကောင်း မျက်မှောက်ပြုမည့် အကြောင်းသည် ရှိ၏။

အပိုဒ် (၃၇) (၃၈) တို့တွင် ၄၀ သော အခြင်းအရာတို့ဖြင့် မင်္ဂနှင့်လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။ ၄၀ သော အခြင်း အရာတို့ဖြင့် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်၏။

(၁) ခန္ဓာငါးပါးတို့ကို **'မမြဲ'** ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် မြဲ၏'** ဟု ရှုသည် ရှိသော (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၂) ခန္ဓာငါးပါးတို့ကို **'ဆင်းရဲ၏'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် ချမ်းသာ၏'** ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၃) ခန္ဓာငါးပါးတို့ကို **'ရောဂါ'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် အနာရောဂါကင်း၏'** ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၄) ခန္ဓာငါးပါးတို့ကို **'အိုင်းအမာ'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် အိုင်းအမာကင်း၏'** ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၅) ခန္ဓာငါးပါးတို့ကို **'ဆူးငြောင့်'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် ဆူးငြောင့်ကင်း၏'** ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၆) ခန္ဓာငါးပါးတို့ကို **'ညှင်းဆဲတတ်၏'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် ညှင်းဆဲခြင်းကင်း၏'** ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၇) ခန္ဓာငါးပါးတို့ကို **'အနာ'** ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် အနာကင်း၏'** ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၈) ခန္ဓာငါးပါးတို့ကို **'တစ်ပါးတစ်ခြား'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် အကြောင်းတစ်ပါး ကင်း၏'** ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

(၉) ခန္ဓာငါးပါးတို့ကို **'ပျက်စီးတတ်၏'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် မပျက်စီးတတ်သော သဘော ရှိ၏'** ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲ ခြင်းသို့ ဝင်၏။

(၁၀) ခန္ဓာငါးပါးတို့ကို **'ဘေးရန်'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် ဘေးရန်ကင်း၏'** ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၁၁) ခန္ဓာငါးပါးတို့ကို **'ဥပဒ်'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် ဥပဒ်မရှိ'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၁၂) ခန္ဓာငါးပါးတို့ကို **'ဘေး'** ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် ဘေးမရှိ'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၁၃) ခန္ဓာငါးပါးတို့ကို **'နှိပ်စက်တတ်၏'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် မနှိပ်စက်တတ်'** ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၁၄) ခန္ဓာငါးပါးတို့ကို **'တုန်လှုပ်၏'** ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် မတုန်လှုပ်'** ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၁၅) ခန္ဓာငါးပါးတို့ကို **'ကျိုးပျက်တတ်၏'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် ကျိုးပျက်ခြင်းမရှိ'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၁၆) ခန္ဓာငါးပါးတို့ကို **'ခိုင်ခန့်ခြင်းမရှိ'** ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် ခိုင်ခန့်ခြင်းရှိ၏'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၁၇) ခန္ဓာငါးပါးတို့ကို **'မှီခိုရာမဟုတ်'** ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် မှီခိုရာ'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၁၈) ခန္ဓာငါးပါးတို့ကို **'ပုန်းအောင်းရာမဟုတ်'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် ပုန်းအောင်းရာ'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၁၉) ခန္ဓာငါးပါးတို့ကို **'ကိုးကွယ်ရာမဟုတ်'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် ကိုးကွယ်ရာ'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၂၀) ခန္ဓာငါးပါးတို့ကို **'ချမ်းသာသည်မှ ကင်းဆိတ်၏'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် ချမ်းသာမှ မဆိတ်'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၂၁) ခန္ဓာငါးပါးတို့ကို **'အချည်းအနှီး'** ဟု ရှုသည်ရှိသော် မဂ်နှင့်လျော် သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် အချည်းအနှီး မဟုတ်'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

(၂၂) ခန္ဓာငါးပါးတို့ကို **'ပုဂ္ဂိုလ် စသည်မှ သုဉ်း၏'** ဟု ရှုသည် ရှိသော် မဂ်နှင့်လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် သင်္ခါရအားလုံးမှ သုဉ်း၏'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

(၂၃) ခန္ဓာငါးပါးတို့ကို **'အတ္တမဟုတ်၊ အနတ္တ'** ဟု ရှုသည် ရှိသော် မဂ်နှင့် လျော်သောအလို'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် မြတ်သောသဘော ပရမတ္ထ'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

(၂၄) ခန္ဓာငါးပါးတို့ကို **'အပြစ်'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် အပြစ်မရှိ'** ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၂၅) ခန္ဓာငါးပါးတို့ကို **'ဖောက်ပြန်တတ်သော သဘောရှိ၏'** ဟု ရှုသည်ရှိသော် မင်္ဂနှင့် လျော်သောအလို 'အနု လောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် ဖောက်ပြန်တတ်သော သဘော မရှိ'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၂၆) ခန္ဓာငါးပါးတို့ကို **'အနှစ်မဲ့'** ဟု ရှုသည်ရှိသော် မင်္ဂနှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် အနှစ်သာရ'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၂၇) ခန္ဓာငါးပါးတို့ကို **'ညှင်းဆဲခြင်း၏ အရင်းခံ'** ဟု ရှုသည်ရှိ သော် မင်္ဂနှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် ညှင်းဆဲခြင်း၏ အရင်းခံမဟုတ်'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၂၈) ခန္ဓာငါးပါးတို့ကို **'သတ်တတ်၏'** ဟု ရှုသည်ရှိသော် မင်္ဂနှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် မသတ်တတ်'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၂၉) ခန္ဓာငါးပါးတို့ကို **'အထူးထူးဖြစ်တတ်၏'** ဟု ရှုသည်ရှိ သော် မင်္ဂနှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် အထူးထူး မဖြစ် တတ်'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲ ခြင်းသို့ ဝင်၏။

(၃၀) ခန္ဓာငါးပါးတို့ကို **'အာသဝေါတရားတို့၏ အာရုံ'** ဟု ရှုသည်ရှိသော် မင်္ဂနှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် အာသဝေါတရားတို့ ၏ အာရုံမဟုတ်'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၃၁) ခန္ဓာငါးပါးတို့ကို **'ပြုပြင်စီရင်အပ်၏'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် မပြုပြင်အပ်'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၃၂) ခန္ဓာငါးပါးတို့ကို **'မာရ်နှင့်စပ်၏'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် မာရ်နှင့်မစပ်'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၃၃) ခန္ဓာငါးပါးတို့ကို **'ဖြစ်ခြင်းသဘောရှိ၏'** ဟု ရှုသည်ရှိ သော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် ဖြစ်ခြင်းသဘောမရှိ'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၃၄) ခန္ဓာငါးပါးတို့ကို **'အိုခြင်းသဘောရှိ၏'** ဟု ရှုသည်ရှိ သော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် အိုခြင်းသဘောမရှိ'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၃၅) ခန္ဓာငါးပါးတို့ကို **'နာခြင်းသဘောရှိ၏'** ဟု ရှုသည်ရှိ သော် မဂ်နှင့် လျော်သောအလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် နာခြင်းသဘောမရှိ'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၃၆) ခန္ဓာငါးပါးတို့ကို **'သေခြင်းသဘောရှိ၏'** ဟု ရှုသည်ရှိ သော် မဂ်နှင့်

လျော်သောအလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် သေခြင်းသဘော မရှိ'** ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၃၇) ခန္ဓာငါးပါးတို့ကို **'စိုးရိမ်ခြင်းသဘောရှိ၏'** ဟု ရှုသည် ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် စိုးရိမ်ခြင်းသဘော မရှိ'** ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၃၈) ခန္ဓာငါးပါးတို့ကို **'ငိုကြွေးခြင်း သဘောရှိ၏'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် ငိုကြွေးခြင်းသဘော မရှိ'** ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၃၉) ခန္ဓာငါးပါးတို့ကို **'ပြင်းစွာပူပန်ခြင်း သဘောရှိ၏'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် ပြင်းစွာပူပန်ခြင်း သဘောမရှိ'** ဟု ရှုသည် ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

(၄၀) ခန္ဓာငါးပါးတို့ကို **'ညစ်နွမ်းခြင်းသဘောရှိ၏'** ဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို 'အနုလောမဉာဏ်' ကိုရ၏။

ခန္ဓာငါးပါးတို့ချုပ်ခြင်း **'နိဗ္ဗာန်သည် မညစ်နွမ်းခြင်း သဘောရှိ၏'** ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

အပိုဒ် (၃၉) ၏ နိဂုံးတွင် ဤ ၄၀ သော အခြင်းအရာတို့ဖြင့် မဂ်နှင့် လျော်သောအလို 'အနုလောမဉာဏ်' ကိုရ၏။

ဤ ၄၀ သော အခြင်းအရာတို့ဖြင့် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်သောသူအား အနိစ္စာနုပဿနာ အဘာယ်မျှလောက် ရှိသနည်း။ ဒုက္ခာနုပဿနာ အဘာယ်မျှလောက် ရှိသနည်း။ အနတ္တာနုပဿနာ အဘာယ်မျှလောက်

ရှိသနည်း။

အနုတ္တာနုပဿနာ ၂၅ ပါး

အနိစ္စာနုပဿနာ ၅၀ ပါး

ဒုက္ခာနုပဿနာ ၁၂၅ ပါး ရှိ၏ဟု ဆိုအပ်၏။

(ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန်ဝိပဿနာကထာ စာ-၄၇၁ မှ ၄၇၇ အထိ ဖြစ်ပါသည်။)

ကျွန်တော်သည် ခန္ဓာ တစ်ပါးစီကို အနတ္တာနုပဿနာ ၅ ပါး၊ အနိစ္စာနုပဿနာ ၁၀ ပါး၊ ဒုက္ခာနုပဿနာ ၂၅ ပါးနှင့် ရှုပါသည်။

| | | |
|---|---|---|
| ခန္ဓာ ၅ ပါး | × အနတ္တာနုပဿနာ ၅ ပါး | = ၂၅ ပါး |
| ခန္ဓာ ၅ ပါး | × အနိစ္စာနုပဿနာ ၁၀ ပါး | = ၅၀ ပါး |
| ခန္ဓာ ၅ ပါး | × အနတ္တာနုပဿနာ ၂၅ ပါး | = ၁၂၅ ပါး |
| | ၄၀ | = ၂၀၀ ပါး |

ပဋိသမ္ဘိဒါမဂ်၊ ဝိပဿနာကထာ ရှုနည်းအရ ခန္ဓာငါးပါးတို့ကို အနုပဿနာ တစ်ပါးစီရှုကိုင်း၊ ခန္ဓာငါးပါးမှ လွတ်မြောက်သော နိဗ္ဗာန်၏ သဘော တစ်ပါးချင်းစီအား ရှုရခြင်းသည်ကျွန်တော့အတွက် ပို၍ သင့်လျော်သည်ဟု မှတ်ယူပါသည်။ ။

**မေတ္တာစိတ္တေန**

**မင်းလှမြတ်ထွေး**

# ဩကာသ ကန်တော့ခန်း

ဩကာသ၊ ဩကာသ၊ ဩကာသ၊ အစ်န္တေယျ၊ အပ္ပမေယျ၊ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ဟုဆိုအပ်သော ရတနာမြတ် သုံးပါးတို့အား ကာယပဏာမ၊ ဝစီပဏာမ၊ မနောပဏာမတည်းဟူသော သုံးပါးသော ပဏာမတို့ဖြင့် တပည့်တော်သည် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ခြောင်းဖြစ်သော ပဏာမကုသိုလ်ကံ စေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရား ငါးပါးတို့မှ ဘဝဆက်တိုင်း ကင်းလွတ်ငြိမ်းသည်သာဖြစ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် မြတ်သော ပရမတ္ထနိဗ္ဗာန်ကို (ပကတိသာဝကအဖြစ်ဖြင့်) ရရရောက်ရ မျက်မှောက်ပြုရ ပါလို၏ အရှင်ဘုရား။

* ရှိခိုးသောအခါ ပုဆစ်၊ ဒူးနှစ်ဖက်၊ လက်နှစ်ဖက်၊ နဖူးပြင်၊ ဤငါးခုကိုကြမ်း၌ ထိ၍ ရှိခိုးပါ။ ဤငါးမျိုးကို ထိ၍ ရှိခိုးခြင်းကို (ပဥ္စပတိဋ္ဌိတ)ရှိခိုးခြင်းဟုခေါ်သည်။

## အပါယ်စသော တရားများ၏ လင်္ကာ

ရတနာသုံးပါး၊ ဆရာအား၊ ဝပ်တွား ဝန္ဒနာ။
လိမ္မာလိုငြား၊ တပည့်သား၊ မှတ်သားလေကုန်ပါ။
အပါယ်စသား၊ တရားများ၊ သိငြားစေဖို့ရာ။
လင်္ကာသံပေါက်၊ အတိုကောက်၊ မှတ်လောက်ဤသည့်စာ။

## ငရဲရှစ်ထပ် လင်္ကာ

ငရဲ, တိရိစ်၊ ပြိတ်,အသူရာယ်၊
ဤလေးသွယ်၊ မှတ်ဖွယ်ပါယ်လေးရွာ။
ထိုလေးပါးတွင်၊ ငရဲခွင်၊ ရှစ်အင်ပြားသည်သာ။
သိဉ္ဇိုင်း ကာဠ၊ သံဃာတ၊ နှစ်ဝရောရုဝါ။
တာပန်နှစ်ရို၊ အဝီစိ၊ မှတ်ဘိငရဲရွာ။
ငရဲကြီးရှစ်၊ မှတ်တုံလစ်၊ စင်စစ်ကြောက်စရာ။
တောင်ကျွန်းအောက်က၊ တည်နေရ မှတ်ကြ ဤရှစ်ဖြာ။
သောင်းငါးထောင်စီ၊ ဝေးကွာညီ၊ ရှစ်လီငရဲရွာ။

## ငရဲငယ်များ လင်္ကာ

ငရဲငယ်များ၊ သိလိုငြား၊ ပိုင်းခြားမှတ်ပါလေ။
ဘင် ပြာ လက် သံ၊ အစဉ်ရန်၊ လေးတန် ဥဿဒါ။
တစ်မျက်နှာလျှင်၊ လေးလုံးစဉ်၊ ပေါင်းလျှင် ဆယ်ခြောက်သာ။
တစ်ရာနှစ်ဆယ်၊ ရှစ်ခုကယ်၊ မှတ်ဖွယ်ပေါင်းသဒ္ဒါ။

ဒေဝဒူတ၊ သုတ်ဝယ်ပြ၊ သိကြများသိသော။
မီး သံ ပြာ ရေ၊ ဤလေးထွေ၊ မှတ်လေတစ်မျိုးသာ။
ကြေး ဘင် လက်ပံ၊ ကြိမ်ပိုက်မှန်၊ ရှစ်တန်ဥသဘဒါ။
နှစ်ရာ့ငါးဆယ်၊ ခြောက်ခုကယ်၊ သိဖွယ်ပေါင်းသချာ။
လောကပညတ်၊ ကျမ်းဝယ်မှတ်၊ မိန့်အပ်လွန်သေချာ။

ပုဗ္ဗဝိဒေ၊ ပရေဂေါယာ၊ လက်ယာဇမ္ဗူ။
များဗိုလ်လူ၊ မှတ်ယူဥတ္တရာ။
လေးကျွန်းဗဟို၊ တစ်မြင်းမိုရ်၊ ခေါ်ဆိုစကြာသာ။
စကြာသုံးပါး၊ အလည်ကြား၊ တည်ငြားငရဲရွာ။
လောကန္တရာဇ်၊ တစ်မျိုးဖြစ်၊ စင်စစ်မှတ်ကုန်ပါ။

**ဆရာမိဘ၊** ပြစ်မှားက၊ ကျရဧကန်သာ။
တိရိစ်. ပြိတ္တာ၊ အသူရာ၊ တည်ရာမမြဲပါ။
လူ့ဘုံဘဝ၊ တည်နေရ၊ မှတ်ကြည့်သုံးဖြာ။

**လောဘတရား၊** လွန်များပြား၊ ရောက်ငြားဘုံပြိတ္တာ။
**အမျက်ဒေါသ၊** များလေက၊ ကျရငရဲရွာ။
**မောဟတွေတွေ၊** လွန်တွေဝေ၊ ရောက်လေတိရိစ်မှာ။

ဆင်းရဲနွမ်းပါး၊ ပစ္စည်းရှား၊ ပြငြား **လောဘကြောင့်။**
ဆင်းရဲမဟန်၊ အကျည်းတန်၊ မုန်ရန် **ဒေါသကြောင့်။**
အမျိုးယုတ်မှာ၊ ဖြစ်ရရှာ၊ တစ်ဖြာ **မောဟကြောင့်။**

## ကပ်သုံးပါး လင်္ကာ

သတ္ထန်, ရောဂန်၊ ဒုဗ္ဘိက္ခန်၊ မှတ်ရန် သုံးတန်ကပ်။
ဓား တုတ် လှံ့ဘေး၊ တွေ့ကြုံရေး၊ သေဘေး **သတ္ထန်ကပ်။**
အနာရောဂါ၊ နှိပ်စက်ခါ၊ သေရာ **ရောဂန်ကပ်။**
ငတ်မွတ်ခေါင်းပါး၊ အစာရှား၊ သေပြား **ဒုဗ္ဘိက်ကပ်။**

သတ္တဝါများ၊ **ဒေါသပွား၊** ပျက်ပြား **သတ္ထန်ကပ်။**
**မောဟတွေဝေ၊** များဗိုလ်ခြေ၊ ပျက်လေ **ရောဂန်ကပ်။**
**လိုချင်လောဘ၊** အားကြီးက၊ ပျက်ရ **ဒုဗ္ဘိကပ်။**

## ရပ်ပြစ်ရှစ်ပါး လင်္ကာ

ငရဲ, တိရိစ်၊ ပြိတ်,အသညာ၊ အရူပါ၊ မိစ္ဆာထည့်စွက်လေ။
ဣန္ဒြေချို့ပြန်၊ ပစ္စန္တရာဇ်၊ ဤသည်ရှစ်၊ ရပ်ပြစ်လက္ခဏာ။
ဤရှစ်ပါးဖြင့်၊ မဂ်အကျင့်၊ ရခွင့်မရှိပေ။
ဗုဒ္ဓပြတ်စွာ၊ ဒို့ဆရာ၊ မိန့်မှာဟောခဲ့ပေ။

## ရန်သူမျိုးငါးပါး လင်္ကာ

ရေ,မီးနှစ်ဖြာ၊ မင်းပါ,ခိုးသူ၊ မချစ်သူ၊ မှတ်ယူ ရန်သူငါး။
ရန်သူငါးဖြာ၊ ဝေးဝေးကွာ၊ ရှောင်ပါတပည့်သား။
ရန်သူနှင့်မပေါင်း၊ ပျက်စီးကြောင်း၊ ကောင်းကောင်းမှတ်ပါလေ။

## ဝိပတ္တိတရားလေးပါး လင်္ကာ

ကာလ,ဂတိ၊ ဥပဓိ၊ မှတ်ဘိပယောဂ။
ဝိပတ္တိလေး၊ တွေ့ကြုံရေး၊ ကျိုးပေးမကောင်းရာ။
ဆုတ်ကပ်အခါ၊ တွေ့ကြုံလာ၊ မှတ်ပါ **ကာလဝိပ်**။
အပယ်လေးဖြာ၊ ကျရောက်ကာ၊ တစ်ဖြာ **ဂတိဝိပ်**။
ကိုယ်လက်အင်္ဂါ၊ ချို့တဲ့လာ၊ သိပါ **ဥပဓိဝိပ်**။
လုံ့လဝီရိယာ၊ ဆုတ်ယုတ်ကာ၊ ပျက်ရာ **ပယောဂဝိပ်**။

## ဗျသနတရား ငါးပါး လင်္ကာ

ဉာတိ, ဘောဂ၊ နာရောဂါ၊ သီလာထည့်စွက်လေ။
အယူဒိဋ္ဌိ၊ တစ်ပါးထည့်၊ မှတ်ဘိဗျသနေ။
ဆွေမျိုးဖုံဖုံ၊ ပျက်စီးကုန်၊ မှတ်တုံ **ဉာတိဗျာသ်**။
ပစ္စည်းဥစ္စာ၊ ပျက်ပြုန်းကုန်၊ တစ်ဖုံ **ဘောဂဗျာသ်**။
ကိုယ်ကျင့်မမွေ၊ ကင်းကွာပေ၊ မှတ်လေ **သီလဗျာသ်**။
သမ္မာအယူ၊ ဖောက်ပြန်မူ၊ တစ်ဆူ **ဒိဋ္ဌိဗျာသ်**။

ထိုတရားများ၊ ကင်းလိုပြား၊ ပွားများကုသလာ။
ကုသိုလ်ပုညာ၊ ပြုပါက၊ ကောင်းတ နိဗ္ဗာန်သာ။
နိဗ္ဗာန်ပြည်မြတ်၊ အေးဓာတ်၊ ကင်းလတ်ဘေးဘယာ။
မကျဉ်းမကျယ်၊ လင်္ကာခြယ်၊ ဤဝယ်နိဋ္ဌိတာ။

## ဘုရားဂုဏ်တော် ၉ ပါး ပါဠိတော်

ဣတိပိ သော ဘဂဝါ
အရဟံ,
သမ္မာသမ္ဗုဒ္ဓေါ,
ဝိဇ္ဇာစရဏသမ္ပန္နော,
သုဂတော, လောကဝိဒူ,
အနုတ္တရော ပုရိသဒမ္မသာရထိ,
သတ္ထာဒေဝမနုဿာနံ,
ဗုဒ္ဓေါ,
ဘဂဝါ။

## တရားဂုဏ်တော် ၆ ပါး ပါဠိတော်

သွာက္ခာတော ဘဂဝတာ ဓမ္မော,
သန္ဒိဋ္ဌိကော,
အကာလိကော,
ဧဟိပဿိကော,
ဩပနေယျိကော,
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## သံဃာဂုဏ်တော် ၉ ပါး ပါဠိတော်

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော
အာဟုနေယျော, ပါဟုနေယျော,
ဒက္ခိဏေယျော, အဉ္ဇလိကရဏီယော,
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## ဘုရားဂုဏ်တော် ၉ ပါး အနက်

၁။ **သော ဘဂဝါ-** ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ ဣမိနာစ ကာရဏေန-** ပြဟ္မာနတ်လူ သုံးဘုံသူတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း၊ **အရဟံ-** အရဟံ မည်တော်မူပါပေ၏။

၂။ **သော ဘဂဝါ-** ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ ဣမိနာစ ကာရဏေန-** မဖောက်မပြန် သယမ္ဘုဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် ကြွင်းမဲ့ဥဿုံ အလုံးစုံသော သင်္ခတ-အသင်္ခတတရားတို့ကို အကုန်အစင် သိမြင်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ **သမ္မာသမ္ဗုဒ္ဓေါ-** သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏။

၃။ **သော ဘဂဝါ-** ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ ဣမိနာစ ကာရဏေန-** ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း၊ **ဝိဇ္ဇာစရဏသမ္ပန္နော-** ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏။

၄။ **သော ဘဂဝါ-** ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ ဣမိနာစ ကာရဏေန-** စကားဆိုရန် ခွန်းခြောက်တန်တို့တွင် ဟုတ်မှန်ကျိုးကြောင်း စကားကောင်းကိုသာ ပြောဆိုတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ **သုဂတော-** သုဂတ မည်တော်မူပါပေ၏။

၅။ **သော ဘဂဝါ-** ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ ဣမိနာစ ကာရဏေန-** သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟုဆို အပ်သော လောကသုံးဘုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ **လောကဝိဒူ-** လောကဝိဒူ မည်တော်မူပါပေ၏။

၆။ **သော ဘဂဝါ-** ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ ဣမိနာစ ကာရဏေန-** မယဉ်ကျေးသည်ဖြစ်၍ ဆုံးမခြင်းငှာထိုက်သော လူ ယောကျ်ား၊ နတ်ယောကျ်ား၊ ဘီလူးယောကျ်ား၊ တိရစ္ဆာန်ယောကျ်ား တို့ကို အတူမရှိ ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော ဤအကြောင်း ကြောင့်လည်း၊ **အနုတ္တရော ပုရိသဒမ္မ သာရထိ-** အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူပါပေ၏။

၇။ **သော ဘဂဝါ-** ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ ဣမိနာစ ကာရဏေန-** လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း၊ **သတ္ထာဒေဝ မနုဿာနံ-** သတ္ထာဒေဝမနုဿာန မည်တော်မူပါပေ၏။

၈။ **သော ဘဂဝါ-** ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ ဣမိနာစ ကာရဏေန-** သစ္စာလေးပါး မြတ်တရားကို လက်ဝါးပြင်ဝယ် အသာတင်ထား ပတ္တမြားကဲ့သို့ ထင်ရှားပိုင်ပိုင် ကိုယ်တော်တိုင်လည်း သိတော်မူတတ်၊ ကျွတ်ထိုက်သော ဝေနေယျကြာ သတ္တဝါအပေါင်းတို့ကိုလည်း သိစေတော်မူတတ်သော ဤအကြောင်း ကြောင့်လည်း၊ **ဗုဒ္ဓေါ-** ဗုဒ္ဓ မည်တော်မူပါပေ၏။

၉။ **သော ဘဂဝါ-** ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ ဣမိနာစ ကာရဏေန-** ဣသရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တမည် ဘုန်း ခြောက်လီနှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း၊ **ဘဂဝါ-** ဘဂဝါ မည်တော်မူပါပေ၏။

**ဣတိ-** ဤသို့ **နဝဟိ-ဂုဏေဟိ-** အရဟံ အစ ဘဂဝါအဆုံး ရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ **သမ္မန္နာဂတံ-** ပြည့်စုံတော်မူသော၊ **ဗုဒ္ဓံ-** မြတ်စွာဘုရားကို၊ **အဟံ-** တပည့်တော်သည်၊ **သိရသာ-** ဦးခေါင်း ရတနာ မြတ်အင်္ဂါဖြင့်၊ **ဝန္ဒေ-ဝန္ဒာမိ-** ရှိခိုးပါ၏ အရှင်ဘုရား။

## တရားဂုဏ်တော် ၆ ပါး အနက်

၁။ **ဘဂဝတော-** ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ **ဓမ္မော-** ပဋိပတ်, ပဋိဝေဓ တရားနှစ်ပါးတို့၏ အကြောင်းရင်း မူလဖြစ်သော ပရိယတ္တိတရားတော်ကို **သွာက္ခာတော-** ကောင်းစွာမသွေ ဟောကြားတော်မူအပ်ခဲ့ပါပေ၏။

၂။ **ဘဂဝတော-** ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ **ဓမ္မော-** တစ်ထောင့်ငါးရာ ကိလေသာကို ပယ်ခွာစွန့်တတ် လေးရပ်ထွေပြား မဂ်တရားသည်၊ **သန္ဒိဋ္ဌိကော-** ကိုယ်တိုင်ကိုယ်ကြပ် ရှုမြင်အပ် သောတရား မည်တော်မူခဲ့ပါပေ၏။

၃။ **ဘဂဝတော-** ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ **ဓမ္မော-** တစ်ထောင့်ငါးရာ ကိလေသာကို ပယ်ခွာစွန့်တတ် လေးရပ်ထွေပြား မဂ်တရားသည်၊ **အကာလိကော-** အခါမလင့် အကျိုးပေး သောတရား မည်တော်မူခဲ့ပါပေ၏။

၄။ **ဘဂဝတော-** ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ **ဓမ္မော-** မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်သည်၊ **ဧဟိပဿိကော-** လာလှည့် ရှုလှည့်ဟူသော

အစီအရင်ကို ခံတော်မူထိုက်ခဲ့ပါပေ၏။

၇။ **ဘဂဝတော-** ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ **ဓမ္မော-** မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်သည်၊ **ဩပနေယျိကော-** မိမိကိန်းရာ သန္တာန်ကို နိဗ္ဗာန်သို့ ကပ်၍ဆောင်တတ်သော တရားမည်တော်မူခဲ့ပါပေ၏။

၆။ **ဘဂဝတော-** ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ **ဓမ္မော-** မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်သည်၊ **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-** ပညာရှိ အရိယာပုဂ္ဂိုလ်တို့သည် အသီးသီး သိအပ်၊ ခံစားအပ်သော တရားမည်တော်မူခဲ့ပါပေ၏။

**ဣတိ-** ဤသို့၊ **ဆဟိ ဂုဏေဟိ-** သွာက္ခာတတာ အစရှိသော ခြောက်ပါးသော ဂုဏ်တော်တို့နှင့်၊ **သမ္မန္နာဂတံ-** ပြည့်စုံတော်မူသော၊ **ဓမ္မံ-** တရားတော်မြတ်ကို **အဟံ-** တပည့်တော်သည်၊ **သိရသာ-** ဦးခေါင်း ရတနာမြတ်အင်္ဂါဖြင့်၊ **ဝန္ဒေ-ဝန္ဒာမိ-** ရှိခိုးပါ၏ အရှင်ဘုရား။

## သံဃာဂုဏ်တော် ၉ ပါး အနက်

၁။ **ဘဂဝတော-** မြတ်စွာဘုရား၏၊ **သာဝကသံဃော-** တပည့်သားကောင်း ရဟန်းအပေါင်းသည်၊ **သုပ္ပဋိပန္နော-** ကောင်းသော အကျင့်ကိုသာ ကျင့်တော်မူခဲ့ပါပေ၏။

၂။ **ဘဂဝတော-** မြတ်စွာဘုရား၏၊ **သာဝကသံဃော-** တပည့်သားကောင်း ရဟန်းအပေါင်းသည်၊ **ဥဇုပ္ပဋိပန္နော-** ဖြောင့်မတ်သော အကျင့်ကိုသာ ကျင့်တော်မူခဲ့ပါပေ၏။

၃။ **ဘဂဝတော-** မြတ်စွာဘုရား၏၊ **သာဝကသံဃော-** တပည့်သားကောင်း

ရဟန်းအပေါင်းသည်၊ **ဉာယပ္ပဋိပန္နော**- အရိယာမဂ် အကျိုးငှာ ကျင့်တော်မူခဲ့ပါပေ၏။

၄။ **ဘဂဝတော**- မြတ်စွာဘုရား၏၊ **သာဝကသံဃော**- တပည့်သားကောင်း ရဟန်းအပေါင်းသည်၊ **သာမီစိပ္ပဋိပန္နော**- လောကုတ္တရာ တရားကိုးပါးအား လျော်သောအကျင့်ကိုသာ ကျင့်တော်မူခဲ့ပါပေ၏။

**ယုဂနဒ္ဓဝသေန**- အစုံတွဲ့သည်၏ အစွမ်းဖြင့်၊ **ယဒိတံ ယာနိ ပုရိသယုဂါနိ**- အကြင်ယောက်ျားမြတ်အစုံတို့သည်၊ **စတ္တာရိ**- လေးစုံတို့သည်၊ **ဟောန္တိ**- ဖြစ်ကုန်၏။ **ပစ္စေကဝသေန**- အသီးသီး၏ အစွမ်းဖြင့်၊ **တဒိဒံ-တာနိ စတ္တာရိ ပုရိသယုဂါနိ**- ထိုလေးယောက်သော ယောက်ျားမြတ် အစုံတို့သည်၊ **အဋ္ဌပုရိသပုဂ္ဂလာ**- ရှစ်ယောက်သော ယောက်ျားမြတ် ပုဂ္ဂိုလ်တို့သည်၊ **ဟောန္တိ**- ဖြစ်ကုန်၏။

၅။ **ဘဂဝတော**- မြတ်စွာဘုရား၏၊ **ဧသ-ဧသော သာဝက သံဃော**- ဤ တပည့်သားကောင်း ရဟန်းအပေါင်းသည်၊ **အာဟုနေ ယျော**- အဝေးမှသော်လည်း ဆောင်၍ ပေးလှူအပ်သော ဒေယျဓမ္မ ဒါတဗ္ဗဝတ္ထုကို ခံတော်မူထိုက်ခဲ့ပါပေ၏။

၆။ **ပါဟုနေယျော**- ချစ်မြတ်နိုးအပ်သော ဧည့်သည်တို့အား လက်ဆောင် အလို့ငှာ ပေးအပ်သော ဝတ္ထုကို ခံတော်မူထိုက်ခဲ့ပါပေ၏။

၇။ **ဒက္ခိဏေယျော**- မြတ်သောအလှူကို ခံတော်မူထိုက်ခဲ့ပါပေ၏။

၈။ **အဉ္ဇလိကရဏီယော**- လက်အုပ်ချီခြင်းငှာထိုက်တော်မူပါပေ၏။

၉။ **လောကဿ**- သတ္တလောက၏၊ **အနုတ္တရံ**- အတုမရှိသော၊ **ပုညက္ခေတ္တံ**- ကုသိုလ်ကောင်းမှုကည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးဖြစ်ထွန်းရာ လယ်ယာ မြေကောင်းသဖွယ် ဖြစ်တော်မူပါပေ၏။

**ဣတိ**- ဤသို့၊ **နဝဟိ-ဂုဏေဟိ**- သုပ္ပဋိပန္နတာ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ **သမ္မန္နာဂတံ**- ပြည့်စုံတော်မူသော၊ **သံဃံ**- သံဃာတော် အရှင် မြတ်ကို၊ **အဟံ**- တပည့်တော်သည်၊ **သိရသာ**- ဦးခေါင်း ရတနာ မြတ်အင်္ဂါဖြင့်၊ **ဝန္ဒေ-ဝန္ဒာမိ**- ရှိခိုးပါ၏ အရှင်ဘုရား။

## သမထ မှ ဝိပဿနာတက်ပုံ

ယခုလို ဘုရားရှိခိုးနေတာ သမထကမ္မဋ္ဌာန်း စီးဖြန်းနေတာ ဖြစ်ပါသည်။ လောကီကုသိုလ်ရပါသည်။

ဝိပဿနာတက်တော့ ထိုလောကီကုသိုလ်စိတ်ကို အာရုံဘူမိ ထားပြီး ပဋ္ဌာန်းဝိပဿနာရှုနည်းအရ ကုသလ် အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ ဟု ဝိပဿနာရှုလျှင် မဂ်ကုသိုလ် ရပါသည်။

**ဦးရွှေဝင်း (မော်စရိုယ-ဂုဏ်ထူး)**
ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
ဗဟိုစာရင်းရုံး။

### မျက်နှာဖုံးသရုပ်ဖော်

ခေါင်းလောင်းဆိုတာ သူတော်စင်တို့မွေ့လျော်တဲ့ ကျောင်းကန်ဘုရား များမှာသာ တွေ့ရှိရသော သာသနာ့အထိမ်းအမှတ်ပစ္စည်း ဖြစ်ပါသည်။

ရှေးမင်းအဆက်ဆက် ခေါင်းလောင်းကို သမိုင်းဝင်အောင် သွန်း လောင်းပူဇော်ကြသည်။

ထိုခေါင်းလောင်းမှထွက်သောအသံသည် ငြိမ့်ညောင်းသည်၊ ငြိမ်းချမ်း သည်။ သာယာသည်။ ငြိမ်းချမ်းရေးအသံထွက်သော ခေါင်းလောင်းကို ပုံဖော် ထားခြင်း ဖြစ်ပါသည်။

နောက်ခံ မြင်းမိုရ်တောင်နှင့် အဖြူရောင်၊ အပြာရောင်တို့မှာ သတ္တ လောကကြီးကို ကိုယ်စားပြုထားပြီး လောကကြီးတစ်ခုလုံး ငြိမ်းချမ်းရေး အတွက် ရည်ရွယ်ပုံဖော်ထားခြင်းဖြစ်ပါသည်။

## သန္တကသုတ်

၂၃၃။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်-

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ သန္ဒကပရိဗိုဇ်သည် ငါးရာမျှသော ပရိဗိုဇ်ပရိသတ်များနှင့်အတူ ပိလက္ခဂူ၌ နေ၏။ ထိုအခါ အရှင်အာနန္ဒာသည် ညနေချမ်းအခါ ကိန်းအောင်းရာမှ ထလျက် ရဟန်းတို့ ကို "ငါ့ရှင်တို့ လာသွားကြကုန်အံ့။ ဒေဝကတအိုင် ဂူလိုဏ်ကိုကြည့်ရန် ချဉ်းကပ်ကြကုန်အံ့" ဟု မိန့်ဆို၏။ "အရှင်ဘုရား၊ ကောင်းပါပြီ" ဟု၍သာလျှင် ထိုရဟန်းတို့သည် အရှင်အာနန္ဒာအား ပြန်ကြားလျှောက်ထားကုန်၏။ ထိုအခါ အရှင်အာနန္ဒာသည် များစွာသော ရဟန်းတို့နှင့်အတူ ဒေဝကတအိုင်သို့ ချဉ်းကပ်၏။

ထိုအခါ သန္ဒက ပရိဗိုဇ်သည် များပြားသော မဂ်ဖိုလ်မှ ဗီလာ ဖြစ်သော စကားကို ပဲ့တင်ထပ်မျှ ပြင်းပြကျယ်လောင်သော အသံဖြင့် ပြောဆိုလျက် များစွာသော ပရိဗိုဇ်ပရိသတ်နှင့်အတူ နေ၏။ ဤသည်ကား အဘယ်နည်း။ မင်းနှင့်စပ်သောစကား ခိုးသူနှင့်စပ်သောစကား အမတ်ကြီးနှင့် စပ်သောစကား စစ်သည်နှင့်စပ်သောစကား ကြောက်ဖွယ်နှင့် စပ်သောစကား စစ်ထိုးခြင်းနှင့် စပ်သောစကား စားဖွယ်နှင့်စပ်သောစကား သောက်ဖွယ်နှင့် စပ်သောစကား အဝတ်နှင့်စပ်သောစကား အိပ်ရာနှင့်စပ်သောစကား ပန်းနှင့်စပ်သောစကား နံ့သာနှင့်စပ်သောစကား ဆွေးမျိုးနှင့်စပ်သောစကား ယာဉ်နှင့်စပ်သောစကား ရွာနှင့်စပ်သောစကား နိဂုံးနှင့်

စပ်သောစကား မြို့နှင့်စပ်သောစကား နယ်နှင့်စပ်သောစကား မိန်းမနှင့်စပ်သော စကား ယောက်ျားနှင့်စပ်သောစကား[၁] သူရဲကောင်းနှင့်စပ်သောစကား လမ်းနှင့် စပ်သောစကား[၂] ရေခပ်ဆိပ်နှင့်စပ်သောစကား သေလွန်သူနှင့်စပ်သောစကား အထွေထွေနှင့်စပ်သောစကား လောက (အကြောင်း)နှင့် စပ်သောစကား သမုဒ္ဒရာ (အကြောင်း) ကြီးပွားခြင်း ဆုတ်ယုတ်ခြင်းနှင့် စပ်သောစကားတို့တည်း။

သန္ထကပရိဗိုဇ်သည် ကြွလာသော အရှင်အာနန္ဒာကို အဝေးကပင် မြင် လတ်သော် "အရှင်တို့ တိတ်ဆိတ်စွာ နေကြပါကုန်လော့၊ အသံ မပြုကုန်လင့်၊ ရဟန်းဂေါတမ၏ တပည့်ဖြစ်သော ဤရဟန်းအာနန္ဒာသည် ကြွလာနေ၏။ ကောသမ္ဗီပြည်၌ နေကြသမျှသော ရဟန်းဂေါတမ၏ တပည့်သာဝကတို့တွင် ဤ ရဟန်းအာနန္ဒာသည် တစ်ပါးအပါအဝင် ဖြစ်၏။ ထိုအရှင်တို့သည် တိတ်ဆိတ်ခြင်း ကို အလိုရှိကြ၏။ တိတ်ဆိတ်သော မြတ်စွာဘုရားက ဆုံးမထား၏။ တိတ်ဆိတ်ခြင်း ၏ ဂုဏ်ကို ဆိုလေ့ရှိ၏။ ပရိသတ်အသံ တိတ်ဆိတ်နေသည်ကို သိလျှင် ချဉ်းကပ် သင့်သည်ဟု အောက်မေ့တန်ရာ၏" ဟူ၍ မိမိပရိသတ်ကို သေဝပ်စွာ နေရန် ပြောဆို၏။ ထိုသို့ဆိုသော် ထိုပရိဗိုဇ်တို့သည် ဆိတ်ဆိတ်နေကုန်၏။

(အပိုဒ် ၂၂၄ မှ ၂၃၃ အထိ မြှုပ်ထားသည်။)

ထိုရဟန်းသည် ဤသို့ တည်ကြည်သောစိတ် စင်ကြယ်လတ်သော် ဖြူစင် လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှာ အသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက် လတ်သော် **ထိုရဟန်းသည် အာသဝေါတရားတို့ကို ကုန်စေသော 'အာသဝက္ခယ' ဉာဏ် အလို့ငှာ စိတ်ကို ရှေးရှုညွှတ်စေ၏။** ထို(ရဟန်း)သည် ဤကား ဆင်းရဲဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကားဆင်းရဲချုပ်ရာ နိဗ္ဗာန်ဟု ဟုတ်မှန်သော

---

၁။ ဤပါဠိတော်နှင့်သိလက္ခန္ဓဝဂ္ဂပါဠိ (၇) ၌ ပုရိသကထံပေါ။ (သူ၁ ကံက) တို့၌ကား ပါသည်။

၂။ မြို့တွင်းလမ်းကိုဆိုလိုသည်။

အတိုင်း သိ၏။ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား အာသဝတို့ဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား အာသဝတို့ဖြစ်ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား အာသဝတို့ချုပ်ရာ (နိဗ္ဗာန်) ဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား အာသဝတို့ချုပ်ရာ (နိဗ္ဗာန်) သို့ရောက်ကြောင်းအကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤသို့ သိသော် ဤသို့ မြင်သော် ထို(ရဟန်း)၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏။ ဘဝါသဝမှလည်း လွတ်မြောက်၏။ အဝိဇ္ဇာသဝမှ လည်း လွတ်မြောက်၏။ လွတ်မြောက်ပြီးလတ်သော် လွတ်မြောက်ခဲ့လေပြီဟု အသိဉာဏ် ဖြစ်ပေါ်၏။ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ မဂ်ကိစ္စအလို့ငှာ တစ်ပါးသော ပြုဖွယ် မရှိတော့ပြီ" ဟု သိ၏။ သန္ဓက ဤသို့သဘောရှိသော မွန်မြတ်သောတရားကို တပည့်ရစေနိုင်သည့် ဆရာ့ထံ၌ သိနားလည်သော ယောကျ်ားသည် မြတ်သောအကျင့်ဟူ၍ စင်စစ်ကျင့်သုံးရာ၏။ ကျင့်သုံးလျှင်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေနိုင်ရာ၏ဟု (မိန့်ဆို၏)။

၂၃၄။ အရှင်အာနန္ဒာ၊ အာသဝေါကုန်ပြီးသော (မဂ်) အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုပြီးသော ဝန်ကိုချထားပြီးသော ကိုယ်ကျိုးကိုယ်စီးပွားကို ရယူပြီးသော ဘဝသံယောဇဉ် ကုန်ခန်းပြီးသော ကောင်းစွာသိ၍ ကိလေသာမှ လွန်မြောက်ပြီးသော ရဟန္တာရဟန်းသည် ကာမဂုဏ်တို့ကို ခံစားရာသေးသလောဟု (လျှောက်၏)။ သန္ဓက အာသဝေါကုန်ပြီးသော (မဂ်)အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုပြီးသော ဝန်ကိုချထားပြီးသော ကိုယ်ကျိုးကိုယ်စီးပွားကို ရယူပြီးသော ဘဝသံယောဇဉ် ကုန်ခန်းပြီးသော ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာရဟန်းသည် ငါးပါးသော အရာဌာနတို့ကို လွန်ကျူး၍ ကျင့်ခြင်းငှာ မထိုက်ပြီ၊ အာသဝေါကုန်ပြီးသော ရဟန်းသည် စေတနာနှင့်တကွ စေ့ဆော်၍ သတ္တဝါကို သတ်ခြင်းငှာ မထိုက်ပြီ။ အာသဝေါကုန်ပြီးသော ရဟန်း သည် မပေးသည်ကို ခိုးလိုသော စိတ်အစုဖြင့် ယူခြင်းငှာ မထိုက်ပြီ။ အာသဝေါ ကုန်ပြီးသော ရဟန်းသည် မေထုန်အကျင့်ကို မှီဝဲခြင်းငှာ မထိုက်ပြီ။ အာသဝေါ

ကုန်ပြီးသော ရဟန်းသည် သိလျက် မဟုတ်မမှန်သော စကားကို ဆိုခြင်းငှာ မထိုက်ပြီ။ အာသဝေါ ကုန်ပြီးသော ရဟန်းသည် ရှေးလူဖြစ်စဉ်အခါကကဲ့သို့ ဝတ္ထုကာမ ဂုဏ်တို့ကို သိုမှီး၍ မှီဝဲခြင်းငှာ မထိုက်ပြီ။ သန္ဒက အာသဝေါကုန်ပြီးသော (မဂ်) အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုပြီးသော ဝန်ကိုချထားပြီးသော ကိုယ်ကျိုး ကိုယ့်စီးပွားကို ရယူပြီးသော ဘဝသံယောဇဉ် ကုန်ခန်းပြီးသော ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာရဟန်းသည် ဤငါးပါးကုန်သော အရာဌာနတို့ကို လွန်ကျူး၍ ကျင့်ခြင်းငှာ မထိုက်ပြီ။

၂၃၅။ အရှင်အာနန္ဒာ၊ အာသဝေါကုန်ပြီးသော (မဂ်) အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုပြီးသော ဝန်ကိုချထားပြီးသော ကိုယ်ကျိုးကိုယ်စီးပွားကို ရယူပြီးသော ဘဝသံယောဇဉ် ကုန်ခန်းပြီးသော ကောင်းစွာသိ၍ ကိလေသာမှ လွန်မြောက်ပြီးသော ရဟန္တာဖြစ်သော ရဟန်းအား သွားနေစဉ်ဖြစ်စေ ရပ်နေစဉ်ဖြစ်စေ အိပ်နေစဉ်ဖြစ်စေ နိုးကြားနေစဉ်ဖြစ်စေ "ငါ့အား အာသဝေါတရားတို့သည် ကုန်ခန်းကုန်ပြီ" ဟု ဉာဏ်အမြင်သည် အမြဲမပြတ်ရှေးရှုထင်ပါသလောဟု (လျှောက်၏)။ **သန္ဒက သို့ဖြစ်မူ သင့်အား ဥပမာပြအံ့။ ဤလောက၌ ဥပမာဖြင့် ပညာရှိ ယောက်ျားတို့သည် ပြောကြားသော စကား၏ အနက်ကို သိကြကုန်၏။** သန္ဒက ဥပမာအားဖြင့် ယောက်ျားအား လက်ခြေတို့သည် ပြတ်ကုန်၏။ ထို ယောက်ျားအား သွားနေစဉ်ဖြစ်စေ၊ ရပ်နေစဉ်ဖြစ်စေ၊ အိပ်နေစဉ်ဖြစ်စေ၊ နိုးကြားနေစဉ်ဖြစ်စေ "ငါ၏ လက်ခြေတို့သည် ပြတ်ကုန်ပြီ"ဟု အမြဲမပြတ် သိသလော၊ ထိုသို့ မဟုတ် ဆင်ခြင်မှသာ ငါ၏ လက်ခြေတို့သည် ပြတ်ကုန်ပြီဟု သိသလောဟု (မေး၏)။ အရှင် အာနန္ဒာ ထိုယောက်ျားသည် အမြဲမပြတ် "ငါ၏လက်ခြေတို့သည် ပြတ်ကုန်ပြီ" ဟု မသိပါ။ စင်စစ်သော်ကား ဆင်ခြင်မှသာ "ငါ၏လက်ခြေတို့သည် ပြတ်ကုန်ပြီ" ဟုသိပါ၏ဟု (လျှောက်၏)။ သန္ဒက အာသဝေါကုန်ပြီးသော (မဂ်) အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုပြီးသော ဝန်ကိုချထားပြီးသော ကိုယ်ကျိုး ကိုယ်စီးပွားကို ရယူပြီးသော ဘဝသံယောဇဉ် ကုန်ခန်းပြီးသော ကောင်းစွာသိ၍ ကိလေသာမှ လွန်မြောက်ပြီးသော ရဟန္တာဖြစ်သော ရဟန်းအား သွားနေစဉ်ဖြစ်စေ ရပ်နေစဉ်ဖြစ်စေ အိပ်နေစဉ်ဖြစ်စေ နိုးကြားနေစဉ်ဖြစ်စေ "ငါ့အား အာသဝေါတရား

တို့သည် ကုန်ခန်းကုန်ပြီ" ဟု အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုမထင်။ စင်စစ် သော်ကား ဆင်ခြင်မှုသာ "ငါ့အား အာသဝေါတရား တို့သည် ကုန်ခန်းကုန်ပြီ" ဟု သိ၏ဟု (မိန့်ဆို၏)။

၂၃၆။ အရှင်အာနန္ဒာ၊ ဤမေ့ဝိနယ 'သာသနာတော်'၌ ကျွတ်တမ်းဝင်သူ တို့သည် အဘယ်မျှ များပြားကုန်သနည်းဟု (လျှောက်၏)။ သန္ဒက 'သာသနာ တော်'၌ ကျွတ်တမ်းဝင်သူတို့သည် တစ်ရာလည်း မကကုန်၊ နှစ်ရာလည်းမကကုန်၊ သုံးရာလည်းမကကုန်၊ လေးရာလည်းမကကုန်၊ ငါးရာလည်းမကကုန်၊ စင်စစ် အားဖြင့် လွန်စွာများကုန်၏ ဟု (မိန့်ဆို၏)။ အရှင်အာနန္ဒာ အံ့ဩဖွယ် ရှိပါပေစွ၊ အရှင်အာနန္ဒာ၊ မဖြစ်ဖူးမြဲ ဖြစ်ပါပေစွ။ **မိမိတရားကို မမြှောက်တင်၊ သူတပါးတရားကို မနှိမ့် ချဘဲ ရှိတုံဘိ၏။** ရှည်ရှည်လျားလျား တရားဟောခြင်းသာ ဖြစ်တုံဘိ၏။ ထိုမျှလောက် များပြားသော ကျွတ်တမ်းဝင်သူတို့လည်း ထင်ရှားကုန်ဘိ၏။ သားသေ မိခင်၏ သားဖြစ်သော ဤအာဇီဝတို့သည် **မိမိကိုယ်ကိုလည်း ချီးမြှောက်တတ် ကုန်၏။ သူတစ်ပါးကိုလည်း ရှုတ်ချတတ် ကုန်၏။** ကျွတ်တမ်းဝင်သူ သုံးယောက်တို့ ကိုသာ ပြကြကုန်၏။ ဤသူတို့ကား အဘယ်တို့နည်း၊ နန္ဒဝစ္ဆ ကိသသံကိစ္စ မက္ခလိ ဂေါသာလ တို့ပေတည်း ဟု (ပြကြကုန်၏)။ ထိုအခါ သန္ဒကပရိဗိုဇ်သည် မိမိ ပရိသတ်ကို "အချင်းတို့ သင်တို့သည် သွားကြကုန်လော့၊ ရဟန်းဂေါတမ အထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးမှုရှိ၏။ ငါတို့မူကား ယခုအခါ၌ လာဘ် ပူဇော်သကာ အကျော်အစောကို စွန့်လွှတ်ရန် မလွယ်ကူပြီ" ဟု ပြောဆို၏။

ဤသို့လျှင် သန္ဒကပရိဗိုဇ်သည် မိမိ၏ ပရိသတ်အား မြတ်စွာ ဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးရန် လွှတ်လိုက်လေ၏။

မဇ္ဈိမပဏ္ဏာသပါဠိတော် (မြန်မာပြန်)

၃- ပရိဗ္ဗာဇကဝဂ်

## အကောင်းဆုံး အတိုဆုံး အသက်သာဆုံးတရား

ယခုအခါ ဝိပဿနာဘာဝနာ ပွားများရေးလုပ်ငန်းမှာ မြန်မာတစ်ပြည်လုံးသာမက ကမ္ဘာအရပ်ရပ်မှာပါ အနှံ့အပြား တိုးတက်ပွားများအားထုတ်လာသည်ကို လူတိုင်းတွေ့ရှိနိုင်၏။

ထိုကဲ့သို့ ဖြစ်ရခြင်းအကြောင်းရင်းမှာ ဗုဒ္ဓဘာသာတရားတွင် ဝိပဿနာဘာဝနာပွားများခြင်းသည် ဒါနထက်လည်းမြတ်၏။ သီလ ထက်လည်းမြတ်၏။ သမထထက်လည်းမြတ်၏။ ဒုက္ခအပေါင်းမှ ကင်းလွတ်စေ၏။ အပါယ်လေးပါးတံခါးကို တိကျစွာ ပိတ်စေ၏။ ဗုဒ္ဓ ဘာသာတရားတော်တွင် အထွတ်အထိပ်ဖြစ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ရောက်ရှိရေးတွင် အကောင်းဆုံး၊ အတိုဆုံး၊ အသက်သာဆုံးနည်းလမ်း ဖြစ်ခြင်းကို ရှင်တော်ဘုရားသည် ထိုထိုသော ပါဠိတော် အရပ်ရပ်တို့တွင် အကြိမ်ကြိမ်အထပ်ထပ် ညွှန်ကြားပြသတော်မူခဲ့ခြင်းကြောင့် ဖြစ်လေသည်။

ထို့ကြောင့် ဝိပဿနာဘာဝနာ ပွားများရေးကျင့်စဉ်ကို မြန်မာလူမျိုးတို့သာလျှင် လေ့ကျင့်ပွားများနေသည်မဟုတ်။ နိုင်ငံခြားသားများပင် မြန်မာပြည်သို့ လာရောက်လေ့ကျင့်ပွားများအားထုတ်သည်ကို တွေ့ရှိရလေသည်။

(ဦးပဏ္ဍိုင်၊ ဝိပဿနာဘာဝနာ နှစ်စောင်တွဲ)

## တိုက်တွန်းစန်း
## မ-သုံးလုံးဆရာတော် ဦးဇောတိက၏ တိုက်တွန်းမှု

* ဆွမ်းကောင်းစားလို အင်္ဂုတ္တိုရ်ကိုကြည့်။

* စကားပြောကောင်းလို ပဏ္ဏာသ ၃ ကျမ်းကိုကြည့်။

(မူလပဏ္ဏာသ၊ မဇ္ဈိမပဏ္ဏာသ၊ ဥပရိပဏ္ဏာသ၊

မြတ်စွာဘုရား စကားပြောနည်းသင်ပေးသော ကျမ်းများ။)

* ပရိပိုဇ်တွေ၊ နိဂဏ္ဌ၊ ဂျိန်း၊ တိတ္ထိ သူကြွယ် အာဇီဝတက္ကတွန်း၊ ပြဟ္မဏတွေက သူတို့တတ်ထားတဲ့ အယူဝါဒတွေကို တို့ရှင်ဂေါတမအား မေးလိုက်လို့ရှိလျှင် ရှင်ဂေါတမဖြေဆိုနိုင်မှာမဟုတ်ဘူး။ အထင်ဖြင့် မေးလိုက်ကြတာ အယူဝါဒမျိုးမျိုးပဲ။

မြတ်စွာဘုရားက ဥပမာ၊ ဥပမေယျတွေနဲ့ ပြပြီး ပြောလိုက်တဲ့ စကားဟာ မိမိလည်း ဘုရားနှင့်အတူတူ နေရသလို ခံစားနိုင်သည်။ စကားပြောသင်တန်း တက်နေရသလို အောက်မေ့ရသည်။

စကားပြောရုံတင်မဟုတ်။ တရားပါပြပြီး ဆုံးမလိုက်သောအခါ ထိုဘာသာခြားအယူသမားတွေ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော ဥပသကာ အဖြစ်မှတ်ယူပါဟု ဝန်ခံသွားကြသည်။

ဝစ္ဆဂေါတ္တပရိဗိုဇ်ဆိုလျှင် မြတ်စွာဘုရားက အခြားဘာသာမှ ဗုဒ္ဓဘာသာ ဝင်လိုလျှင် ပရိဝါသ် ၄ လ ကျင့်သုံးရသည်ဟု ပြောသောအခါ ၄ နှစ်ကျင့်သုံးပါမည်ဟု ဝန်ခံ၍ ရဟန်းပြုကျင့်သုံးလိုက်တာ ရဟန္တာ တစ်ပါး ဖြစ်သွားသည်။

ထပ်ဆင့်တိုက်တွန်းချက်။ ။ ပဏ္ဏာသ သုံးကျမ်း၊ မြန်မာပြန်ကို ဝယ်ယူပူဇော်ပြီး ဘုရားစင်ပေါ်တင်၍ ကြည်ညိုနေရုံဖြင့် မမှုစေတီ တည်ရာရောက်ပါသည်။ မိမိလည်း ကြည့်ဖြစ်ဖို့ အထမြောက်ပါသည်။

# နိကာယ်ငါးရပ်
## တိပိဋကဆရာတော် အရှင်ဝိစိတ္တ
## ၁၄-၃-၁၉၈၅

နိကာယ်ဆိုသည်မှာ နိကာယဟူသော ပါဠိမှ ဆင်းသက်လာသော မြန်မာစကားဖြစ်ပါသည်။ မြတ်စွာဘုရားဟောကြွန်ကြားအပ်သည့် တရားစကားတော်အပေါင်းကို စုရုံး၍ ပါဠိလို နိကာယ၊ မြန်မာလို နိကာယ်ဟူ၍ ခေါ်ဆိုခြင်းဖြစ်ပါသည်။ (မြတ်စွာဘုရား၏ တရားစကားတော်အပေါင်းဟု ဆိုလိုပါသည်။)

မြတ်စွာဘုရား၏ တရားစကားတော်အပေါင်းတည်းဟူသော နိကာယ်ကို သဘောတူရာ သူ့အစုနှင့်သူ ခွဲဝေလိုက်သောအခါ (က) ဒီဃနိကာယ်၊ (ခ) မဇ္ဈိမနိကာယ်၊ (ဂ) သံယုတ္တနိကာယ်၊ (ဃ) အင်္ဂုတ္တရနိကာယ်၊ (င) ခုဒ္ဒကနိကာယ်ဟူ၍ ဖြစ်လာပါသည်။ (၅ စုထား၍ သံဂါယနာတင် အရှင်သူမြတ်တို့ သံဂါယနာတင်တော်မူ စုပေါင်းရွတ်ဆိုတော်မူခဲ့ကြပါသည်။)

(က) ဒီဃနိကာယ်- ရှည်လျားသော ဘုရားစကားတော် (သုတ္တန်) အပေါင်းကို ဒီဃနိကာယ်ဟူ၍ ခေါ်ဆိုပါသည်။ ထိုနိကာယ်၌ သုတ္တန်ပေါင်း ၃၄ သုတ်၊ စာအုပ်အရေအတွက် ၃ အုပ် ရှိပါသည်။

(ခ) မဇ္ဈိမနိကာယ်- မရှည်မတို အလယ်အလတ်ဖြစ်သော ဘုရားစကားတော် သုတ္တန်အပေါင်းကို မဇ္ဈိမနိကာယ်ဟု ခေါ်ဆိုပါသည်။ ထို မဇ္ဈိမနိကာယ်၌ သုတ္တန်ပေါင်း ၁၅၂ သုတ်၊ စာအုပ်အရေအတွက် ၃ အုပ်ပင် ရှိပါသည်။

(ဂ) သံယုတ္တနိကာယ်- နတ်ပြဟ္မာ(ဒေဝတာ)အား ဟောသော သုတ္တန်၊ နတ်သား(ဒေဝပုတ္တ)အား ဟောသောသုတ္တန်၊ ကောသလမင်းအား ဟောသော သုတ္တန်အစု စသည်ဖြင့် တရားခံဖြစ်ကြသည့် ပုဂ္ဂိုလ်များ တူရာတူရာ တရားသဘော

တူရာတူရာ ဟောကြားအပ်သည့် သုတ္တန်အပေါင်း ဝဂ်အပေါင်း စသည်တို့ကို စုပေါင်းယှဉ်တွဲ၍ သံဂါယနာ တင်အပ်သော ဘုရားစကားတော် (သုတ္တန်) အပေါင်းကို သံယုတ္တနိကာယ်ဟူ၍ ခေါ်ဆိုပါတယ်။ ထိုသံယုတ္တနိကာယ်၌ သုတ္တန်ပေါင်း ၇၇၆၂ သုတ်၊ စာအုပ်ရေ ၃ အုပ်ပင် ရှိပါတယ်။

(ဃ) အင်္ဂုတ္တရနိကာယ်- မြတ်စွာဘုရား ဟောတော်မူသော တရားတော်ဟာ ဝေနေယျအလိုက် တရားတစ်မျိုးတစ်မျိုး ဟောတဲ့ သုတ္တန်တွေလည်း ရှိပါတယ်။ တရားနှစ်မျိုး စသည်ဟောအပ်တဲ့ သုတ္တန် တွေလည်းရှိပါတယ်။ ထိုသို့ရှိခဲ့ရာ. . . တရားတစ်မျိုးတစ်မျိုးတို့ကို ဟောအပ်တဲ့ သုတ္တန်ပေါင်း (ဘုရားစကားတော်ပေါင်း)ကို ဧကင်္ဂုတ္တရ နာမည်နဲ့ သံဂါယနာ စုပေါင်းတင်ခဲ့ပါတယ်။ တရားနှစ်မျိုး နှစ်မျိုးတို့ကို ဟောအပ်တဲ့ သုတ္တန်ပေါင်း (ဘုရားစကားတော်ပေါင်း)ကို ဒုကင်္ဂုတ္တရ၊ တရားသုံးမျိုးသုံးမျိုးတို့ကို ဟောအပ်တဲ့ သုတ္တန်ပေါင်း (ဘုရားစကားတော်ပေါင်း)ကို တိကင်္ဂုတ္တရ နာမည်နဲ့၊ တရားလေးမျိုးလေးမျိုးဟောအပ်တဲ့ သုတ္တန်ပေါင်း (ဘုရားစကားတော်ပေါင်း)ကို စတုကင်္ဂုတ္တရ နာမည်နဲ့ သံဂါယနာ စုပေါင်းတင်ခဲ့ပါတယ်။ အဲဒီနည်းအတိုင်းပင် တရားငါးမျိုး ခြောက်မျိုး ခုနစ်မျိုး ရှစ်မျိုး ကိုးမျိုး ဆယ်မျိုး ဆယ့်တစ်မျိုး ဟောအပ်တဲ့ သုတ္တန်ပေါင်း (ဘုရားစကားတော်ပေါင်း)ကို ပဉ္စကင်္ဂုတ္တရ စသည်ဖြင့် သံဂါယနာ စုပေါင်းတင်ခဲ့တယ်။ ၎င်းတို့ကို စာပေနယ်၌ "အင်္ဂုတ္တရ ဆယ့်တစ်ကျမ်း" လို့လည်း ခေါ်တယ်။ "အင်္ဂုတ္တရနိကာယ် ဆယ့်တစ်ကျမ်း" လို့လည်းခေါ်တယ်။ သုတ္တန်ပေါင်းက (၉၅၅၇) သုတ် ရှိ၍ စာအုပ်အထူကြီး ၃ အုပ်ပင်ရှိပါတယ်။

(င) ခုဒ္ဒကနိကာယ်- ဆိုပြီးခဲ့တဲ့ နိကာယ်ကြီး ၄ ရပ်မှ ကြွင်းကျန်တဲ့ ဘုရားစကားတော် (သုတ္တန်)အပေါင်းကိုတော့ ခုဒ္ဒကနိကာယ်ဟု ခေါ်ဆိုပါတယ်။ (ဒီဃနိကာယ်လိုလည်း မရှည်လျား၊ မဇ္ဈိမနိကာယ်လိုလည်း အလယ်အလတ် မဟုတ် တိုတိုတုတ်တုတ် ဘုရားစကားတော် (သုတ္တန်) အပေါင်းဟု ဆိုလိုပါတယ်။

အဲဒီ ခုဒ္ဒကနိကာယ်စာရင်းဝင် ဘုရားစကားတော် (သုတ္တန်) အပေါင်းထဲက သဘာဝမှန်ရှိတဲ့အတိုင်း သဘာဝမှန်တရားအတိုင်း ဦးတည်ပြီး ဟောကြားခဲ့တဲ့

ဘုရားစကားတော်တွေက စာအုပ်ရေ ၁၂ အုပ် ရှိပါတယ်။ ကျမ်းအနေနဲ့ အဘိဓမ္မာ ခုနစ်ကျမ်းလို့လည်း ခေါ်ပါတယ်။ ထိုခုနစ်ကျမ်း အုပ်ရေ ၁၂ အုပ်ရှိတဲ့ ဘုရား စကားတော်တွေကိုတော့ အဘိဓမ္မလို့ ခေါ်တဲ့ အလွန်နက်နဲသော တရားတွေကို စုပေါင်းပြီး ဟောထားခဲ့တဲ့ တရားရတနာဘောင်းကြီးသဖွယ်ဖြစ်လို့ အဘိဓမ္မပိဋက လို့ ခေါ်ပါတယ်။

အခုပြောခဲ့တဲ့အဘိဓမ္မာ ၇ ကျမ်း (အုပ်ရေ ၁၂ အုပ်)နဲ့ ဝိနည်း ၅ ကျမ်း (အုပ်ရေ ၅ အုပ်)က ကျန်တဲ့ ကျမ်းအနေအားဖြင့် ၁၅ ကျမ်း (စာအုပ် ၁၁ အုပ်) ရှိတဲ့ ဘုရားစကားတော် (သုတ္တန်)အပေါင်းကိုသာ ပရိယတ္တိစာပေနယ်မှာ ခုဒ္ဒက နိကာယ် ၁၁ အုပ်လို့ ခေါ်ဆိုကြပါတယ်။

ဝိနည်း ၅ ကျမ်းနဲ့ အဘိဓမ္မာ ၇ ကျမ်းကို "ခုဒ္ဒကနိကာယ်"ပါလို့ မနည်း ပြောယူရပါတယ်။ စာအုပ်နယ်ပယ်ထဲမှာလည်း ဒီဝိနည်း ၅ ကျမ်းနဲ့ အဘိဓမ္မာ ၇ ကျမ်းတို့ကို ခုဒ္ဒကနိကာယ်လို့ သိပ်ပြီး အသုံးအနှုန်း ဝေါဟာရ မပြုကြဘူး။ ထားပေါ့တော့။ ကျန်တဲ့ ၁၁ အုပ်ကိုသာ ခုဒ္ဒကနိကာယ်လို့ သာသနာမှာ အသုံး အနှုန်း ဝေါဟာရများပါတယ်။

နိကာယ်ဆိုတာ ဘုရားစကားတော်တွေကို သဘောတူရာ စုပေါင်းပြီး သံဂါယနာ ၆-ကြိမ်တိုင်တိုင် တင်ထားခဲ့တဲ့ ဘုရားစကားတော်အပေါင်း (စာအုပ် ၄၀) ကို နိကာယ်လို့ ခေါ်တာပါ။

အဲဒီ နိကာယ်ခေါ်တဲ့ တရားရတနာတွေသည် ယနေ့ ဗုဒ္ဓဘာသာဝင် ဖြစ်ကြတဲ့ ရဟန်းတော်တွေရော ရှင်တွေရော လူတွေရော အားလုံးရဲ့ဆရာ ဘုရား တွေ ဖြစ်ကြပါတယ်။

အခြားဘာသာဝင်များ "မင်းတို့ဘုရား ရှိရဲ့လား" လို့မေးရင် "နိကာယ်ငါးရပ် ဆိုတဲ့ ပိဋကတ် ဓမ္မက္ခန္ဓာတွေဟာ ကျွန်ုပ်တို့ရဲ့ ဘုရားတွေ၊ ကျွန်ုပ်တို့ကို အမြဲတမ်း ဩဝါဒပေးနေတဲ့ ဘုရားပေါင်း ရှစ်သောင်း လေးထောင်"လို့သာ လက်ညှိုးထိုးပြ ကြပါ။

## ပိဋကတ် ၃ ပုံ၊ နိကာယ် ၅ ရပ်
## ဆရာဘုရားအဖြစ် မှတ်ယူရန်

### ပိဋကတ် ၃ ပုံ

၁။ ဝိနည်း ၅ ကျမ်း
(ဝိနယပိဋကတ်
အဓိသီလသိက္ခာကိုပြ၏။
အစ၏ ကောင်းခြင်းကိုပြ၏။
ဝီတိက္ကမကိလေသာပယ်ခြင်း
ကိုပြ၏။)

၁- ပါရာဇိကဏ်ပါဠိတော်
၂- ပါစိတ်ပါဠိတော်
၃- စူဠဝါပါဠိတော်
၄- မဟာဝါပါဠိတော်
၅- ပရိဝါပါဠိတော်

၂။ သုတ် ၃ ကျမ်း
(သုတ္တန္တပိဋကတ်
အဓိစိတ္တသိက္ခာကိုပြ၏။
အလယ်၏ ကောင်းခြင်းကိုပြ၏။
ပရိယုဋ္ဌာနကိလေသာပယ်ခြင်း ကိုပြ၏။)

၁- သုတ်သီလက္ခန်ပါဠိတော်
၂- သုတ်ပါထေယျပါဠိတော်
၃- သုတ်မဟာဝါပါဠိတော်

၃။ အဘိဓမ္မာ ၇ ကျမ်း
(အဘိဓမ္မပိဋကတ်
အဓိပညာသိက္ခာကိုပြ၏။
အဆုံး၏ ကောင်းခြင်းကိုပြ၏။

၁- ဓမ္မသင်္ဂဏီ
၂- ဝိဘင်း
၃- ဓာတုကထာ
၄- ပုဂ္ဂလပညတ်

| | |
|---|---|
| အနုသယကိလေသာပယ်ခြင်း | ၅- ကထာဝတ္ထု |
| ကိုပြ၏။) | ၆- ယမိုက် |
| | ၇- ပဋ္ဌာန်း |

## နိကာယ် ၅ ရပ်

| | | |
|---|---|---|
| ၁။ | ဒီဃနိကာယ် | ဒီ |
| ၂။ | မဇ္ဈိမနိကာယ် | မဇ် |
| ၃။ | သံယုတ္တနိကာယ် | သံ |
| ၄။ | အင်္ဂုတ္တရနိကာယ် | အင် |
| ၅။ | ခုဒ္ဒကနိကာယ် | ခုဒ် |

| | | |
|---|---|---|
| ၁။ ဒီဃနိကာယ် ၃- အုပ် | ၁- သုတ်သီလက္ခန် | ဒီ-၁ |
| | ၂- သုတ်ပါထေယျ | ဒီ-၂ |
| | ၃- သုတ်မဟာဝါ | ဒီ-၃။ |
| မဇ္ဈိမနိကာယ် ၃- အုပ် | ၁- မူလပဏ္ဏာသပါဠိတော် | မ-၁ |
| | ၂- မဇ္ဈိမပဏ္ဏာသပါဠိတော် | မ-၂ |
| | ၃- ဥပရိပဏ္ဏာသပါဠိတော် | မ-၃ |

| | | |
|---|---|---|
| ၃။ သံယုတ္တနိကာယ် ၃ အုပ် | ၁- သံယုတ်ပါဠိတော် ပ-အုပ် | သံ-၁ |
| | ၂- သံယုတ်ပါဠိတော် ဒု-အုပ် | သံ-၂ |
| | ၃- သံယုတ်ပါဠိတော် တ-အုပ် | သံ-၃ |

**သံယုတ် ၅ ကျမ်း**

၁- သဂါထာဝဂ္ဂ သံ ၁

၂- နိဒါနဝဂ္ဂ သံ ၂

၃- ခန္ဓဝဂ္ဂ သံ ၃

၄- သဠာယတနဝဂ္ဂ သံ ၄

၅- မဟာဝဂ္ဂ သံ ၅

၄။ အင်္ဂုတ္တရနိကာယ် ၃ အုပ် ၁- ဧကမှ စတုက္က ပ-အုပ် အံ-၁

၂- ပဉ္စကမှ သတ္တက ၃ အုပ် အံ ၂

၃- အဋ္ဌကမှ ဧကာဒသက တ-အုပ် အံ-၃။

ခုဒ္ဒကနိကာယ် ၁- ဓမ္မသင်္ဂဏီပါဠိတော် ခု-၁

၂- ဝိဘင်းပါဠိတော် ခု-၂

၃- ဓာတုကထာပါဠိတော် ခု-၃

၄- ပုဂ္ဂလပညတ်ပါဠိတော် ခု-၄

၅- ကထာဝတ္ထုပါဠိတော် ခု-၅

၆- ယမိုက်ပါဠိတော် ခု-၆

၇- ပဋ္ဌာန်းပါဠိတော် ခု-၇

၈- ဝိနည်း ၅ ကျမ်း ခု-၈

၉- ပဋိသမ္ဘိဒါမဂ်ပါဠိတော် ခု-၉

ဓမ္မပဒပါဠိတော်

စရိယာပိဋကပါဠိတော်

ဗုဒ္ဓဝံသပါဠိတော်

အပါဒါန်ပါဠိတော်

ပေဋကောပဒေသပါဠိတော်

သုတ္တနိပါတ်ပါဠိတော်

ဣတိဝုတ်ပါဠိတော်

နေတ္တိပါဠိတော်

အကျယ်ကို ပိဋကတ်မြန်မာပြန်များတွင်ရှု။

## ဝိပဿနာဆရာကြီး ဦးပဏ္ဍိုင် ၏ တရားဟောနည်း ဥပဒေသတစ်ပုဒ်

ကိုယ်တော်၊ ပလ္လင်ပေါ်ကနေ တစ်ပါးတည်း ကြိုက်သလို ဟောခွင့်ရှိသည်။ ကိုယ်တော့်ကို ဘယ်သူမှ ဂိုးဖမ်းမည့်သူမရှိဘူး။ အဲဒါမှ ဂိုးဝင်အောင် မသွင်းနိုင်ဘူး ဆိုလျှင် ကိုယ်တော်ညံ့လို့ပဲ ဖြစ်ရမည်။

## ပ–သုံးလုံး ဆရာတော် ဦးဇောတိက ၏ တရားဟောနည်း ဥပဒေသတစ်ပုဒ်

အရှင်ဘုရားတို့ တရားဟောသည့်အခါ ကျမ်းဂန်မလွတ်အောင် ဟောပြောဖို့ လိုပါသည်။ ဟောပြောချက်တွေဟာ ကောင်းလာပြီးမှ တစ်ချက်လေး ကျမ်းဂန်လွတ်သွားတာနှင့် နွားနို့တစ်ပိုင်းသာထဲ မစင်တစ်ပဲသားကျသွားလျှင် သွန်ပစ်ရတဲ့ဆီ ရောက်သွားသည် ကဲ့။

## မ–သုံးလုံး ဆရာတော် ဦးဇောတိက ၏
## တရားနာနည်း ဥပဒေသတစ်ပုဒ်

တရားနာတဲ့အခါ ငါးဟင်းစားသလိုပေါ့။ ငါးဟင်းစားလျှင် အရိုးဖယ်ပြီး အသားစားကြတာပဲ။ မကြိုက်တာကိုဖယ်ပြီး ကြိုက်တာကို မှတ်သားနာယူလျှင် အကျိုးရှိပါသည် တဲ့။

## ရဟန်းသံဃာကြည်ညိုနည်းကို သင်ကြားပြသပါသည်

ရဟန်းသံဃာကို ကြည်ညိုလိုလျှင် ရုပ်သေးပွဲကြည့်သလို အဝေးကကြည့်မှ ကောင်းသည်။ အနားကပ်ကြည့်လျှင် ကြိုးတွေရှုပ်နေလို့ ကြည့်မကောင်း။ ရဟန်း သံဃာကို ကြည်ညိုလျှင် အဝေးက ကြည်ညိုပါ တဲ့။

## စာကြည့်တိုက်

အမှားအမှန်၊ ဝေဖန်ပိုင်းခြား၊
သုတပွားကာ၊ သစ္စာအမြင်၊
ကြည်လင်စေရန်၊ စာပေအမြိုက်၊
ပညာသိုက်သို့၊ ညွှန်ပြဆိုက်ဆိုက်၊
စာကြည့်တိုက်။

ဦးပဂိုဝ်

## မန်ကြွားလွှာ

* ကုန်းသာမြေပေါ်၊ သွားရသော်လည်း၊
မတော်တိမ်းညွတ်၊ သတိလွတ်၍၊
ချော်ချွတ်ယိမ်းယိုင်၊ ထိန်းမနိုင်ဘဲ၊
မခိုင်လဲကျ၊ ဖြစ်တတ်လှ၏။

* စိတ်ထားသေးနုပ်၊ လူညံ့ယုတ်ကား၊
ကွင်းထုတ်ကွေ့ရှောင်၊ ရယ်သွမ်းဆောင်လျက်၊
ပြောင်လှောင်ပျက်ရယ်၊ ပြုကြလွယ်လည်း၊
စိတ်ထည်(ထယ်)ကြီးမား၊ လူကြီးများကား၊
ထောက်ထားစာနာ၊ သနားညာ၍၊
ကူကာဖေးမ၊ ထူပေးကြသို့၊
ရှုဆစေချင်၊ ဤကျမ်းတွင်လည်း၊
မှားမြင်စွက်ပယ်၊ ကိုယ့်ကျမ်းနှယ်သို့၊
ချယ်လှယ်စေကြောင်း၊ ခွင့်ပန်တောင်းသည်၊
နောင်ကောင်းစေဖို့ မှာတမ်းတည်း။

ဦးဝင်းအောင်
(သ စ အ- ဓမ္မာစရိယ)
ကမ္ဘာအေး။

* ဆရာနည်းမှီ၊ ကျွန်ုပ်သည်လည်း
ထိုနည်းရင်း၊ ခွင့်ပန်တောင်း၏။

ဦးအောင်ခင် - ဓမ္မာစရိယ



# ဦးအောင်ခင်၏ ဘဝသမိုင်းအကျဉ်း

မိဘ ဦးဘိုးအေး ၊ ဒေါ်နုက်

မွေးသက္ကရာဇ် ၁၂၉၄ ခုနှစ်၊ နတ်တော်လဆန်း (၇)ရက်။ (၄. ၁၂. ၁၉၃၂)

ဇာတိ ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ ကြက်တူရွေးခေါင်းရွာ။

ပညာသင်ခဲ့ရပုံ ၁၉၃၇ ခု၊ အင်္ဂလိပ်ခေတ် ဆရာမဒေါ်သိန်းတင်

၁၉၄၀ ခု၊ ဂျပန်ခေတ် ဆရာဦးမောင်ညွှန့်၊

ကျောင်းလခ တစ်နှစ် ငပါး ၃ တင်းနှင့် မြန်မာသင်ပုန်းကြီး။

၁၉၄၂-၁၉၄၆၊ ဆရာတော် ဦးဝိသုဒ္ဓ၊ တကောက်ကျောင်း။ ဆရာတော် ဦးဉာဏဝံသ၊
ဝင်းကောက်ကျောင်း။ ကျောင်းတော်သားလက်စွဲ ဆယ်စောင်တွဲ၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း။
၁၉၄၈ ခု၊ ကွင်းမြူနစ်ရန်ကြောက်လို့ထွက်ပြေးပြီး
ခရမ်း ကိုင်းကုန်းပါဠိတက္ကသိုလ် ဆရာတော် ဦးသုဒဿန ထံ ငယ်၊ လတ်၊ ကြီး အောင်။
၁၉၅၃ ခု၊ မြေနီကုန်း၊ ဘုရားတောရ ပါဠိတက္ကသိုလ်ဆရာတော် ဦးနာဂဝံသ
(ဆဋ္ဌသံဂါယနာအကျိုးဆောင်)ထံ ကျမ်းရင်း ၃ ကျမ်း၊ ဋီကာထူး ၂ ကျမ်းအောင်။
သာသနဇောတိကပဝရမဟာဓမ္မာစရိယ ဘွဲ့ရ။
ဆဋ္ဌသံဂါယနာသံဂီတိကာရက၊ ဘာဏကတာဝန်။ ခေတ်ပညာ H.S.F အောင်။
၁၉၆၂ မှ ၁၉၉၂ (သစ်လုပ်ငန်းဝန်ထမ်း)။
၁၉၈၆ ခုနှစ်မှ ယခုထိ ပ-သုံးလုံး ဝိပဿနာသင်တန်းတက်ခဲ့ရလို့
"သံသရာထွက်ပေါက် နိဗ္ဗာန်သို့ " ဆိုတဲ့ သဘောကို

အတ္တိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံနိဗ္ဗာန်
တသ္မာဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတိ ။

ဣတိဝုတ် ပါဠိတော် အရ သိခွင့်ရပြီး ငါ့ဘဝအရေးတော်လေစွဟု
ဝမ်းမြောက်မိတော့သည်။ ယခုအခါ မြောက်ဒဂုံနေအိမ်တွင် ကိုယ့်အိမ်ရာကိုယ်နေ
ကိုယ့်ထမင်းကိုယ်စား ကိုယ့်တရားကိုယ် အားထုတ်နေရပါတော့သည်။